


သျှင်
ဥက္ကဋ္ဌ

ပြုစုသော

# ဗုဒ္ဓမှတ်ကျောက်

၁၉၆၃-ခု၊ဒီဇင်ဘာလ
အုပ်ရေ-၃၀၀၀

ထုတ်ဝေသူ -ဦးစိုးဝင်း(မှတ်ပုံတင်အမှတ် ၉၃)
မြန်မာ့ဗျူဟာစာအုပ်တိုက်
၆၂-ဗိုလ်ချုပ်လမ်း၊ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးစိုးဝင်း(မှတ်ပုံတင်အမှတ် ၃၀၆)
မြန်မာ့ဗျူဟာစာအုပ်တိုက်
လုပ်သားကိုယ်ပိုင်အုပ်ချုပ်ရေးကော်မတီ၊
၆၂-ဗိုလ်ချုပ်လမ်း၊ရန်ကုန်မြို့။

ဖြန့်ဝေသူ -ရွှေပြည်တန်စာပေတိုက်၊(မှတ်ပုံတင် ၉၄)
၁၂-နှင်းပန်းလမ်း၊ရေကျော်၊ရန်ကုန်မြို့။

## စကားဦး

ဤစာအုပ်ကို ရိုက်နှိပ်ခြင်းမပြုမီ အချိန်အတော်ကြာ ကစ၍ ဆရာတော် အသျှင်ဥက္ကဋ္ဌ သည်မအားမလပ်ပေ။

ရန်ကုန်နယ်နိမိတ်တလျှောက်မှာပင်ဆရာတော်၏တရားပွဲများကြားရက် မရှိအောင် ဒလစပ်လိုလိုဖြစ်နေ၏။

ဆရာတော်အမြဲသီတင်းသုံးရာတောင်တွင်းကြီးနတ်မှီတောရသို့ပြန်လည် မချည်းကပ်နိုင်သည်ပင် အတော်ကြာလှပြီ ရန်ကုန်နေ ရပ်ကွက် အတော်များ များက တရားပွဲများချီးမြှင့်ရန် ပင့်ဖိတ်ထားကြရာ အစီအစဥ်များဆက်တိုက်ကြီး လိုဖြစ်နေ၏။

ထိုအတွင်းနယ်မြို့ အရပ်ရပ်မှလည်းပင့်လျှောက် စာများရောက်နေ၏။ အချို့မြို့များက လူကိုယ်တိုင်လိုက် လာပြီးဆရာတော်ကို ကြွရောက် ဟောပြော ရန်ပင့်လျှောက်ကြပြန်သည်။အလွန်ဝေးသော ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့မှ ပင်လျှောက်ထားနေဆဲဖြစ်၏။

တရားပွဲများစီစဥ်ရေးအတွက် ကော်မတီတခုကိုပင်ဖွဲ့၍ လွှဲအပ်ထား ရသည်အထိဆက်နေသည်။ထိုကော်မတီကသာ ဆရာတော်၏ တရားပွဲများကို ဦးဆောင် စီစဥ်လျက်ရှိ၏။ရန်ကုန်နယ်နိမိတ်ထက် လွန်သော တရားပွဲများကို ဤစာအုပ် စက်တင်ပုံနှိပ်နေသည့် အချိန်အထိကား ဝမ်းနည်းစွာနှင့် ဆိုင်းငံ့ထား နေရသည်။

ထိုကြောင့် ယခုစာအုပ်ပါ စာသားများကိုပင် ဆရာတော်သည် ကောင်းစွာတည်းဖြတ်ရန်အချိန်မရရှာပေ။

ယခုစာအုပ်ပါ တရားစာသားများကား လွန်ခဲ့သော၁၉၆၂ ခုနှစ် နွေဦး ကာလက ဒေးဒရဲမြို့ ကွင်းကျောင်း၌ ဟောခဲ့သောတရားထဲမှ ကောက်နှုတ်ချက် တရားတပုဒ် ဖြစ်၏။

ထိုဒေးဒရဲ၌ ဆရာတော်သည် ရက်ပေါင်း ၂၀ မျှ ဆက်တိုက်လို ညစဥ် ဓမ္မစကြာတရားတော်များကို ဟောပြောခဲ့၏။

ထိုတရားထဲမှပင် လွန်ခဲ့သောနိုဝင်ဘာလက “**အသင်လူသားဘာမှား နေသလဲ**”ဟူသောအမည်ဖြင့်တရားတစ်ပုဒ်ကို ကောက်နှုတ်ပုံနှိပ်ခဲ့ပြီးဖြစ်သည်။

ယခုတဖန်လည်း ထိုဒေးဒရဲမြို့ တရားထဲမှာပင် နောက်ထပ်တပုဒ် ကောက်နှုတ်တင်ပြလိုက်ရပြန်သည်။ ဤတရားကို "ဗုဒ္ဓမှတ်ကျောက်" ဟု

ကင်ပွန်းတပ်လိုက်ရ၏။ အမှန်ကား ကေသမုတ္တိသုတ်ခေါ် ကာလာမမင်းသား တို့အား ဗုဒ္ဓဘုရားရှင်ဟောတော်မူခဲ့သော တရားအသီးသီးဟောသမျှ ပြောသမျှ တွေကို မှတ်တိုက်ကြည့်နိုင်ရန်ဟောသော အစွဲဆယ်ချက် တိုက်ဖျက်ရေးတရား တော်ကြီးဖြစ်ပါသည်။

ဆရာတော်သည် အမြဲအားဖြင့် ဓမ္မစကြာ တရားတော်ကိုသာ အဓိက ထား၍ ဟောလေ့ရှိ၏။ထိုကြောင့်လည်း ဓမ္မစကြာဆရာတော်ဟူ၍ပင် အချို့က ပြောကြသည်။

ယင်းသို့ ဓမ္မစကြာကိုဆရာတော်သည် ဦးတည်၍ ဟောရခြင်းဖြင့် အဖွင့်အဓိပ္ပါယ်သီးခြားမဖြစ်စေရဘဲ ဘုရားသုတ်ပေါင်းများစွာကို ဆီဆိုင်သလို သွင်းညှပ် ဟောပြောသွားလေ့ရှိပေသည်။

ယခုကေသမုတ္တိသုတ်သည်လည်းဆရာတော် ဓမ္မစကြာ ကိုဟောစဉ်က သွင်းညှပ်ဟောပြောသွားသောအတိုင်း အသံသွင်း စက်မှတဆင့် ကူးယူတင်ပြ လိုက်ရခြင်း ဖြစ်ပါသည်။

ထိုကြောင့်ယခု "ဗုဒ္ဓမှတ်ကျောက်" တရားသည်ဆရာတော်ရေးခဲ့သော ဗုဒ္ဓစာချွန်တော်နှင့် တရားမူခြင်းတူထဲကပင်ဖြစ်ပါ၏။သို့ရာတွင် အဖွင့်အဟော တွင် အရေးနှင့်မတူဘဲ ဆရာတော်ဟောနေစဉ်နာယူကြရ သကဲ့သို့သာ ဖြစ်နေ ပေလိမ့်မည်။ ဗုဒ္ဓဘာသာသည် ကမ္ဘာလူသားတို့အတွင်းသို့ တစ်စိမ့်စိမ့် ပြန့်ပွား နေလျက်ရှိနေပြီ၊ဗုဒ္ဓဘုရားရှင်၏တရားအသွင်နှင့် ဆင်တူရိုးမှား တွေသည်လည်း ထိုတစ်စိမ့်စိမ့်ပြန့်ပွားနေသော တရားတော်များ၏နောက်မှ တကောက်ကောက် လိုက်ပါနှောင့်ယှက်လျက် ရောနှောစွက်ဖက်လျက်ရှိနေသည်။

ဧကန်အားဖြင့် ဗုဒ္ဓဘုရားရှင်၏ အဓိကတရားတော်သည် သံသရာမှ လွတ်မြောက်ရေးသာလျှင် ပဓာနအရင်းခံဖြစ်၏။ဗုဒ္ဓ၏ပဌမဆုံး ဟောချတော်မူ လိုက်သော မိဂဒါဝုန် တရားတော်ဖြစ်သည့် ဓမ္မစကြာနှင့် အနတ္တလက္ခသုတ် ၂ပုဒ် သည် သံသရာမှထွက်မြောက်ရေး ကိလေသာမှ ပြတ်စင်ရေး သက်သက် တွေ ချည်းသာလျှင်ဖြစ်သည်။

သို့ရာတွင် မသိမသာ ပါဠိသံပါပါနှင့်ဝင်လာသောသံသရာ၌ ကျင်လည်ရေးနှင့် ကိလေသာ၌ ခံစားရေးတရားတွေလည်း ဒုနှင့်ထပ်၍ ပေါ် ပေါက်ခဲ့လေသည်။တနည်းထိုးသွင်းလိုက်ကြလေသည်။

သံသရာဟူသည် ဒုက္ခ၏ဝဲသြဃသာဖြစ်၏၊ သံသရာကမလွတ်သမျှ ဒုက္ခမှမလွတ်မြောက်ဖြစ်သည်။ အလိုလိုနှင့်မလွတ်မြောက်နိုင်ရသည့် တဝဲ

လည်လည် ဝဲသြဃတွင်ကိလေသာအစုံက နယ်ကတရားတွေက ဝန်ထုပ် ဝန်ပိုးပမာထပ်ဆင့်တွယ်ကပ်လာကြသောအခါ စုံးစုံးမြုပ်ဖို့မှတပါး အခြားဘာမျှ မရှိနိုင်တော့ပေ။

ထို့ကြောင့်ဆရာတော်သည် ကိလေသာ ဝန်ထုပ်တွေတထွေးကြီး ဆင့်ခါ ဆင့်ခါတင်ပြီး သံသရာ ဝဲဂယက်၌ သွက်သွက်လယ်အောင် စုံစုံမြုပ်ကုန်ရမည့် အရေးကိစ္စကို တွန်းလှန်သောအားဖြင့် မဂ္ဂင်နှင့်သစ္စာကို အဓိကထားသောဓမ္မကို အရေးတကြီး ဖွင့်ထုတ်ဟောပြောနေရခြင်း ဖစ်လေသည်။

ဆရာတော်၏ တရားပွဲ ပုံသဏ္ဍာန်သည် အကဲခတ်တကလျှင်ရှင်းနေ၏၊ ကန်တော့ပွဲဟူ၍ ဗလာ၊ ရေစက်ချဟူ၍ နတ္ထိ၊ဆုပေးဆုတောင်းဟူ၍ ဝေလာဝေး၊ မျှော်လင့်ချက်ဟူ၍ တခုမျှ မဟော၊ အချောက်အလှန့်ဟူ၍ တလုံးတပဒမျှ မညှပ်၊ အမှန်ကိုအမှန်တိုင်းတာလျှင် သိရန်ဖြစ်သော ဓမ္မသက်သက်ကိုသာ ထင်ထင်လင်းလင်း ရှင်းရှင်းကြီးဟောပြောသွားလေ့ရှိပေသည်။

တရားနာပရိပ်သတ် ဘက်မှလည်းအလွန်ကိစ္စအေးလှ၏၊ လွတ်လွတ် လပ်လပ် မိမိတို့အနေအထိုင် ချမ်းသာသလိုနာယူနိုင်၏ ကိုယ့်ကြောင့် တဘတ်သား ပုဂ္ဂိုလ်များ၏ငြိုငြင်ဆင်းရဲမှု မကျေမနပ်မှု တစုံတရာကိုမျှ ဆရာတော်သည် မဖြစ်စေလိုပေ။

ဆရာတော်၏ ဤမျှမပြတ်မနား ဟောဆိုရခြင်း၏ အရင်းခံအာသီ တကား အမှန်လာ အမှားလာ အတ္တလား အနတ္တလား ဆိုတာကို သဘောပေါက် ရန်သာ အရေးတကြီးထားပေသည်။

ဟိတ်ဟန် ထုတ်မှု ပကာသန စွက်ဖက်မှုမျိုး ဟူသည်ကား အရိပ် အငွေ့မျှ မသန်းပေ။

ရိုးရိုးရှင်းရှင်းနှင့် ပြကတော့ ဘွင့်ဘွင့်ကြီးဖြစ်၏၊ ဟောသမျှတရား ထုတ်ဆောင်းသမျှ သာဓကတွေသည် ဘုရားရှင်၏ မဂ္ဂနှင့် သစ္စာ ၄ ချက်၏ ဘောင်မှ တချက်မျှမလွှတ်ဖြစ်သည်။

ဆရာတော်သည် ဓမ္မစကြာကိုသာ လက်စွဲတရားတော်အဖြစ် အစဉ် ဟောသော်လည်း တနေရာနှင့် တနေရာအဖွင့် ဝဏ္ဏနာချင်း မတူဖြစ်သည်။

မူရင်းအနေနှင့်သာ မဂ္ဂင်နှင့် သစ္စာကို မူတည်သော်လည်း ယင်းသို့ ဓမ္မစကြာကို ဖွင့်ဆိုဟောပြောရင်းအကြောင်းမှ ဘုရားဟော ပါဠိအစစ်များသာ လျှင်ဖြစ်သော သုတ်ပေါင်းများစွာကို သာဓက တင်ဆောင်ဖေါ်ထုတ် လာလေ့ ရှိ၏။

ဆရာတော်၏တရားပွဲများ၌ ထူးခြားချက်တခုရှိ၏၊ ၎င်းမှာတရားနိဂုံးချုပ်ပြီးသော အချိန်တွင် ဗုဒ္ဓတရားတော်များမှ မရှင်းသော ပြဿနာများဝိဝါဒဖြစ်နေသော အချက်များကို လျှောက်ထားဆွေးနွေးခွင့်ပြုလေသည်။

ဤကိစ္စကား လွယ်ကူသေးငယ်သော ကိစ္စမဟုတ်ချေ၊ တင်ပြသမျှပြဿနာအရပ်ရပ်သည် အလွန်ရှုပ်ထွေးနက်နဲသော သဘောများပါလေ့ရှိပေသည်။

တစ်နေရာ၌ ဒကာတစ်ဦးသည် လျှောက်ထားမေးမြန်း၏။

ဆရာတော်ဘုရား မြတ်စွာဘုရားအလောင်းဟာ ဘုရားမဖြစ်မီကာလက ဟိုတုသိတာနတ်ပြည်မှာ သေတကေတု နတ်သားဖြစ်တယ်တဲ့ ဘုရားပွင့်ဘို့ အချိန်တန်လာတော့ နတ်မင်း ဗြဟ္မာမင်းများက ဝိုင်း၍တောင်းပန်တော့မှ မယ်တော်မာယာရဲ့ ဝမ်းပိုက်သို့ ဘုရားဖြစ်ရန် လူ့ပြည်သို့ ကူးပြောင်းရတယ်လို့ ဆိုတော့ ဘုရားအလောင်းဟာ ဝိညာဏ်ဆက်လာကြောင်း ထင်ရှားသလိုဖြစ်နေပါတယ်။

ယခုတပည့်တော်များ သိရပြန်တာက ဆက်မှား ပြတ်မှား မှားနှစ်မှားဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိနှင့် သဿတဒိဋ္ဌိ နှစ်မျိုးနဲ့ ဒီဗုဒ္ဓဝင်ပါ စကားသွားဟာ ဘယ်လိုလွတ်ပါ့မလဲဘုရားတဲ့။

ထိုအခါမျိုးတွင် ဆရာတော်သည်လွယ်လွယ်လေးဖြေချလိုက်၏။

ဒကာကြီးဗုဒ္ဓဝင်ဆိုတာကဘုရားပွင့်ပြီးနောက် နှစ်ပေါင်း၉၀၀လောကရှိမှ သီဟိုက ရှင်ဗုဒ္ဓဒတ္တဆိုတဲ့ ရဟန်းတော် တပါးရေးတဲ့ စာဘဲ။ တကာကြီး အဲဒီရှင်ဗုဒ္ဓဒတ္တဆိုတာလဲဘုရားပွင့်လိုက်တာမှီတဲ့ပုဂ္ဂိုလ် မဟုတ်ဘူး၊ ရှေးဗုဒ္ဓဝင် ပါဠိတော် အချို့ကို မှီပြီး ရေးတာဘဲ။

အဲဒါကို ဒီဗမာပြည်က ကျီးသဲလေးထပ်ဆရာတော်ကြီးတို့က တခါ ဗမာလိုပြန်ကြတာလဲရှိရဲ့၊ တကာကြီး ကြိုက်သလိုသာဆုံးဖြတ်၊ကျုပ်အနေနဲ့ကတော့ နတ်ပြည် ဗြဟ္မာပြည် ငရဲပြည်ဆိုတာရှိတယ်လို့လက်ခံ ယုံကြည်နေတဲ့ ဘုန်းကြီးလဲမဟုတ်ဘူး၊ " လူသေလူဖြစ်"ဆိုတဲ့ ဘုန်းကြီးမို့ ထောင်ထဲထောင်၁၀လ၊ ၁၁လလောက် ရောက်သွားခဲ့ရတဲ့ ဘုန်းကြီးဆိုတော့ ဒီစကားမျိုး ကျုပ်ကိုမေးရင် တကာကြီးကြိုက်တဲ့အဖြေကိုရမယ်မဟုတ်ဘူးအဲဒီဘုန်းကြီး(သို့မဟုတ်)စာအုပ်ရေးတဲ့ပုဂ္ဂိုလ်များသာ မေးပေရော့။

ဤသို့ဖြေလိုက်သောအခါ တကာလည်းမလှုပ်သာ မတတ်သာတော့ပေ၊ အကယ်၍သာ ဤနေရာမျိုး၌ ဆရာတော်အသျှင်ဥက္ကဋ္ဌကို မဂ္ဂင်နှင့်သစ္စာ၌ဘောင်ဝင်သောတရားမှအပ အခြားအဆိုအမိန့်များကို ပယ်စွန့်မထားဘဲ

စာအုပ်ပါစကားများ၌ အစွဲအယူသန်နေသော ပုဂ္ဂိုလ်မျိုးဖြစ်ပါက အတော်ကြီးသော အခက်အခဲမျိုးနှင့် ရင်ဆိုင်စရာပင် ရှိနိုင်ပေလိမ့်မည်၊ ဆရာတော်၏ အလိုအားဖြင့်မူ ရှုထုတ်နေသော လေသာလျှင် တပြင်တည်း ဆက်စပ်နေခြင်းသာ ဖြစ်လေသည်။

ထိုလေနှင့်တဆက်တည်း မဟာဘူတ ရုပ်များသည် စားသောက်စွန့်ပယ်ခြင်း စသောကိစ္စဖြင့်ဣန္ဒြိယဗဒ္ဓရုပ်အဖြစ်နှင့် အနိန္ဒြိယဗဒ္ဓရုပ်များအပြန်ပြန်အလှန်လှန်ချာလည်လိုက်ခါ ရုပ်နာမ်ဓမ္မသခါရတို့ ဖြစ်ပျက်ပြုပြင်ပြောင်းလဲနေသည်ကို ဟောပြလေ့ရှိသည်။

နောက်တစ်နေရာ၌ လူငယ်တစ်ဦးကလျှောက်ပြန်သည်။

ကမ္ဘာအစဟာ ပြဟ္မာကြီးတွေကစတယ်လို့ဆိုပါတယ် ဟုတ်ပါသလား ဆရာတော်။

ဟ ပြဟ္မာကစတယ် ဘာတယ်တဲ့ တရားတွေက ဘုရားမပွင့်မီနှစ်ပေါင်း ၁၀၀၀ကျော်က ဗျေးဝေဒပုရမ်ကျမ်းတွေအလိုဘဲကွ အဲဒါမျိုးတွေကို ဒို့ဗုဒ္ဓဘုရားရဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလဲယုံတာ်ဘဲ အဲဒါဘုရားလက်ထက်ကျတော့ ပုဏ္ဏားတွေ ရောမာလုကျပုတ္တတို့ရော ဘုရားကို ကမ္ဘာဘယ်ကစသလဲ သိရဲ့လား ဆိုတဲ့အနေနဲ့ မေးခဲ့လျှောက်ခဲ့ဘူးတယ်ကွ။

ဒီတုန်းက ဘုရားက ဘာမှမဖြေဘူး အဲ ဘုရားဖြေတာဘာလဲ အခုမင်းမေးနေတဲ့ အမေးဟာ ဒီလူတွေအခုတွေကြုံခံစားနေရတဲ့ ဒုက္ခက လွတ်မြောက်ရေးနှင့် ဘာဆိုင်သလဲတဲ့ ဥပမာ- မင်းရင်ဝကို မြှားတစ်ခုလာစိုက်မှန်ရင် ဒီမြှားဟာ ဘာသားနဲ့လုပ်ထာလဲ ဘာဝါးမျိုးဖြစ်သလဲ အရှေ့ကပစ်သလား၊ အနောက်ကပစ်သလား၊ ပစ်တဲ့လူ ဘာပုဏ္ဏားမျိုးလည်း ယောကျ်ားလား မိန်းမလားဆိုတာတွေ လုပ်မနေနဲ့ အဲဒါတွေလုပ်နေရင် သေသွားလိမ့်မယ် အဲ အခုမင်းတို့ဟာက မာလုကျပုတ္တမေးသလို ဖြစ်နေပြီ။

ဒီလောကလူသားတွေမှာ ဒုက္ခတွေဝိုင်းနေတဲ့ လူသားဖြစ်တယ် ဒီဒုက္ခတွေဝိုင်းပြီးခံနေရတဲ့ ဒီသံသရာက မင်းလွတ်မြောက်ဖို့ အကျင့်ကို သာ မင်းအားထုတ်မြန်မြန်ကိလေသာကိုဖြတ် မြန်မြန်ဒီသံသရာကလွတ်ဖို့ကိုသာလုပ် ဒါဘဲ။

အဲ နောက်တစ်လု ဘုရားဟောတာက ခေါင်းပေါ်က ဆံပင်ကို မီးလောင်လာရင် ရရာရေနှင့် မြန်မြန်လောင်းငြိမ်းလိုက်က ဒါဘဲ ဒီရေက သန့်ရဲ့လား အဝီစိတွင်းရေဟုတ်ရဲ့လား။ စစ်ပြီးသားလား မြောင်းထဲကရေလား၊

ထွေးခံထဲက ဟာတွေလား ဆိုတာမျိုးတွေလုပ်မနေနဲ့ ခေါင်းပေါ်က မီးငြိမ်းအောင်သာမြန်မြန်လောင်းလိုက် ဘာရေဖြစ်ဖြစ်နောက်တော့မှ ရေချိုးပစ်လိုက် မသကာသေးနဲ့ဘဲပန်း, ပန်းပေါ့ကွာ မီးငြိမ်းဘို့က ပဓာနမဟုတ်လား။

လာပြန်ချေသေးသည်။

နို့ ဆရာတော် ဟိုးရှေးတုန်းကဆိုတဲ့ ဝတ္ထုတွေ ဇာတ်တော်တွေမှာ ဘုရားလောင်းဟာ ငုံးဖြစ်လိုက်၊ ဆင်ဖြစ်လိုက် မျောက်ဖြစ်လိုက်ဆိုတာတွေဟာ ဟုတ်ပါ့မလား။

အဲဒါတွေငါမေးလို့ ဘယ်လိုပြောရမလဲ "ငါကလူသေ လူဖြစ်" ဘုန်းကြီးဘဲကွ မင်းတို့စိတ်ညစ်အောင်ငါကဘာမှ မပြောဘူး။ ထိပ်အောင် ကြောက်အောင်လှန့်ပြီး ဒါနတွေပြုကုန်အောင်လဲ ငါကဘာမှပြောတာ မဟုတ်ဘူး။

အေး တစ်ခုတော့ရှိရဲ့ ဒီပင်္ကရာဘုရားလက်ထက်က ဗျာဒိတ်ရပါတယ်။ ဘုရားဖြစ်မှာဘဲလို့ ကဲ့ အရေးပိုင်ရာထူးအတွက် ဂေဇက်ထွက်ပြီး သားပုဂ္ဂိုလ်မျိုးက ပြောတာဝင်လုပ်တယ်၊ တံငါသည်လုပ်စားနေရတယ်ဆိုရင် မင်းယုံလား။

ဤသို့မေးမြန်းလျှင် လူငယ်သည် ထိုင်ကာရယ်၍ နေလေသည်။

ဤဆရာတော်၏တရားပွဲ၌ ထူးခြားသောအသွင်တစ်မျိုးကားရှိ၏။ ၎င်းမှာ အခြားမဟုတ်၊ လူငယ်လေးတွေအတော်များများသည် စိတ်ပါလက်ပါ လှိုက်လှိုက်လှဲလှဲ တရားကို အာရုံစိုက်နာယူကြခြင်းဖြစ်လေသည်။

ထို့နောက် ဒိုးဒိုးဒေါင်ဒေါင် စိတ်ထဲရှိသလို မေးနိုင်မြန်းနိုင် လျှောက်ထားနိုင်ကြလေသည်။

မေးသမျှကိုလည်းဆရာတော်သည် စိတ်ရှည်လက်ရှည်နဲ့ ပြောကြား ပေး၏။

ဆရာတော်က ဖြေချလိုက်သောအခါ ရှင်းရှင်းလင်းလင်းဖြစ်သွား ကြဟန်တူသည်ထို့ကြောင့် ဆရာတော်၏တရားပွဲ များကို ရပ်ကွက်ဆိုင်ရာ လူငယ်များကပင် ဦးဆောင်ရှေ့ရှုက်လှုံ့ဆော်၍ ဆရာတော်ကို ပင့်လျှောက် ကျင်းပကြသည်ကို ရန်ကုန်နယ်နိမိတ်၌ အများဆုံး တွေ့ရသည်။

ဤအရိပ်နိမိတ်သည် တနည်းအားဖြင့် စိတ်ပျက်အားလျှော့စရာကောင်းနေသောဗုဒ္ဓဘာသာသည် ယခုတဖန်အားသစ်ခွန်သစ်ယူနေခြင်း၏ လက္ခဏာပင်ဖြစ်ဟန်ရှိပေသည်။

သို့ရာတွင် ဤဆရာတော် အသျှင်ဥက္ကဋ္ဌအား သက်ကြီးရွယ်အိုပိုင်းနှင့် အချို့သော အစိတ်အပိုင်းတို့ကမူ "ကွန်မြူနစ်ဘုန်းကြီး ဘုရားတရားတွေဖယ်တဲ့ ဘုန်းကြီး" စသဖြင့် ပြောသံဆိုသံလည်း သဲ့သဲ့ကြားရတုံးရှိသေး၏၊

ဤသို့ကား ကွယ်ရာ၌ ပြောနေကြသော်လည်း တရားပွဲများသို့မူ ထိုထိုစွပ်စွဲပြောဆိုချက်များကို ပြေပြေလည်လည်ယဥ်ယဥ်ကျေးကျေးတက်ရောက်မေးမြန်းသည် စဟူ၍ မရှိပေ။ ဆရာတော်၏တရားများကသစ္စာလေးပါး၏ ဘောင်ထဲမှအပြင်သို့ တစ်လက်မမျှမထွက်သေးပေ ၊သို့စဥ်လျှက်ပြောချင်ရာပြောကြတုန်း ရှိသေး၏။

ဆရာတော်အနေနှင့်မည်သူကမေးမေး ပုဂ္ဂိုလ်နိမ့်၊မြင့်၊ ကြီးငယ်ခွဲခြားသတ်မှတ်ခြင်းမရှိ၊ မေးသမျှဖြေသောဆရာတော်ဖြစ်၏။

မေးသမျှဖြေသောဆရာတော်ကား လွယ်ကူလွန်းလှသည် အချို့က လျှောက်ကြသည် "ဆရာတော်ဘုရားကလည်း လျှော့စျေးကြီးဘဲ"တဲ့။

ယနေ့လူငယ်တွေသည်မနေ့ကလူငယ်တွေမဟုတ်တော့ချေ၊ ဟောသမျှယုံသောခေတ်သည် ပြည်ဖုံးကားချစပြုနေပြီ၊ စဥ်းစားဝေဖန်သောခေတ်ဆီသို့ တရွေ့ရွေ့ကူးပြောင်းနေချေပြီ။

ဆရာတော်သည် သံယုတ်ပါဠိတော်ပါ သုတ္တန္တာတော် တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို မြဲမြဲမြံမြံ လက်ဆုပ်လက်ကိုင်ပြုခါ ထိုထိုသော တရားအမျိုးမျိုးတို့ကို တိုက်ဖျက်လျက်ရှိနေ၏။

တက်စရာအိမ်မရှိဘဲ လှေကားထောင်ပြနေသော တရားစုသည် ယနေ့ရောက်လာသောလူသား၏ အမေးအမြန်းကိုပြေအောင်ဖြေနိုင်မှ တည်နိုင်စရာရှိပေမည်။

ယနေ့လူကြီးတွေ၏ နေရာသို့ ယနေ့လူငယ်တွေသည် နက်ဖြန်တွင် ဝင်၍ယူကြပေတော့မည်။

ဤသို့ပင် လူ့သမိုင်း၌ အဟောင်းကြွေရာသို့ အသစ်ဖြစ်သော ရွက်နုတို့သည် အစားထိုးခါ ဤလူ့သမိုင်းသံသရာကိုဆက်ခဲ့သည်မှာ အနန္တကာလသို့ပင်တိုင်ခဲ့၍ ယနေ့ဤအဆစ်သို့ ရောက်ခဲ့ကြပြီ။

သဗ္ဗသင်္ခါရတို့သည် အနိစ္စတွေသာဖြစ်ကြကုန်၏။ ဒုက္ခတွေသာဖြစ်ကြကုန်၏။အနတ္တတွေသာဖြစ်ကြကုန်၏။

မရှိတရား အထင်သမားအတ္တဒိဋ္ဌိစွဲတို့သာ၍မမြဲသောသင်္ခါရနယ်တွင် ငါဟူသော အတ္တစွဲတန်းလန်းနှင့် ခတ်ရမ်းရမ်းလောဘတွေဒေါသတွေ မောဟတွေ ပိတ်ဖုံးကာအမြင်မှားနေကြခြင်းဖြစ်၏။ အမြင်မှားခြင်း၏ အကြောင်းရင်းကား မျက်စေ့လည်ခြင်းကြောင့်ဖြစ်သည်။

မျက်စေ့လည်နေသူကိုက မျက်စေ့လည်နေသူတို့အား လမ်းပြနေသမျှကာလပတ်လုံး ဤသံသရာ၏ထွက်လမ်းတံခါးဆီသို့ နီးလျက်သာ ဝေးကုန်ကြရချေတော့မည်။

ထို့ကြောင့်ဒုက္ခမှကုန်ရာ၌ သန္တသုခသာလျှင်ရှိနေသည်ကို လူတွေသည် လွယ်လွယ်နှင့် မတွေ့နိုင်ကြဘဲ တလယ်လယ်ဖြစ်နေကြသည်။

အဝိဇ္ဇာဟူသည်မသိနားမလည်မှုပင်ဖြစ်ကြ၏။ မသိနားမလည်သေးသမျှကား ပြောသမျှကြားသမျှကို မှန်အံ့နိုးနိုးဆင်ကန်းတောတိုးပမာဖြစ်ကြရသည်မှာ လည်း ဓမ္မတာပင်ဖြစ်ပေမည်။

ဤလူသားများအတွက် ယခုဆရာတော်အသျှင်ဥက္ကဋ္ဌ၏ စာများတရားများသည် အထူးအကူအညီရလျက်ရှိပေလိမ့်မည်။

အကြောင်းမူကား ဆရာတော်၏တရားများသည် ကိုယ်ကျိုးဟူ၍ဘာတစ်ခုမျှ မပါသော အမျှော်လွတ်အကြောက်လွတ်တရားများချည်းသာဖြစ်ကြသောကြောင့်ဖြစ်၏။

အမျှော်နှင့် အကြောက်သည် ဝိစိကိစ္ဆာတွေကို ဆင့်တိုးပွါးများ လာစေသော တရားများသာဖြစ်ပေသည်။

မျှော်အောင်ပြောသောကြောင့် မျှော်ရခြင်း၊ ကြောက်အောင်ချောက်ထားသဖြင့် ကြောက်ရွံ့ထိတ်လန့်နေခြင်း၊ မှန်သမျှသည် အလကားနေရင်း ငုတ်တုတ်က ဝိစိကိစ္ဆာတွေ တပွေ့ကြီးရင်ဝယ်ပွေ့ပိုက်ရစ်သား သာလျှင်ဖြစ်ရ၏။ ရင်းသည် ဝိစိကိစ္ဆာကိုမျှ မပယ်နိုင်အောင် သောကတွေ သောင်တင်ခံနေရသမျှကာလပတ်လုံး ဗုဒ္ဓဘာသာတိုင်း၏ အဓိကတာဝန် ပထမအဆင့်ဖြစ်သော သောတာပတ္တိမဂ်ကို စာရင်းဝင်ဖို့ မဆိုထားဘိ နံပါတ်ပင် ချိတ်မိဘို့ အခက်သားဖြစ်ကြပေလိမ့်မည်။

စေ့စေ့တွေး၍ ဗုဒ္ဓဘုရားရှင်၏ တရားတော်နှင့် ဆရာတော်ဟောပြောချက်များ ဘောင်ဝင်မဝင်ကို သေချာစွာလေ့လာကြပါလေကုန်။

ဆရာတော်အား ကွန်မြူနစ်ဆိုဆို ဘာဆိုဆို ဆိုတာက အရေးမကြီး ဗုဒ္ဓ၏ သစ္စာလေးပါး အနတ္တတရားတို့နှင့် အံ ကိုက်မကိုက် မကိုက်ဆိုသော အချက်သာ လေးလေးနက်နက် အကဲခတ်ကြပါလေကုန်။

အဆွေလူသား..........

နိဗ္ဗာန်ဟူသည် အဆွေ၏ ရုပ်နာမ်၌သာ ရှိသောတရားဖြစ်၏၊ အဆွေ မတွေ့သည်ကား အခြား၌ရှာနေသောကြောင့်သာလျှင်ဖြစ်ပေလိမ့် မည်သာ တည်း။

သျှင်သာသန
နတ်မှီတောရကျောင်းတိုက်

## အပန်းလွှာ

“လာလှည့်-ကြည့်လှည့်” ဟူ၍မြန်မာဘာသာ ပြန်ဆိုခဲ့ကြတဲ့ “ဧဟိပဿိကော” ကား ဗုဒ္ဓ၏ဓမ္မဂုဏ်ပုဒ်တစ်ခု ဖြစ်သည်။ ဗုဒ္ဓ၏ လက်သုံးစကားလည်းဖြစ်သည်။ ၎င်းသည် ကမ္ဘာ၏ တက္ကနယခေါ်တဲ့ Logic (ဝါ) ကျိုးကြောင်း ဆင်ခြင်တုံပညာကို မွေးထုတ်၍ ပေးခဲ့ပြီ။

ထိုမျှမကသေး ခေတ်ပေါ်အတွေးအခေါ်များ အနုပဋိလောမ ရုပ်ဝါဒများ ရုပ်နာမ်နှစ်ပါးတွဲသော အညမည သဘောတရားများနှင့်တကွ ပစ္စယာကာရ သဘောတရားတွေကို မွေးထုတ်၍ ပေးခဲ့လေပြီ။

သို့ဖြစ်ရာ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) အချိန်ကာလတည်း ဟူသော ကမ္ဘာသမိုင်းစဉ်တလျှောက်လုံးတွင်၎င်း “ဧဟိပဿိက” သည် အထက်မြတ်ဆုံး အတောက်ပဆုံး သမိုင်းဝင် စကားတစ်လုံးဖြစ်ခဲ့သည်။ ၎င်းသည် ကမ္ဘာသူ ကမ္ဘာသားလူတန်းစားအားလုံးကိုလက်ရပ်၍ ခေါ်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ အဘိဓာန်များတွင် အရဲရင့်ဆုံး စကားလုံးဖြစ်ခဲ့သည်။

ဤစကားလုံးသည် ကမ္ဘာ့သမိုင်းတွင် ဘုရားစာရင်းဝင် ပုဂ္ဂိုလ်ထူးကြီးများအနက်မှ ဗုဒ္ဓကိုသီးခြား၍ ခွဲထုတ်ရာ၌ ပဓာနလက်သည်ဖြစ်ခဲ့ပြီ၊ ကမ္ဘာရှိအများဆုံးဘုရားတို့ကား ဇာတိဘုရားတို့သာဖြစ်ကြကုန်၍ အနန္တဉာဏ်တော်ရှင် အနန္တတန်ခိုးတော်ရှင်များဖြစ်ကြကုန်၏။

ထို့ကြောင့် ၎င်းတို့သည် ခေတ်သုံးစကားဖြင့် ပြောရလျှင် ကမ္ဘာ့အာဏာရှင်ကြီးတွေဖြစ်ခဲ့ကြကုန်ပြီ။သို့ဖြစ်ရာ လူသားမှာ သူတို့ပြောသမျှဟောသမျှကို အခြားအခွင့်အလမ်းမရှိတော့ချေ။ ဆိုလိုရင်းကား ထို့သည့် အနန္တတန်ခိုးတော်ရှင် ဘုရားသခင်တို့၏ မုက္ခပါဌ်မှန်သမျှကို မုချဆတ်ဆတ် ပရမတ် အမှန်တွေပဲဟု စွဲစွဲမြဲမြဲ ယုံကြည်ရမည်ဟု ဆိုလိုသည်။

သို့ရာတွင် ဗုဒ္ဓကား လူသားဘုရားဖြစ်ရာ လူသား၏ ကိုယ်၊ နှုတ်၊ စိတ်တို့၌ ခိုင်မြဲစွာ တုတ်နှောင်ခတ်ချည်၍ထားအပ်သော လက်ထိပ်၊ သံချေကျင်းဆိုတဲ့ အနှောင်အဖွဲ့ အားလုံးကို ရိုက်ချိုး၍ပစ်လိုက်လျှင် လူးသားတိုင်း ကိုယ်ထိလက်ရောက် လွတ်လပ်စွာဆောင်ရွက်လုပ်ကိုင်နိုင်ရေး အမျှော် အကြောက်ကင်းကင်းနှင့် စိတ်တွင်းမှာရှိသမျှကို အတားအဆီးမရှိပဲ ဖွင့်ထုတ်

ပြောဆိုနိုင်ရေး ဟို့နှယ်သည့်နှယ် အချုပ်အချယ်နှင့် အသွယ်အဝိုက်တို့မှ ကင်းသော တွေးခေါ်မျှော်မြင်ရေးဆိုတဲ့ လူသား၏ လမ်းစဉ်သုံးခုကို ဖွင့်ထုတ်ဖေါ်ခဲ့လေသည်။

မှန်လှ၏ လူသား၏လိုလားချက်နှင့် ခံစားရချက်တို့ကို လူသားဘုရားသာလျှင် အတိအကျသိ မြင်နိုင်သည်။ ကောင်းကင်ဘုံသား နတ်ဘုရားတို့ကား လောကလူသား၏ ထွေပြားသော လိုအင်ဆန္ဒနှင့် ခံစားမှု အဝဝ တို့ကို အဘယ်မှာ ဂဃနဏ သိမြင်နိုင်ကြပေမည်နည်း။ မုက္ခပါဠ်တော်များကို မဝေဖန်ရ၊ ငါတို့ပြောသမျှ ဟောသမျှကို စောဒကမတက်ဘဲ ယုံကြည်ရမည်ဆိုတဲ့ စကားလုံးတို့ကား နတ်ဘုရားတို့၏ လက်သုံးများဖြစ်ခဲ့ပြီ။ ဘာသာတရားတည်ထောင်သူ နတ်ဘုရားနှင့် ၎င်းတမာန်တော်များကလည်း ထိုသည့်ထုံးကိုပင် လက်သုံးပြုတော်မူကြလေပြီ။

သို့ရာတွင် ဗုဒ္ဓကားလူသားတို့၏ လုံ့လဝရိယနှင့် လူသားအားလုံးကို သိမ်းကြုံးကယ်တင်ရန် ကြိုးပမ်းအားထုတ်ခြင်းကြောင့် လူတို့တွင် အမြင့်ဆုံးအဆင့်ဟူ၍ အသိအမှတ်ပြုထားအပ်သော ဘုရားဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်နိုင်ခဲ့တဲ့ လူသားစစ်စစ်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် "**ဧဟိပဿိကော**" လာ၍ကြည့်လော (ဝါ) သေချာ စေ့ငုကြည့်ရှုလှည့်လော၊ (ဝါ)လက်တွေ့ မျက်တွေ့ အချက်စေ့အောင် စောဒကတက်တော့ (ဝါ) အမှား, အမှန် ဤနှစ်တန်နှင့်တကွ ကောင်းကျိုးဆိုးပြစ်တို့ကို စစ်ဆေးဝေဖန်လောဟူ၍ လူသားအားလုံးကို လက်ရပ်၍ခေါ်ခဲ့လေပြီ။ ဟောသမျှတရားနှင့် ပြောသမျှစကားတို့ကို ဝေဖန်ဆန်းစစ်ရန် အာမခံ နှင့် ဖိတ်ခေါ်ခဲ့လေပြီ။

အမှန်သည် ရဲရင့်၏ (၂ +၂ = ၄)ဟူသော အမှန်သည် ဝေဖန်မှု၊ စစ်ဆေးမှု၊ စမ်းသပ်မှုဟူသမျှကို အဏုမြူမျှ ကြောက်ရွံ့လိမ့်မည်မဟုတ်၊ ထိတ်လန့်လိမ့်မည်မဟုတ်ချေ။ စမ်းသပ်စစ်ဆေးရန် ဆွေးနွေးဝေဖန်ရန်အမြဲ တစေပင့်ခေါ်နေသလို ရှိနေချိမ့်မည်။ ဗုဒ္ဓသည် အမှန်တရားကိုထင်ရှားအောင် ဖေါ်ထုတ်ခဲ့သည့် ထိုတရားကို အကြိမ်ကြိမ်အထပ်ထပ် ပတ်ပတ်နပ်နပ်ကြီး သုံးသပ်ဝေဖန်ခဲ့လေသည်။ လက်တွေ့မျက်တွေ့ နည်းအမျိုးမျိုးဖြင့် ဖိုကျင်ထိုးသလို ထိုး၍ စမ်းသပ်ခဲ့လေပြီ။

ထိုကြောင့်လည်း ဗုဒ္ဓသည် သူ့ခေတ်ပေါက်ဖွားပညာရှင်များကို သာမကပဲ ယနေ့ကမ္ဘာ ယနေ့အခါ၌ ဖြစ်ပေါ်လာကြသောပညာရှင် တို့ကိုပါ သူ၏တရားနှင့် သူ၏စကားတို့ကို စမ်းသပ်ကြရန် ဝေဖန်ကြရန် ဖိတ်မန္တကပြုနိုင်ခဲ့လေပြီ။ ကမ္ဘာ့သမိုင်းစဉ်၌ ဗုဒ္ဓတပါးတည်းသာလျှင် လူသားကို အရေး

ပေး၍ အလေးတင်ခဲ့လေသည်။ မနုဿတ္တဘာဝေါ ဒုလ္လဘောဟု မပြတ်မလတ် အထပ်ထပ်ဟောခဲ့သည်မဟုတ်တုံလော။

လူသားတို့၏ စဉ်းစားဉာဏ်နှင့် ဝေဖန်ဉာဏ်တို့ကို အစွမ်းကုန် ကွန့်မြူး၍ ကမ်းကုန်အောင်လွန့်လူးခွင့်ကိုပေးခဲ့သည်။ သို့ဖြစ်ရာ “**ဟေဝိပဿိက**” “**လာကြည့်**” ဆိုတဲ့ ဗုဒ္ဓရဲ့စကားတစ်လုံးသည် တစ်ကမ္ဘာလုံး အုံးအုံး ကြွက်ကြွက် အပြင်းအထန် ဂယက်ရိုက်ပြီး ဆူပွက်၍ သွားစေခဲ့သည်။ ကမ္ဘာ၏ သမိုင်းအစဉ်၌ အသက်ဝင်ခဲ့သမျှသော ကမ္ဘာ့တော်လှန်ရေး အားလုံးတို့အား “**ဟေဝိပဿိကော**” ဆိုတဲ့ စကားလုံးရဲ့ကောင်းမှုတို့သာ ဖြစ်ခဲ့ကြကုန်ပြီ။ မှန်လှ၏။ ဗုဒ္ဓကိုယ်တိုင်ပင် “**လာကြည့်**” ဆိုတဲ့ တော်လှန်ရေးအလံကို ကိုင်ဆောင်ပြီးလျှင် ဗုဒ္ဓခေတ် အိန္ဒိယနိုင်ငံ၌ လူကြိုက်များပြီး တာစားလျက်ရှိသော အတွေးအခေါ် များနှင့်တကွ လူတန်းစားခွဲခြားမှုများကို တော်လှန်ရာ၌ ဦးဆောင်ခဲ့လေပြီ။ ထိုသည် “**လာကြည့်**” ဆိုသည့် ဗုဒ္ဓ၏စကားလုံးကြောင့် (ဝါ) ထိုစကားကို လိုက်နာကျင့်သုံးခြင်းကြောင့် အိန္ဒိယနိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ကမ္ဘာဝင်၌ အထက်သို့ ရောက်ခဲ့သည်။ ၎င်းစကားလုံးကို ကားမည်းကြီးနှင့် ဖုံးပြီးအသုံး မပြုတော့ဘဲ နေသည့်နေ့မှစ၍ အိန္ဒိယနိုင်ငံကြီးကျဆင်းခဲ့သည်ဟု ရာဇဝင် ဆရာတို့ကဆိုသည်။

ယနေ့ကမ္ဘာကိုကြည့်ပါဦး ယနေ့ကမ္ဘာ၌လည်း ဤ “**လာကြည့်**” ဆိုတဲ့ ဩဝါဒအတိုင်း စုံစမ်းသော စစ်ဆေးသော ဝေဖန်သော လူမျိုးများသည် ကမ္ဘာ့အထွတ်အထိပ်သို့ မရောက်ရောက်အောင် တက်လှမ်းနေကြပြီ။ ဤကမ္ဘာ မြေကြီးကို အပတ်ပေါင်းများစွာလှည့်ပတ်ပြီးကြလေပြီ။ ယခုနောက်ဆုံး လကမ္ဘာ သို့ပင် လူကိုယ်တိုင်သွား ရောက်နိုင်အောင် ကြိုးပမ်းလျက်ရှိနေလေပြီ။

တနေ့ သောအခါ ထိုကြိုးပမ်းချက်များ အောင်ပန်းဆွတ်ခူးနိုင်လိမ့်မည် ဟူ၍ ယနေ့ လူသားများက အခိုင်အမာယုံကြည်လျှက် နေချေပြီ။ တိုတို ကျဉ်းကျဉ်းနှင့် လိုရင်း ကိုချုပ်ရလျှင် ထို “**လာကြည့်**” ဆိုတဲ့ ဗုဒ္ဓရဲ့စကားကလေး နှစ်လုံးသည် ကမ္ဘာနှင့် ကမ္ဘာသူ ကမ္ဘာသားတို့၏ လွတ်လပ်မှု၊ တိုးတက်မှု၊ အေးငြိမ်းသာယာမှုတို့ကို မွေးထုတ်ပေးတဲ့ မိခင်အစစ်ဖြစ်ခဲ့လေပြီ။

ထိုမျှကပါရိုးလား ဗုဒ္ဓခေတ်မှစ၍ ဤမှာဘက် ကမ္ဘာ့သမိုင်းအစဉ်၌ ဖြစ်ပေါ်ခဲ့သမျှသော ကမ္ဘာ့တော်လှန်ရေးကြီးတွေကို မွေးထုတ်ပေးခဲ့တဲ့စကား ကလေးနှစ်လုံးဖြစ်ကြောင်းကို လူတိုင်းကဝန်ခံရချေပြီ။ ဒါပေမယ်လို့ကမ္ဘာတွင် ဤစကားလုံးကို လက်ခံကျင့်သုံးရန် ငြင်းဆန်နေကြတဲ့ လူအများကြီးရှိ၍ နေသေးသည်။ အဲဒီအများကြီးဆိုတဲ့ လူတွေထဲမှာ ဗုဒ္ဓဘာသာဝင်တွေ ပါနေခြင်း

ကား အလွန်ရင်နှင့်ဖွယ် ကောင်းလှချေပြီ။ အမှန်မှာ ဗုဒ္ဓ၏တပည့်တော်များသည် အပေါင်းမှန်သမျှကို (ဝါ) တနည်း ဆိုသော်ကား အမှားကြာ၍အမှန်ထင်ရသော အရာဟူသမျှကို ဆန်းစစ်သူဖြစ်ရမည်။ စစ်ဆေးဝေဖန်သူဖြစ်ရမည်။ ဆိုလိုရင်းမှာ အရင်းအမြစ်ပါ မကျန်တော်လှန်သူ ဖြစ်ရမည်။ တဖန်ထိုသည့် တော်လှန်ရေးသမားသည် ကိုယ်အားကိုယ်ကိုသူဖြစ်ရမည်။ အဓိပ္ပါယ်ကား ကိုယ့်မျက်စိ၊ ကိုယ့်နား၊ ကိုယ့်နှာခေါင်း၊ ကိုယ်လျှာ၊ ကိုယ်ကိုယ်ကို အားကိုးသူဖြစ်ရမည်။ ထိုတွင် မျက်စိ သည် ကြည့်ရန်၊ နားသည် နားထောင်ရန်၊ နှာခေါင်းသည် နမ်းရှုရန်၊ လျှာသည် လျက်ရန် အရသာခံရန်၊ ကိုယ်သည် ထိတွေ့ရန် ဖြစ်သည်။

ဗုဒ္ဓ၏ "**လာကြည့်**"ဆိုသည့်စကားကို မျက်စိ၌သာ တပ်ဆင်နိုင်ရာ အခြားပသာဒရုပ်များကိုလည်း ဤနည်းကိုမှီး၍ "လာနားထောင် လာနမ်း၊ လာလျက်၊ လာတွေ့" ဟူ၍ ကျွန်ုပ်တို့တပ်ဆင်လျှင် ဗုဒ္ဓ၏အလိုနှင့် ထော်လော်ကန့်လန့် ဖြစ်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ ဤနည်း အတိုင်း တပ်ဆင်ပြီး ကျင့်သုံးမှသာလျှင် ကျွန်ုပ်တို့သည် အမှားနယ်ကို လွန်မြောက်နိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့မျက်စိနှစ်လုံးကို အဖုံးအကာအကွယ် မထားဘဲ ဖွင့်ကြည့်မှ မြင်ရသော ရုပါရုံသာလျှင် အမှန်ဖြစ်နိုင် သည်။

သို့ရာတွင် မျက်စိကိုစုံမှိတ်ပြီး (ဝါ)လက်နှစ်ဖက်နှင့် အုပ်ပြီးကြည့်မှ မြင်ရသည့် ရုပါရုံမျိုးရှိသေးသည်ဟု ပြောသူဟောသူယုံကြည်သူများ ယနေ့ ကမ္ဘာ၌ ထင်ရှားရှိနေခြင်းကား အံ့သြဖွယ်တရပ်ပင်။ ဒါဖြင့်ရင် ယနေ့ ကမ္ဘာတွင် မျက်စိနှင့် မမြင်ရတာတွေမရှိပြီလော။ လူသားမျက်စိနှင့် မမြင်ရတာ မမြင်နိုင်တာကတော့ ကျွန်ုပ်တို့မြင်ကွင်းကို ကျော်လွန်နေသောကြောင့်၎င်း လူသားရဲ့ ကြမ်းတမ်းသော ဩဠာရိက မျက်စိနှင့် ကိုက်ညီဆီလျော်ခြင်းမရှိလောက်အောင် နူးညံ့သေးငယ်၍ နေသောကြောင့်၎င်း ဖြစ်ချေသည်။ အကယ်၍ အဝေးကြည့် မှန်ပြောင်းတို့ဖြင့်၎င်း၊ အကြီးချဲ့မှန် ပြောင်းတို့ဖြင့်၎င်း လူသားတို့၏ မျက်စိကို ကူညီတပ်ဆင်၍ပေးလိုက်ချေလျှင် ထိုမျှဝေး၍ ထိုမျှသေးငယ်သော ရုပါရုံတို့ကို မျက်ဝါးထင်ထင် လူသား၏မျက်စိဖြင့် မြင်နိုင်ပါလိမ့်မည်။

လူသား၏ အတွင်းကိုယ်ကာယဟုဆိုအပ်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့သည် ဗဟိဒ္ဓအပြင်ပ၌ ရှိ၍နေသော ရူပါရုံ၊ သဒ္ဒါရုံ၊ ခန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံတို့နှင့် အမြဲတစေတိုက်ရိုက် အဆက်အလွယ်ပြုလုပ် လျှက်နေမြဲ ဖြစ်ချေသည်။ သို့မှသာ လူသားသည် တိကျသောအမှန်ကို သိမြင်နိုင်ပေလိမ့်မည်။ အဓိပ္ပယ်ကား မျက်စိဖြင့် တိုက်ရိုက်မြင်ရသော ရူပါရုံသာလျှင် အမှန်

ဖြစ်နိုင်သည်၊ သွယ်ဝိုက်မြင် (သို့မဟုတ်) တဆင့်မြင်တို့ဖြင့် ထိုရှုပါရုံအမှန် မဖြစ်နိုင်ချေ။

ထိုနည်းတူပင် တဆင့်ကြား၊ တဆင့်နံ၊ တဆင့်မြင်၊ တဆင့်တွေ့ တို့ဖြင့် ထိုသဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံများကို အမှန်ဟူ၍ မဆုံးဖြတ်နိုင်ချေ။ ကိုယ်တိုင်ကိုယ်ကျ ကိုယ့်မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့ဖြင့် တိုက်ရိုက် မြင်ရမှု၊ ကြားရမှု၊ နံ့ရမှု၊ လျက်ရမှု၊ တွေ့ရမှုတို့ကို အခြေပြုမှသာလျှင် "**ဧဟိပဿိက**" "**လာကြည့်**" ဆိုတဲ့ လက်တွေ့သဘာဝဖြစ်နိုင်သည်။

ထိုကြောင့်လည်း ငြင်းဆန်၍ မရအမှန်ဖြစ်နိုင်ချေသည်။ သို့ဖြစ်ရာ "**ဧဟိပဿိက**" သည် ဗုဒ္ဓဓမ္မ၏ **အမြုတေ** ဖြစ်သည်။ မလှုပ်မယိုင်အခြေခိုင်တဲ့ ဗဟိုမဏ္ဍိုင်လည်းဖြစ်သည်။ ၎င်းမဏ္ဍိုင်၏ အရှေ့ ဘက်၌ "**သန္ဒိဋ္ဌိက**" နှင့် "**အကာလိက**" ဆိုတဲ့ဂုဏ်ပုဒ်နှစ်ခုကိုတွေ့ရသည်။ **သန္ဒိဋ္ဌိက**(ဝါ) မြန်မာဘာသာ သို့ပြန် ဆိုရသော် "**မျက်မှောက်**" အဲဒီနေရာမှာ မျက်မှောက်ဆိုတာဘာလဲ။ "**မျက်မှောက်**" ကား မျက်စိအောက် (သို့မဟုတ်) မျက်စိရှေ့တည့်တည့်ဆိုတဲ့ သဘောကိုဖေါ်ထုတ်သည်။

အမှန်မှာ မျက်စိနှစ်လုံး အကြားရှိ နှာတံရိုးနှင့် တည့်တည့်ဟု ဆိုလိုသည်။ ယင်းနှာတံနှင့် တည့်တည့်ရှိသော အရာကို ဘယ်ညာ (ဝါ) လက်ဝဲ လကျ်ာမျက်စိနှစ်လုံးကပင် အားထုတ်မှုမရှိဘဲ မြင်နိုင်သည်။ ၎င်းကို လက်ဝဲ မျက်လုံးနှင့် မြင်သည် (သို့မဟုတ်) လကျ်ာမျက်လုံးဖြင့်မြင်သည်ဟူ၍ အငြင်း ပွားနေရန် မလိုပေ။ နှာတံရိုးနှင့် တည့်နေသည်နှင့်တပြိုင်နက် ဘယ်ညာ မျက်လုံးအစုံက မြင်လေတော့သည်။

အဲသလို မြင်ရသော်သာ တကယ်ရှိ အဟုတ်ရှိတဲ့ အရာဟူ၍ ဆိုနိုင် သည်။ သို့ဖြစ်ရာ မျက်စိကွယ်နှင့် မျက်နောက်ကို မလိုက်ဘဲ "**မျက်မှောက်**" ဆိုတဲ့"**သန္ဒိဋ္ဌိက**" ကိုသာ လက်ဆုပ်လက်ကိုင်ထား၍ အသုံးပြုသွားရမည်ဟု ဗုဒ္ဓဘုရားက မှာကြားခဲ့လေပြီ။

မာ သန္ဒိဋ္ဌိကံ ဟိတွာ ကာလိကံ အနုဓါဝ၊

အနက်သော်ကား " **မျက်မှောက်စွန့်ပြီး မျက်ကွယ်နောက်သို့ မလိုက် လေနှင့်**" ဟု သံယုတ်ပါဠိတော်၌ ဟောခဲ့သည် မဟုတ်ပါလော။ မျက်ကွယ်ကား လွန်ပြီးသော (ဝါ) ကွယ်ပျောက်လေပြီးသော အတိတ်ကာလကို ဆို၏။ ယင်းသို့

ချုပ်ငြိမ်းခြင်းသို့ ရောက်လေပြီးသော အတိတ်ကား ယနေ့လူသား (ဝါ) မျက်မှောက်လူသားအတွက် အကျိုးထွက်အောင် ကူညီနိုင်ပါသေးသလော။

အမှန်ဆိုရလျှင် ငြိမ်းအေး၍ သွားလေပြီးသော မီးခြစ်ဆံမှ မီးတောက်ကလေးသည် ဆေးလိပ်မီးညှိရေးကိုပင် အကူအညီ မပေးနိုင်သကဲ့သို့ဖြစ်၍ နေပေလိမ့်မည်။ အတိတ်ဆိုတာ လွန်သွားပြီ၊ ချုပ်ပျောက်၍ သွားခဲ့ပြီ၊ ၎င်းကို ပြန်လည်ကာတွေးပြီး ဆွေးနွေးစရာမလိုတော့ပြီ။ အနာဂတ်ကား အတွေးနယ် အပြောနယ်၌သာ ကျက်စားသည် အကောင်အထည်မပေါ်သေး။ ဒြပ်ကို မဆောင်နိုင်သေး။

ယနေ့ဝတ်ပြတ်နေသော လူသားအတွက် ရှေးနှစ်ခါတပို့တွဲရောက်မှ စားရမဲ့ နှမ်းချင်းဆီရွှဲရွှဲနှင့် ထမနဲကား အလကား အချည်းနှီးပင် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ကုန်လွန်ပြီး၍ ဘာမှသုံး၍မရသော အတိတ်နှင့်မဖြစ်ပေါ်သေး၊ မရောက်လာသေးတဲ့ အနာဂတ်အတွက် ရတက်မအေး မျှော်လို့ဆွေးလို့ မနေကြဘဲ ယနေ့(ဝါ) မျက်မှောက်ဆိုတဲ့ **"သန္ဒိဋ္ဌိက-ဓမ္မ"** ကိုသာ အာရုံစွဲ၍ တခဲနက် လုံးပမ်းကြကုန်ရာသည်။ နောက်တခုကား **"အကာလိက"** ဖြစ်သည်။ ၎င်း၏အနက်ကား အချိန်မဆိုင်း ကာလမဆိုင်း ဗျူးဒိုင်းမကြာ ချက်ချင်းလက်ငင်း အခါဟု ဆိုလိုသည်။ အခါမဖင့် အချိန်မလင့်ဟုလည်း ပြန်ဆိုကြကုန်သေးသည်။ ဥပမာ- ထုံးအိုးတွင်းသို့၎င်း (သို့မဟုတ်) ကတ္တရာစေးအိုးထဲသို့၎င်း၊ မိမိ၏ လက်ဝဲလက်ယာတို့ကို ထိုးနှိုက်ပြီးနောက် ဆွဲနှုတ်ဆက်သည်နှင့် တပြိုင်နက် အဖြူနှင့်အမဲ လက်မှာ စွဲသကဲ့သို့ပင်တည်း။

သို့ရာတွင် ယနေ့ကမ္ဘာ၌ ကျီးအိုးနှင့်ကတ္တရာစေးအိုးတို့မှ နှုတ်ယူလိုက်တဲ့လက်များဟာ နှုတ်လျှင်နှုတ်ခြင်း အဖြူအမည်းမစွဲသေးဘဲ အိမ် ရောက်အောင် အချိန်ဆွဲပြီးမှ မည်းမယ်၊ဖြူမယ်လို့ယုံကြည်ဟောပြောနေသူတွေ ဒုနဲ့ဒေး ရှိနေကြချေသေးသည်။ အဲဒီလို ငရုတ်သီးကို ယခုစား ယခုမစပ်သေးဘဲ အိမ်ပြန်ရောက်မှ ကျကျနနစပ်မယ်လို့ ယုံကြည်နေသူတွေ ယနေ့တိုင် ဗမာလောကမှာ တောထအောင်ပေါများနေကြသေးရင် မြန်မာ့တိုးတက်ရေးနှင့် ဆိုရှယ်လစ်လမ်းစဉ် အောင်မြင်ရေးတို့ကို တွေးလိုက်တိုင်းရင်မအေးစရာဖြစ်၍ နေမည်ကား မြေလက်ခတ်မလွဲပင်။

ယနေ့ကမ္ဘာသားဖြစ်တဲ့ လူများစုကြီးသည် ပုခက်နှင့်ခေါင်းကြား ကာလကိုသာ အာရုံပြု၍လာကြလေပြီ၊ ပုခက်တွင်းသို့မရောက်မီ အတိတ်ကို တွေးပြီးတော့လည်း ဆွေးနေရန်မလိုပေ။ ထို့ပြင် လုပ်တိုင်းကုန်း ဟိုမှာဘက်ကို ကြောက်ပြီးတော့မျှော်နေရန်လည်း မလိုတော့ပြီဟု သိမြင်လာစပြုခဲ့လေပြီ။

ဗုဒ္ဓဘုရား၏ ဓမ္မဂုဏ်ဖြစ်တဲ့ “**သန္ဒိဋ္ဌိကော**” နှင့် “**အကာလိက**” တို့ကလည်း ယနေ့ခေတ်ပေါ် အတွေးအခေါ်များကို လက်ရပ်၍ ခေါ်နေသလို ရှိနေချေပြီ။ ၎င်းဓမ္မဂုဏ်များ၏ ဗဟိုမဏ္ဍိုင်ကား “**ဧဟိပဿိက**” ဂုဏ်ဖြစ်သည်။ ၎င်း၏ နောက်တွင် “**ဩပနေယျိက**” နှင့် “**ပစ္စတ္တံဝေဒိတဗ္ဗ**” ဆိုတဲ့ ဂုဏ်နှစ်ခုကို တွေ့ရသည်။

ဩပနေယျိကဆိုတဲ့ဂုဏ်ကားကပ်၍ (ဝါ) မကွာမကွဲဘဲ (ဝါ) ဆက်လျှက် စပ်လျှက်ဆောင်တတ်သော သဘောပင်ဖြစ်သည်။ ပစ္စတ္တံဝေဒိတဗ္ဗမှာ နောက်ဆုံးဂုဏ်ပုဒ်ဖြစ်၍ ကြောင်းကျိုးဆင်ခြင်အမျှော်အမြင်ပညာရှိသူ လူသား တိုင်း လက်တွေ့သိရှိအပ်တယ် ဆိုတဲ့အနက်ကိုဟောသည်။ ဤသို့အားဖြင့် ဧဟိပဿိက “**လာကြည့်**” ဆိုတဲ့ ဂုဏ်ပုဒ်ကို ဗဟိုပြု၍နေသော ဓမ္မဂုဏ်များကို သေချာစေ့ငု ကြည့်ရှုလေ့လာခဲ့သော် အနာဂတ် နှင့် အတိတ်အတွက် အရိပ်နိမိတ် စိုးစဥ်းမျှမပါဝင်သည်ကို တွေ့ရပေလိမ့်မည်။

အကြောင်းဓမ္မနှင့် အကျိုးဓမ္မတို့သည် အပြန်အလှန် အကြောင်း ဖြစ်ပြန် အကျိုးဖြစ်ပြန်နှင့် အချင်းချင်းကျေးဇူးပြု၍ နေမြဲဓမ္မတာဖြစ်ချေသည်။ ဥပမာ-ချိန်သီးတစ်ခုကို မြောက်အရပ်သို့ အစွမ်းကုန်ဆွဲပြီးလျှင် လွှတ်လိုက်ပါ။ ဆွဲသွားမှုသည် အကြောင်းဓမ္မဖြစ်သည်။ ထိုချိန်သီးသည် ဆွဲသွားပြီးလွှတ် လိုက်သော နေရာတွင် ရပ်၍နေလိမ့်မည် မဟုတ်ချေ။ စင်စစ်မှာ ဆွဲသွားတဲ့လမ်းအတိုင်း ပြန်လာရုံမျှပင် ကျော်လွန်သွားသည့် အကျိုးဓမ္မသည် အကြောင်း ဓမ္မတဖန် ပြန်ဖြစ်ပေါ်စေပြန်သကဲ့သို့ မှတ်ရာသည်။ ယင်းသို့အားဖြင့် အကြောင်းဓမ္မနှင့် အကျိုးဓမ္မတို့ဆက်သွယ်နေပုံကား အလွန်သိမ်မွေ့လှရာ သေချာစေ့ငုသတိပြု၍ ကြည့်ရှုဝေဖန်မှသာလျှင် ၎င်းတို့၏ သဘောသွား အမှန်ကို တိကျစွာ သိမြင်နိုင်ပေလိမ့်မည်။

အထက်ပါ ချိန်သီးကိုဆွဲသည့် ဥပမာ၌ မြောက်သို့ဆွဲမှုသည် အကြောင်း တောင်အရပ်သို့ပြန်မှုသည် အကျိုးဟုဆိုရာတွင် မြောက်နှင့် တောင်ကား အရပ်ဌာနကို ညွှန်ပြသော ပညတ်သာဖြစ်၏။ ချိန်သီးရဲ့လမ်းကြောင်းကား ပရမတ်ဖြစ်၍ တစ်ခုတည်းသာဖြစ်သည် (ဝါ) လမ်းကြောင်း အတူတူပင် ဖြစ်သည်။

Action and Reaction are the same but quite opposite.

အကြောင်းနှင့် အကျိုးတို့သည် အတူတူပင်ဖြစ်သည်။ သို့ရာတွင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ကလည်း ဖြစ်သည်ဟူသော သိပ္ပံပညာ ပရိဘာသာ ဆောင်ပုဒ်အားလျော်စွာ အထက်၌ကျွန်ုပ်တို့ဖွင့်ဆိုခဲ့သော ဗုဒ္ဓ၏

ဓမ္မဂုဏ်တို့တွင် အကြောင်းဓမ္မနှင့် အကျိုးဓမ္မနှစ်ခုလုံး အကြုံးဝင်သည် ဟူ၍ မှတ်ယူထိုက်လေသည်။

ဗုဒ္ဓ၏ဓမ္မဂုဏ်တို့ကား ဗုဒ္ဓဘုရားရှင်၏ ဓမ္မမှတ်ကျောက်ဖြစ်သည်။ မည်သည့်ဓမ္မကိုမဆို ဤမှတ်ကျောက်များဖြင့် တိုက်၍ကြည့်နိုင်သည်။ သို့မှသာလျှင် ဓမ္မတစ်ခု၏ အသွေးအရည် မှီမှီကို အတည်တကျ ဆုံးဖြတ်ချက်ချမှတ်နိုင်ပေလိမ့်မည်။ အများသောလူစုကား ကေသမုတ္တိသုတ်၌ ဗုဒ္ဓဘုရားရှင်ညွှန်ပြခဲ့သော အစွဲဆယ်မျိုးကို အခြေခံ၍သာလျှင် ဓမ္မတစ်ခုကို မှန်သည်ဟူ၍ ယုံကြည်လေ့ရှိခဲ့သည်။ သို့ရာတွင် ထိုသို့သော အစွဲတစ်မျိုးမျိုးကြောင့် မှန်သည်ဟူ၍ ယုံကြည်နေကြသော အချက်အလက်များကို ယခုကျွန်ုပ်တို့ ဖေါ်ထုတ်ခဲ့သော ဗုဒ္ဓ၏ မှတ်ကျောက်တွင် မှတ်ထင်၍ကြည့်ရန်လိုသည်။

ယနေ့လူသားသည် မနေ့ကလူသားနှင့် များစွာကွဲပြားခြားနားသော အခြေအနေ အဆင့်အတန်းသို့ရောက်၍ နေပြီဖြစ်ရာ ကြောက်၍သော်လည်းကောင်း၊ ချစ်၍သော်လည်းကောင်း၊ ဓမ္မတစ်ခုကိုမှန်သည်ဟူ၍ ယုံကြည်နိုင်ရန် အလွန်မတန်ခက်ခဲလျှက်ရှိချေပြီ။ ထိုသို့သော ယနေ့ လူသားများအတွက် ဗုဒ္ဓမှတ်ကျောက်အမည်ပါကျမ်းစာကို ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ယင်းသို့သောရည်မှန်းချက်ဖြင့် ထုတ်ဝေခြင်းဖြစ်ရာ မြန်မာနိုင်ငံဖွား ယနေ့လူသားတိုင်း ဤဗုဒ္ဓမှတ်ကျောက်ကို လက်ကိုင်ထားကာ မျက်နှာခြင်းဆိုင်လာသော ယနေ့လူသား၏ ဘဝပြဿနာများနှင့်တကွ အယူအဆယုံကြည်မှုဆိုတဲ့ ဘာသာရေးပြဿနာများကို အနည်းနှင့် အများဖြေရှင်း၍ သွားနိုင်ကြလျှင် ကျွန်ုပ်တို့၏ မျှော်လင့်ချက်ပြည့်ဝပြီဟူ၍ ယူဆမည်ဖြစ်ပါသည်။ ထိုမျှမက စာတတ်သူ ယနေ့လူသား၏ အမှန်ဓမ္မကို အမှန်အတိုင်း သဘာဝကျကျ လက်ခံယုံကြည်လိုတဲ့အာသာဆန္ဒလဲ တစ်လုံးတစ်ဝတည်း ပြည့်စုံလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

**အသျှင်ဥက္ကဋ္ဌ**

# ဗုဒ္ဓမှတ်ကျောက်

***နောက်ခံကားချပ်**

လူတိုင်းမှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေကြတယ်။

ဒီနေ့ပြောရမှာက ကေသမုတ္တိသုတ်ပဲ။

ဘာကြောင့်အရေးကြီးလဲဆိုတော့ ကေသမုတ္တိသုတ်တွင် ဘုရားရှင်ကိုယ်တော်မြတ်ဟာ အပြင်းအထန် ခမ္ဘအမှန်ကိုရအောင်ရှာဖွေတဲ့ လူအများအတွက် နည်းလမ်းညွှန်ပြတဲ့နည်းဖြစ်တယ်။ ဒါကြောင့် မှတ်ယူဘို့ အရေးကြီးတယ်။ သုတ်နာမည်ရင်းက ကေသမုတ္တိသုတ်လို့ခေါ်တယ်။ ကာလာမသုတ်မဟုတ်ပါဘူး။ သို့ရာတွင် ကာလာမမင်းသားများကိုပြောတဲ့ သုတ်လို့မှတ်ရမယ်။ ဒီတော့ဒီသုတ်ရဲ့နောက်ခံကားဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ မဇ္ဈိမဒေသလို့ခေါ်တဲ့ အိန္ဒိယနိုင်ငံရဲ့ ရှေးခေတ်ကာလ ဘာသာရေး နောက်ခံကားချပ်ကို သိဘို့လိုတယ်။ ရှေးရှေးအဖြစ်အပျက်အစဉ်အလာတွေကို နားလည်မှ ကာလာမသုတ်ရဲ့ ရည်စူးချက်ဟာ ဘာကိုရည်စူးတယ်ဆိုတာ နားလည်မယ်။

တင်ပါ့ဘုရား။

တို့တကာကြီးတွေ တကာမကြီးတွေ နားလည်ကြဘို့လိုတယ်ဆိုတာက ဘာသာရေးတရားဘယ်အချိန်အခါလောက်ကစပြီး ပေါ်သလဲဆိုတာ ဖြစ်တယ်။ ဒါက ဦးပဉ္ဇင်းတို့ ဂေါတမဘုရားရှင်ကိုယ်တော်မြတ် ပွင့်တော်မမူခင် နှစ်ပေါင်းတစ်ထောင်ခန့်ကစပြီးတော့ အိန္ဒိယနိုင်ငံမှာ ဘာသာရေး စကားအသုံးအနှုန်းမျိုးတွေ ပေါ်ပေါက်လာကြတာပဲ။ အဲဒီခေတ်အခါတုံးကစပြီးတော့ အင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ပေါ်ပေါက်လခဲ့ကြတယ်။ အားလုံးတို့တွင် အထင်ရှားဆုံးဖြစ်တဲ့ ကြာရဝါကဆိုတဲ့ အဘိဓမ္မာဆရာကြီးဟာ အိန္ဒိယရာဇဝင်မှာ အင်မတန်နာမည်ကြီးတဲ့ ဆရာကြီးပေါ့။

နို့ သူ့ဝါဒကဘာလည်း။

ဘာသာရေးဆိုင်ရာတရားတွေက အခုလောက်သိပ်မများလှသေးဘူး။ အဲဒီအခါတုန်းက ဟိုဘက်ဘဝ ဒီဘက်ဘဝဆိုတဲ့ ကိစ္စတွေလည်းမပေါ်သေးဘူး။ မပေါ်သေးတော့ သူ့တရားဟာ အိန္ဒိယနိုင်ငံကြီးမှာ တကောင်ထဲပြေးရတဲ့ မြင်းလိုနှစ်ပေါင်းများစွာ အင်မတန် လူကြိုက်များတဲ့ တရားဖြစ်လာတယ်။ သူ့တရားကဘာလည်းဆိုတော့ ယထာသုခံဘုဉ္ဇေ စိတ်တိုင်းကျသဘောရှိသလို စားကြတဲ့ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါ့ဘုရား။

အဲ ယထာသုခံ နှာယေ စိတ်တိုင်းကျ သဘောရှိမိမိတို့ကြိုက်သလို ရေချိုးကြတဲ့။ ပြီးတော့ ကျကျနန မင်းတို့ကြိုက်သလို ကာမဂုဏ်ခံစားကြတဲ့၊ သူအလုပ်ပေးတာကလဲ ဒါဘဲ၊ ဒီအလုပ်သုံးခုပဲရှိတယ်။ နောက်ပိတ်ဆုံးကျတော့ သူကဘာပြောသလဲ ဘသွာဘူတဿဒေဟဿ ပုနရာဂမနံ ကုတော။ ဘသွာ ဘူတဿ၊သေ၍ မီးရှို့သဖြင့် ပြာကျလေပြီးသော။ ဒေဟဿ၊ ကိုယ်၏။ ပုနရာဂမနံ၊ တဖန်ပြန်၍လာခြင်းသည် ကုတော၊ ဘယ်မှာ ရှိပါမလဲတဲ့ ဟုတ်လား။

မှန်ပါ့ဘုရား။

အဲဒီသေပြီး မီးရှို့လို့ပြာဖြစ်တဲ့အခါ ကျမယ့်ဟာပဲ၊ ဒီအတွက်တော့ မင်းတို့ဘာမှပူမနေနဲ့တဲ့၊ စားကြ သောက်ကြ ပျော်ကြ ရေချိုးကြ အိပ်ကြ ဟုတ်လား။

တင်ပါ့ဘုရား။

အဲဒါပြီးတာဘဲ၊ သေတဲ့နောက် ပြာဖြစ်တာပဲဆိုတဲ့ဝါဒ ဦးပဥ္စင်းတို့ ဂေါတမဘုရားရှင် မပေါ်မီ မပွင့်မီ နှစ်ပေါင်းတစ်ထောင်ကျော်က ကြာရဝါက ဆိုတဲ့ ဆရာကြီးရဲ့အဘိဓမ္မာ ပေါ်ခဲ့တယ်၊ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါ့ဘုရား။

## *နတ်ဘုရားခေတ်

ဒီနောက်ပိုင်း ဆက်ရောက်လာတဲ့အခါကျတော့ ဥပနိသာဒခေတ် ဆိုတာ ဖြစ်လာတယ်၊ အဲဒါက အခု ဟိန္ဒူလူမျိုးများ ဓမ္မကျမ်းစာအဖြစ်နဲ့ ကိုးကွယ်တဲ့ ဓမ္မကျမ်းစာကြီးတွေပဲ။ အဲဒီမှာ ဝေဒကျမ်းကြီးလေးကျမ်းဆိုတာ ရိဂဝေဒ၊ ယဇုဝေဒ၊ သာမဝေဒ၊ အတ္တရဗ္ဗဝေဒ ဆိုတဲ့ ကျမ်းတွေပဲ၊ အဲဒီ ဝေဒ ကျမ်းကြီးလေးကျမ်းပေါ်တဲ့ခေတ်က ဦးပဥ္စင်းတို့ ဂေါတမဘုရားနှင့် နှစ်ပေါင်း (၆၀၀) ကျော် (၇၀၀) ခန့်ကွာ အရင်ကျနှင့်တယ်၊ အဲဒီဝေဒခေတ် ပြီးတဲ့နောက် မှပေါ်တဲ့ ဥပနိသာဒကျမ်းပေါင်း (၁၈)ကျမ်း အခုထင်ရှားရှိတယ်။

အဲဒီဝေဒခေတ်ကို ရောက်လာတဲ့အခါကျတော့ ဘာသာရေးတွေ ပေါ်လာပြီး အဲဒီဘာသာရေးက ဘယ်လိုပေါ်ထွန်းလာသလဲဆိုတော့ ရိဂဝေဒ ဆိုတဲ့နံပါတ်တစ်ဝေဒမှာက ဘုရားဆိုတဲ့ ပရမီသွား၊ အဲဒီထာဝရဘုရားရဲ့ ဂုဏ် ကျေးဇူးတွေဖွဲ့ကာ နွဲ့ကာရေးပြီးတော့ထားတဲ့ အင်မတန် အတန်းမြင့်ပြီး ပြောင်မြောက်တဲ့ သက္ကတဘာသာဆိုင်ရာ ဂီတကြီးတော့ ပါတယ်။ အဲဒီနောက်

ယဇုဝေဒခေတ် ရောက်လာတဲ့အခါကျတော့ အဲဒီနတ်ဘုရားကြီးတွေကို ကျေနပ်အောင် သဘောကျအောင်ဆိုပြီးတော့ ယဇ်ပူဇော် တဲ့ခေတ်တွေရောက်လာတယ်။ အဲဒီယဇ်ပူဇော်တဲ့ခေတ်တွေ ရောက်လာတဲ့ အခါကျတော့ လူသတ္တဝါတွေမှာ အမျိုးမျိုးအစားအစား အယူအဆတွေကွဲ ပြားလာခဲ့တယ်။

အတ္တခေတ် ဥပနိသာဒ ခေတ်ကျတော့ အတ္တဝါဒထွန်းကားလာ တယ်။ အဲဒီအတ္တဝါဒကလည်းဘဲ မိမိကိုယ်မှာရှိတယ်ဆိုတဲ့ အတ္တတင် မကဘဲနဲ့ အားလုံးသောသတ္တဝါတွေမှာ ဒီအတ္တကလေးတွေ ကိုယ်စီရှိကြတယ်တဲ့။ ကမြင်းနီကောင်ကစပြီး ဗြဟ္မာမင်းကြီးအထိ အတ္တတွေကိုယ်စီ ရှိကြသတဲ့။ အချို့ကျမ်းများမှာကျတော့ အသက်မရှိတဲ့ သစ်ပင်တွေ စသည်တို့မှာတောင် အဲဒီအတ္တဟာ ရှိသေးတယ်စသဖြင့် အမျိုးမျိုးကွဲပြားပြီး ခြားနားလာကြတယ်။

အဲဒီလို ခြားနားနေလို့ နှစ်ပေါင်း ၇၀၀၊ ၈၀၀ လောက် ရောက်လာတဲ့အခါကြတော့ အိန္ဒိယနိုင်ငံမှာ ဘာသာရေးတရားနှင့် ဆိုင်ရာမှာ ကံတရားတွေကံ၏အကျိုးတရားတွေစသည်ဖြင့် အတွေးအခေါ်တွေ ထွန်းကားလာတယ်။ အဲဒီထွန်းကားလာတဲ့အခါကျတော့ ကံကို ဝေဖန်လာကြတယ်။ ကံသည် ကောင်းမှုကံ၊ မကောင်းမှုကံရယ်လို့ ကံကိုနှစ်မျိုး ခွဲခြားလာကြတယ်။ အဲဒီကံနှစ်မျိုးကို ပြုပြင်စီမံပြီးတော့ လိုက်နာကျင့်သုံးရတာက လူသားကကျင့်သုံးရမယ်။ အဲဒီ လူသားဟာ ဒီကံ၏အကျိုးတရားကို ခံစားရတဲ့နေရာမှာ ကမ္မဿကတ လမ်းစဉ်ဆိုတာပေါ်လာခဲ့တယ်။

ဦးပဥ္စင်းတို့ သဘာဝဓမ္မအတိုင်းကတော့ ဒီကံကဖြစ်ပေါ်လာခြင်းကြောင့် ခံစားရတာမဟုတ်ဘူး။ သို့ရာတွင် ၎င်းကမ္မဿကတလမ်းစဉ်ပါ တရားများအရကတော့ အဲဒီကံကြမ္မာဆိုတာဟာ ဘယ်သူကနေပြီးတော့ အကျိုးအပြစ်ကိုပေးသလဲဆိုတော့ ထာဝရဘုရားက အကျိုးအပြစ်ကိုပေးတယ်တဲ့။ အဲဒီ ထာဝရဘုရားက ကောင်းတဲ့လူ ကောင်းရာရောက်အောင်၊ မကောင်းတဲ့သ မကောင်းတဲ့နေရာရောက်အောင် ပို့ပေးတယ်တဲ့။

အဲဒီအခါကျတော့မှ ဦးပဥ္စင်းတို့ ကမ္ဘာ့သာသနာတရားတို့ရဲ့ အစဉ်အလာဖြစ်တဲ့ ဘာသာရေးသမိုင်းစဉ်မှာ ကောင်းတဲ့ဘုံရယ်၊ မကောင်းတဲ့ဘုံရယ်လို့ ခွဲခြားမှုတွေပေါ်ပေါက်လာခဲ့တာဘဲ။ အဲဒီလိုဘုံတွေပေါ်လာတဲ့ အခါကျတော့မှ ကောင်းတဲ့ဘုံအတွက် စောင့်ရှောက်တဲ့ပုဂ္ဂိုလ်နတ်သိကြားကို ဖန်တီးကြရတယ်။ မကောင်းတဲ့ငရဲဘုံများအတွက် ယမဒေါ ယမကတို့ ယမတို့ဆိုတဲ့ အယူအဆတွေပေါ်ပေါက်လာရတယ်။

ပူရဏ်ခေတ်ရောက် တဲ့အခါကျတော့ ပူရဏ်ကျမ်းကြီး တစ်ဆယ့်ရှစ်ကျမ်း ပေါ်ပေါက်လာခဲ့တယ်။ အဲဒီတော့ဝါဒကွဲပြားခြားနားမှုတွေလဲ ပေါ်ပေါက်လာကြပြီ။ အဲသလိုပေါ်ပေါက်လာကြတဲ့အခါကြတော့ အဲဒီဘာသာခေါင်းဆောင်တွေက မိမိတို့ရဲ့ဝါဒစည်းမျဉ်းကို လူအများလိုက်နာ အောင်လို့ဆိုပြီးတော့ အိန္ဒိယနိုင်ငံကြီးရဲ့ ထုံးတမ်းအစဉ်အလာအတိုင်းလိုက်ဟောကြတယ်။

တကာကြီးဦးဘမောင်တို့လို လူတစ်ယောက်က ကာမဂုဏ်ထောင်တွင်းမှ အတင်း ရုံးထွက်သွားပြီးတော့ သားတွေ၊ မယားတွေ၊ စည်းစိမ်ဥစ္စာတွေကို အကုန်လုံးစွန့်လွှတ်ပြီးသကာလ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့တွေ့ကပြီး ကျင်ကြံကြိုးကုတ်အားထုတ်ပြီး သူကိုသူ ဆရာကြီးဖြစ်နောက် ဂုဏ်ဂနဆရာကြီးတစ်ယောက်လုပ်ပြီးသကာလ သူကိုသူ တောင်ဝှေးတစ်ချောင်းနှင့်လျှောက်လည်ပြီးတော့ တရားဟောတော့တာဘဲ။

## အမှတ်အသားလက္ခဏာတွေ

အဲဒီတောင်ဝှေးဟာ နောက်ခေတ်ရောက်လာတော့ ဘာဖြစ်လာသလဲဆိုရင် ဝါဒရဲ့ အထိမ်းအမှတ်ဖြစ်လာတယ်။ ဝါဒအထိမ်းအမှတ်တစ်ချို့ကတိသလ္လဆိုပြီးတော့ သုံးခွလုံ့တပ်ထားတဲ့တောင်ဝှေးကိုင်တယ်။ တစ်ချို့က နှစ်ခွနှင့်၊ တစ်ချို့ကခွမပါသံစူးဘဲ။ ဒီလိုဆရာကြီးတွေဟာ အိန္ဒိယနိုင်ငံတဝန်းလုံးခြေလျှင်လျှောက်လည်ပြီးတော့ ကိုယ့်ဝါဒကိုဖြန့်တဲ့ခေတ်ရောက်လာတယ်၊ အဲဒီလိုခေတ်ရောက်လာတဲ့အခါ ဒို့တကာကြီး ဦးဘမောင်တို့ကြားဘူးမှာပေါ့ သစ္စကပရပိုဒ်ကြီးတို့ဆိုတာ။ အဲဒီ သစ္စကပရပိုဒ်ကြီးရဲ့ နှမတစ်ယောက်ဟာ ရသေ့မပေါ့လေ။ ဘိက္ခုနီလို့သူတို့က ခေါ်ကြတယ်။ တို့မြန်မာနိုင်ငံအခေါ်တော့ ဖွားသီလမျိုးဟာပေါ့ ဟုတ်လား။

မှန်ပါဘုရား။

အဲဒီသီလရှင်မဟာ ရပ်တကာရွာတကာလှည့်ပြီးတော့ ဝါဒတရားဟောနေတာဘဲ။ ပြိုင်မဲ့လူတွေပြိုင်တာဘဲ။ ဥပမာ-ဒေးဒရဲမြို့ထဲကို သူဝင်လိုက်တယ်ဆိုရင်သူဒီရောက်နေတဲ့ အထိမ်းအမှတ်အဖြစ်ဖြင့် ဒေးဒရဲမြို့တံခါးမှာ တံမြက်စည်းတစ်ချောင်းကို ထောင်စိုက်ပစ်ခဲ့တယ်မဟုတ်လားဦးဘမောင်။

မှန်ပါဘုရား။

ဒီတံမြက်စည်းကိုတွေ့လျှင် သူရောက်နေပြီဆိုတာ လူတွေကသိရတယ်။ ထောင်ထားတဲ့တံမြက်စည်းကို ယူပြီးတော့ လှဲဝံ့တဲ့သူ ပေါ်ပေါက်ရင်

လှဲကြလောဟု သူကပြောထားတယ်။ အဲဒါကသူက စိန်ခေါ်လိုက်ခြင်းဖြစ်တယ်။ ဦးဘမောင် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီခေတ်ရောက်တော့ ဦးပဥ္စင်းတို့ ဂေါတမပွင့်တဲ့ခေတ်ရောက်လာပြီ။ အဲဒီဒီဘုရားပွင့်တဲ့ခေတ်မှာ ဒီဘိက္ခုနီမရဲ့ ဆိုပါတော့ ဒီရသေ့မရဲ့တံမြက်စည်းကိုလှဲဝံ့တဲ့သူ မပေါ်သေးဘူးတဲ့ ဦးဘမောင်ရဲ့။

တင်ပါဘုရား။

တစ်နေ့အခါ ရသေ့မရောက်နေတဲ့ရွာကို ရှင်သာရိပုတ္တရာမထေရ်မြတ် ဆွမ်းခံကြွလာတဲ့အခါကျတော့ အဲဒီရွာတံခါး စိုက်ထောင်ထားတဲ့ တံမြက်စည်းကိုတွေ့လို့ ရွာသူရွာသားများကို အကျိုးအကြောင်းမေးကြည့်တော်မူတယ်။ ရွာသားများက အဲလိုပဲသစ္စကဆရာကြီးရဲ့ နှမတော်တစ်ယောက် ဒီရွာထဲကိုရောက်နေပါတယ်။ ဒီတံမြက်စည်းကိုယူပြီး လှဲဝံ့တဲ့သူဟာသူနဲ့ ဝါဒပြိုင်ရမယ်လို့ အဆိုရှိပါတယ်ဘုရားလို့လျှောက်ထားတဲ့အခါကြတော့ ရှင်သာရိပုတ္တရာက ထိုတံမြက်စည်းကို အသာချက်လှဲပစ်ခဲ့တယ်။

**✱ဓမ္မ၏အစ**

အဲဒါနဲ့ ရှင်သာရိပုတ္တရာနဲ့အဲဒီရသေ့မနဲ့ အပြိုင်အဆိုင်စကား ပြောတဲ့အခါကြတော့ သူ့ခမျာရှုံးပြီးတော့ ဘုရားရှင်ရဲ့သာသနာတော်ထမ်းတဲ့ ရဟန်းမကြီးဖြစ်လာတယ်။ အဲဒီလောက်ဘာသာရေးထွန်းကားတဲ့ခေတ်ပဲ။ သစ္စကဆရာကြီးဆို့တာကလည်းပဲ တကာကြီးဦးဘမောင်တို့ ကြားဖူးတဲ့အတိုင်းဘဲကုလားဗိုက်ရွဲကြီးနှင့်တူတယ်။ အဲဒီဗိုက်ရွဲကုလားဆရာကြီးက အဝတ်အစားတောင်ဝတ်တာမဟုတ် လံကွက်တီဝတ်ပြီးသကာလ ဗိုက်ရွဲကြီးကို သံပြားကြီးတွေနဲ့ပတ်ထားတာဆိုဘဲ။ အဲဒီသံပြားကြီးတွေနဲ့ပတ်ထားတဲ့အခါကြတော့ လူတွေကမေးကြတယ်။ ခင်ဗျားဟာဘာယ့်နှယ်ကြောင့် ဗိုက်ရွဲကြီးကို သံပြားကြီးနှင့် ပတ်ထားရတာလဲလို့မေးတော့ ငါ့ဗိုက်ထဲမှာရှိတဲ့ ပညာတွေပေါက် ထွက်ကုန်မှာစိုးလို့ လို့ ပြန်ပြီးပြောတယ်။

**✱ပြိုင်ကြဆိုင်ကြနဲ့**

အဲဒါလည်းပဲ တစ်နေ့ကြတော့ သူ့တပည့်သားမြေးအစုံနှင့် သွားပြီး ဘုရားရှင်ကိုယ်တော်မြတ်နှင့် ဝါဒပြိုင်ပွဲကျင်းပရသေးတယ်။ သစ္စကဆရာ ကြီးနှင့် ပြိုင်လို့ဝါဒနိုင်တဲ့အခါကြမှ ဂေါတမဘုရားရှင်ထံမှောက်သို့ အခြားပုရဗိုဇ်ကြီးတွေလည်း လာရောက်ပြီးဝါဒပြိုင်ကြတယ်။ သူတို့လည်းရှုံးသွား ကြတာဘဲ။

ဒီလောက်ဘာသာရေးခေတ်စားတဲ့နိုင်ငံမှာ ဘာသာတရားတွေ ဘယ်လောက်ပေါများမယ်ဆိုတာကို တို့တကာတွေ တကာမကြီးတွေတွေး ကြည့်ကြ။ အယူတွေအမျိုးမျိုး ကိုးကွယ်မှုတွေ အဖုံဖုံဘယ်လောက်အထိ မျိုးစုံနေသလဲဆိုတော့ အိမ်ရှေ့မှာစိုက်ထားတဲ့ပင်စိမ်းပင်ကို ရှိခိုးတဲ့အလေ့ကစပြီးတော့ ဟိုထာဝရဘုရားသခင်အထိ ကိုးကွယ်တဲ့ဝါဒတွေ အမျိုးမျိုး ပေါ်ခဲ့တယ်။

အဲဒီထာဝရဘုရား သခင်မှာလည်းဘဲ တချို့က သာကာရ ဘုရားတဲ့။ သာကာရဘုရားဆိုတာ ရုပ်သဏ္ဌာန် အကောင်အထည်ရှိတဲ့ဘုရား၊ ဒီထက်အဆင့်အတန်းမြင့်လာတဲ့ ဝေဒန္တအဆင့်ရောက်လာတဲ့ အခါကြတော့ နိရာကာရာဘုရားတဲ့၊ ဘုရားသာခေါ်တယ် အဆင်းသဏ္ဌာန်ပုံပြင်လက္ခဏာအားဖြင့် သဏ္ဌာနပညတ်လုံးဝမရှိ။ အဲဒီတွေးခေါ်တဲ့ သဘာဝမွေကို ဘုရားလို့ခေါ်ပြီးတော့ကိုးကွယ်တဲ့ အင်မတန်အဆင့်အတန်းမြင့်မားလှတဲ့ ဝေဒန္တအဘိဓမ္မာအထိ ရင့်ကျက်လာခဲ့တယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီလောက်များပြောင်လှတဲ့ ပွေရှုပ်လှတဲ့ ထူးခြားလှတဲ့ ယူဆချက်တွေ အယူဝါဒတွေ ဘာသာတွေ ကိုးကွယ်မှုတွေကို အကုန်လုံးသိမ်းကြုံးပြီးတော့ အခြေခံအနေနှင့် သိထားဘို့ လိုပေလိမ့်မယ်။ အဲဒီလောက် များပြားလှတဲ့ အထဲမှာ ဂေါတမဘုရားရှင်ကိုယ်တော်မြတ် ပွင့်ပေါ်လာရတာဖြစ်တယ်။

အဲဒါကြောင့် ဒီကေသမုတ္တိခေါ် ကာလာမသုတ်မှာ ဘုရားရှင်ကိုယ်တော်မြတ်က ဘာသာဝါဒတွေနှင့် ပတ်သက်ပြီး အပြင်းအထန်ဝေဖန်မှုပြုလုပ်ဖို့ ဟောကြားတော်မူရတယ်။ ဒီလိုမူရင်းအခြေခံကို ကြည့်လိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ် မပွင့်ပေါ်မီကတဲက အဲဒီဝါဒတွေက အမျိုးမျိုး ထွန်းကား လာနေတယ်ဆိုတာ သိလောက်ပါပြီ။

မှန်ပါဘုရား။

အဲဒီထွန်းကားနေတဲ့ ဝါဒတွေဟာ ဘယ်လောက်များသလဲဆိုလျှင်တော့ ဦးပဉ္စင်းတို့အိန္ဒိယနိုင်ငံမှာ ယခုခေတ်ရာဇဝင်များရေးသားချက်အရ သူတို့ကိုးကွယ်တဲ့နတ်ပေါင်းဟာ သုံးဆယ်နှင့် သုံးကုဋေရှိတယ်မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီသုံးဆယ်သုံးကုဋေသော နတ်တွေကို ကိုးကွယ်တဲ့လူအသီးသီးတွေဟာ အယူအဆတွေအမျိုးမျိုးကိုးကွယ်မှု တွေအဝဝ၊ ပသမှုတွေ အဖုံဖုံ

ဘယ်လောက်ကွဲပြားပြီး စုံနေလိမ့်မယ်ဆိုတာကို တကာကြီး ဦးဘမောင်တို့ တွေးကြည့်ရင် သိနိုင်တယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ထို့ပြင် အကျင့်ကျင့်တဲ့နေရာမှာလည်းပဲ အဲဒီဘာသာရေးနှင့် ပတ်သက်တဲ့ အကျင့်တွေဟာ ဘယ်လောက် ပြင်းပြင်းထန်ထန်ကျင့်ကြရတယ်ဆိုတာ တကာကြီးတွေ ကြားဖူးကြလိမ့်မယ်ဟုတ်လား။

တင်ပါဘုရား။

ဂေါတမဘုရားအလောင်းတော်သည်ပင် (၆)နှစ်တိုင်တိုင် ဒုက္ကရစရိယာ ကျင့်ရတယ်ဆိုတာ ဘာကြောင့်လဲ။ အဲဒီလို ထူးထူးချွန်ချွန် ပြင်းပြင်းထန်ထန် ဆင်းဆင်းရဲရဲ အနစ်နာခံပြီးတော့ ကျင့်ကြံကြအားထုတ်ကြတဲ့ပုဂ္ဂိုလ်တွေထဲမှာ နံပါတ် တစ်ကနေပြီးတော့ ချိတ်နိုင်အောင် ဂေါတမရှင်အားထုတ်တော်မူရတယ်လို့ ဆိုရမယ်ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီတော့ တရားမှန်တာ မမှန်တာဖယ်ထား အချောင်ရတဲ့တရား ဆိုရင် ဟိုဘက်ခေတ်ကလူတွေက လိုက်နာချင်ကြတာမဟုတ်ဘူး။ အဲဒါကြောင့် ဘုရားကိုယ်တော်မြတ်အလောင်းတော်ကြီးသည်ပင် အင်မတန်ပြင်းထန်တဲ့ ဒုက္ကရစရိယာကို ကျင့်၍ပြတော်မူခဲ့တယ်။ အဲဒီလိုကျင့်တော်မူလို့ အပြီးအဆုံးမှာမှ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ အလယ်အလတ်လမ်းစဥ်ကို စတင်တွေ့မြင်တော်မူရခြင်းကြောင့် သဗ္ဗညုတဉာဏ်ကိုရခဲ့တယ် မဟုတ်လား။

တင်ပါဘုရား။

အဲဒီလို ရတော်မူပြီးသည့်နောက်လည်းဘဲ အခုနကပြောတဲ့ဝါဒ အမျိုးမျိုးကို ကိုင်စွဲပြီးသကာလ အယူအဆအဖုံဖုံကို စုံနေအောင်ဟော ပြောကြတဲ့ဓမ္မကထိကတွေ ဘာသာရေးဆရာတွေဟာ လောကကြီးထဲမှာ အိန္ဒိယနိုင်ငံမှာ အင်မတန်များတယ်။ ဒီပြင်ဟာ မကြည့်နှင့်၊ ဘုရားရှင်ကိုယ်တော်မြတ် တောထွက်တဲ့အခါကြတော့ အာဠာရ၊ ဥဒကဆိုတဲ့ ရသေ့ကြီးတွေဆီမှာချဥ်းကပ်ပြီး သူတော်ကောင်းတရား အားထုတ်နည်း၊ နိဗ္ဗာန်မဂ်ဖိုလ် ရရာရကြောင်း အားထုတ်နည်း စသဖြင့် လိုက်လံရှာဖွေခဲ့ရ တယ်မဟုတ်လား။

ဒီဆရာကြီးတွေဆီမှာရှိတာက ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်အထိတော့ဖြင့် ညွှန်ပြနိုင်တဲ့လမ်းရှိတယ်။ ဒါပေမယ့် မဂ်လမ်း၊ ဖိုလ်လမ်းမတွေ့ရလို့ ဘုရားရှင်ကိုယ်တော်မြတ်အလောင်းတော်ကြီးဟာ လူတို့

ဆီကခွာရှောင်ပြီးသကာလ ဥရုဝေလတောထဲမှာ တပါးထီးထီးယောကျ်ားတို့ အစွမ်းကုန် ကျင့်တော်မူခဲ့တယ်။ ဘာကြောင့်ဒီလောက်ကျင်ရလဲဆိုတော့ ဘေးကကျင့်တဲ့ လူတွေရနေတဲ့တရားကို သူကိုယ်တိုင်ရအောင်ကျင့်တယ်။ ကြံတယ်။ အားထုတ်တယ်။

အဲဒီလိုအားထုတ်လို့ အများကျင့်ကြတဲ့အတိုင်း ရပြီးတဲ့အခါမှာလည်းပဲ သူလိုလားတဲ့ အာသဝကင်းကွာမှု ဥပါဒါန်ပြတ်မှု၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းမှုဆိုတဲ့ သန္တိသုခကို လက်ဆုပ်လက်ကိုင်မရသေးဘူး။ အဲဒီလိုမရသဖြင့် ဒီလမ်းစဥ်ဟာ မမှန်ဘူး၊ ပဥ္စဝဂ္ဂီတို့ မင်းတို့လမ်းစဥ်တွေဟာ မှားနေတယ်ဆိုပြီးတော့ ဒီလမ်းစဥ် ကခွဲပြီးထွက်သွားတယ်။

အဲလိုခွဲထွက်ပြီးတဲ့နောက်မှ သဗ္ဗညုတအစစ်ဘုရား အဖြစ်သို့ ရောက်ခဲ့တယ်။ ရောက်ပြီးတဲ့နောက် ဗောဓိပင်ကနေပြီးတော့ မိဂဒါဝုန်အကြွမှာ လမ်းကြား၌ ဥပကအမည်ရှိတဲ့ တက္ကဒွန်းကြီးနှင့် တွေ့တယ်ဆိုတာ ဦးဘမောင်တို့ ကြားဖူးတယ်မဟုတ်လား။

မှန်ပါဘုရား။ ကြားဖူးပါတယ်ဘုရား။

အဲဒီတက္ကဒွန်းကြီးဟာ ဘာလဲဆိုတော့ ဂေါတမဘုရားရှင်ပွင့်ပြီးတော့ နေနှင့်ကြရတဲ့ ဘုရားကြီးခြောက်ဆူတို့အနက်မှ နိဂဏ္ဍနာဋပုတ္တလို့ခေါ်တဲ့ ဦးပဥ္စင်းတို့ စာပေခေါ် ရာဇဝင်မှာတော့ အဲဒီနိဂဏ္ဍနာဋပုတ္တရဲ့ဘွဲ့ဟာ မဟာဝီရ တဲ့ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒါအခုခေတ်ဘာသာရေးမှတ်တမ်းအရတော့ ဂျိမ်းဘာသာလို့ခေါ် တယ်။ "ဇိန" ဆိုပါတော့၊ အသံမှန်ရင်းက "ဂျိန"လို့ ခေါ်တယ်။ နောက် "ဂျိမ်း" လို့ဖြစ်တယ်။ ဥပကဟာ အဲဒီဂျိမ်းဆရာရဲ့ သာဝကကြီးပေါ့လေ။ နိဂဏ္ဍနာဋပုတ္တဆိုတာက ဦးပဥ္စင်းတို့ဂေါတမဘုရားထက် အသက်နှစ်ပေါင်း ၂၀ ကြီးတယ်။ အဲဒီနိဂဏ္ဍနာဋ္ဌပုတ္တရဲ့ တပည့်ကြီးဖြစ်တဲ့ ဥပကတက္ကဒွန်းကြီးဆိုတာ ကို လမ်းမှာတွေ့သည်နှင့် တပြိုင်နက် သူ့မှာအဝတ်အစားကလဲမပါဘူး။ တက္ကဒွန်းဆိုတဲ့အတိုင်း တကိုယ်လုံး ဗလာဟုတ်လား။

မှန်ပါဘုရား။

အဲဒါနဲ့ဘုရားနဲ့ တွေ့တဲ့အခါကျတော့ ဘုရားကို မေးလား၊ မြန်းလား၊ စမ်းလား လုပ်တယ်ဆိုတာက အဲဒါကို ဟိုးခေတ်တုံးက ထုံးစံအတိုင်း ဦးပဥ္စင်းတို့ ဂေါတမဘုရားကလည်း ဘုရားဖြစ်ပြီးတော့ ဖန်ရည်ဆိုးတဲ့သင်္ကန်းဖြင့် ဝတ်သွား

တဲ့အခါ လူမြင်လိုက်တာနှင့် ဒီဟာသူတော်ကောင်းဘဲ၊ ဘာသာရေးတရားအားထုတ်နေတဲ့ယောဂီပုဂ္ဂိုလ်ဘဲဆိုတာ မပြောဘဲနှင့် သိတယ်မဟုတ်လား။

တင်ပါဘုရား။

အဲဒီတော့ ဘုရားရှင်ကို ဥပကကြီးက ဘာမေးလဲ။

ခင်ဗျားကြည့်ရတာ အိန္ဒြေသိက္ခာတွေလည်း ကောင်းတယ်၊ သွားပုံလာပုံလည်းဘဲ သပ်သပ် ရပ်ရပ်ရှိတယ်၊ ဒီတော့ ခင်ဗျားဘယ်တရားကို အားထုတ်သလဲ။ ဘယ်သူ့ကို ဆရာထား ပြီးတော့အားထုတ်သလဲလို့ မေးတယ်။ အဲဒီလိုမေးတာက ဘာသဘောလဲဆိုရင်လည်း အဓိပ္ပါယ်က သူ့ရဲ့အကျင့်တရား သူ့ရဲ့မြင့်မြတ်သော လွှက်မြောက်ခြင်း တရားများကို ကြားနာရသူသဘောကျရင် သူ့ဘက်လိုက်ပြီးသကာလ သူ့တပည့်ခံသင့်ခံဖို့ (သို့မဟုတ်) သူ့ကသာပုံပေါ်ရင်လည်းဘဲ ဂေါတမဘုရားကို သူ့နောက်လိုက်ဖြစ်အောင် တရားဟောဘို့ အဲဒီရည်ရွယ်ချက်တွေရှိတယ်။

အဲလို ဘုရားရင်ကိုယ်တော်မြတ် မပွင့်မီကတည်းက ဘာသာရေးဆိုင်ရာ တရားတွေထဲမှာ အင်မတန်ပြင်းထန်တဲ့ အငြင်းအခုံတွေဖြစ်နေလေ့ ရှိကြတယ်။ ဘယ်လိုအငြင်းအခုံတွေဖြစ်ကြသလဲဆိုရင် ဦးပဥ္စင်းတို့ ဘုရားမပွင့်မီကလေး ခေတ်မှာ ဥပနိသာဒခေတ်ဆိုတဲ့ အခါတုန်းကလို ဘာသာရေးဆိုင်ရာ၌ အယူအဆတွေ ထဲမှာ အဒွိတ္တခေတ် ရောက်လာတဲ့ ဝါဒမျိုးပေါ်လာတယ်။ အဒွိတ္တဝါဒဆိုတာ နှစ်ခုမရှိ တစ်ခုတည်းသာရှိသော ဝါဒလို့ ဆိုတယ်မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

နှစ်ခုမရှိ တစ်ခုတည်းသာရှိတဲ့ဝါဒကို ဆန္ဒောဂျဥပနိသာဒကျမ်းများမှာ အကြီးအကျယ်ဖွင့်ထားတယ်။ ဘယ်လိုနှစ်ခုမရှိသလဲဆိုတော့ ထာဝရဘုရားသခင်လို့ဆိုတဲ့ ပရမေသွက၊ ဗြဟ္မသရနိမ္မာန တစ်ခုတည်းသာရှိတယ်တဲ့။ အဲဒါကအကုန်လုံး လူတွေရော၊ သစ်ပင်တွေရော၊ တောတောင်ရော၊ သမုဒ္ဒရာရော၊ ရေမြေရှိသမျှ အရာဝတ္ထုတွေ သက်ရှိရော၊ သက်မဲ့ရော၊ အကုန်အဲဒါတွေဟာ ဘုရားသခင်ချည်းဘဲလို့ အယူရှိတဲ့ဝါဒဖြစ်တယ်။ မြင်မြင်သမျှဟာတွေ ဘုရား တစ်ဆူချည်းသက်သက်ပဲ။

အဲတစ်ခုတည်းသာရှိတယ် နှစ်ခုမရှိဘူးတဲ့၊ အဲဒီနောက် အဲဒီတစ်ခုတည်းသာရှိတယ်ဆိုတဲ့ အဒွိတ္တဝါဒီကနေပြီး ဆင်းသက်လာလိုက်တော့ ဒွိတ္တဝါဒရောက်လာတယ်၊ အဓိပ္ပါယ်ကနှစ်ခုရှိတယ်တဲ့။ အဲဒီနှစ်ခုရှိတာက

ဘာနှစ်ခုလည်းဆိုတော့ ဘုရားသခင်ရယ်၊ ကမ္ဘာလောကကြီးရယ်နှစ်ခုရှိတယ်။ အဲဒီမှာ ကမ္ဘာလောကကြီးအတွင်းမှာရှိတဲ့ သက်ရှိရော သက်မဲ့ရော အားလုံး သောပစ္စည်းတွေ ကတစ်ဖက်၊ ထာဝရဘုရားသခင်ကတစ်ဖက် ဒီလိုနှစ်ခု ရှိတယ်လို့ယူတယ်။

ဘုရားသခင်ကကတ္တား၊ အဲဒီကမ္ဘာလောကကြီးနှင့် တကွ ကမ္ဘာလောက ကြီးအတွင်းမှာရှိနေကြတဲ့ သက်ရှိ၊သက်မဲ့ပစ္စည်းတွေက "ကံ" အဲဒီ "ကတ္တား" ကံအဖြစ်နှင့် ပြည့်စုံမှသာလျှင် ဘာသာရေးတရားဆိုတာ ဖြစ်နိုင်သည်တဲ့။ အဲလိုဝါဒတွေ ထွန်းကားလာခဲ့တယ်။ အဲဒီဝါဒတွေထွန်းကားလာပြီးတဲ့ နောက် ခေတ်ကျတော့ ဘာဖြစ်လာပြန်သလဲဆိုရင် ထာဝရဘုရားသခင် ကဖန်ဆင်း လိုက်တဲ့ အားလုံးသောသတ္တဝါတွေမှာ အတ္တဆိုတာရှိရမယ်၊ အဲဒီအတ္တ သည်သာလျှင် ခိုင်မြဲတယ်၊ ဘယ်အခါမှ ပျက်စီးခြင်းမရှိဘဲ အမြဲ တည်တယ်၊

အဲဒီအတ္တကလေးဟာ တဖြည်းဖြည်းသူတော်ကောင်းတို့၏ တရားကို အားထုတ်ခြင်းဖြင့် ပထမမူရင်းပင်မစပြီးတော့ ထွက်လာရာဖြစ်တဲ့ ပရမတ္တ ခေါ် ဖြစ်တဲ့ အင်မတန်ကြီးကျယ်တဲ့ ဘုရားသခင်ရဲ့ အတ္တကြီးနှင့် ပြန်ပြီးတော့ ပေါင်းမိအောင် အားထုတ်ရမယ်ဆိုတဲ့ဝါဒတွေဘဲ။ တရားတွေထွန်းကား လာ တယ်၊ ခုအထိ ဒီဝါဒဟာ နာမည်အမျိုးမျိုးနှင့် ခေတ်စားတုန်းဘဲ၊ အဲဒီ ထွန်းကား လာတဲ့အခါကျတော့ ဒီအတ္တကလေး စားကျက်ကဘယ်မှာလဲ။ အဲဒီအတ္တ ကလေးရဲ့ စားကျက်ဟာ တဖြည်းဖြည်းနှင့် ကျယ်လာတယ်။ ဟုတ်ကဲ့လား တကာကြီး ဦးဘမောင်။

တင်ပါဘုရား။

လူ့ပြည်က လူဖြစ်နေတဲ့ သတ္တဝါတစ်ယောက်ရဲ့ အတ္တဆိုတဲ့ဟာ သူလှည့်လည်နေတဲ့ စားကျက်တွေကရှိရတော့မယ်။ နတ်ပြည်၊ ဗြဟ္မာပြည်၊ ငရဲပြည်၊ တိရစ္ဆာန်ပြည်၊ အသူရကာယ်ပြည် စသည်ဖြင့် အတ္တစားကျက် ကျယ်လာခဲ့တယ်။ အဲဒါတွေဟာ ဦးပဥ္စင်းတို့ ဂေါတမဘုရားပွင့် တော်မမူမီ နှစ်ပေါင်း လေး, ငါးရာလောက်ကစပြီး ပေါ်ပေါက်လာတဲ့ အယူဝါဒဟောင်း တွေဖြစ်တယ်။

ဒီလိုဖြစ်လာတော့ကား ဒီအတ္တချည်းဘဲ လူကစွဲစွဲပြီးလာကြတော့ အတ္တဝါဒဟာ တဖြည်းဖြည်းနဲ့ အိန္ဒိယနိုင်ငံကြီးမှာ လွှမ်းမိုးလုမတတ် အင်မတန် ကြီးစိုးတွင်ကျယ်လာတဲ့ ဝါဒကြီးတရပ် ဖြစ်လာတယ် ဦးဘမောင်။

မှန်ပါဘုရား။

ဘယ်အထိကြီးစိုးလာသလဲဆိုတော့ ဦးပဥ္ဇင်းတို့ ဂေါတမဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ခမည်းတော်၊ မယ်တော်ဖြစ်ကြတဲ့ သုဒ္ဓေါဒနနှင့် မာယာဒေဝီတို့အထိ အတ္တဝါဒီတွေ ဖြစ်ခဲ့တယ်မဟုတ်လား။

မှန်ပါဘုရား။

သူတို့ဟာ ဟိန္ဒူဝါဒ ကိုးကွယ်ကြတဲ့ လူတွေဘဲမဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

အဲဒီကမှ သိဒ္ဓတ္ထမင်းသားမွေးတယ်။ ပြီးတော့ သိဒ္ဓတ္ထမင်းသားဟာ သက်တော် ၂၉နှစ်အရွယ်ကျတော့ တောထွက်ပြီးသကာလ ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်လို့ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့တယ်။ အဲအခါကျ တော့ ဓမ္မစကြာရယ်၊ အနတ္တလက္ခဏာသုတ်ရယ်၊ ဆိုတဲ့ မိဂဒါဝုန်တရား တို့ကို ဟောတယ်။ မိဂဒါဝုန်တရားတို့တွင် ဒီ အနတ္တ လက္ခဏာသုတ်ကို ဟောတော်မူတဲ့အခါကျတော့မှ လောကကြီးမှာရှိကြတဲ့သတ္တဝါတွေ အကုန် လုံး အတ္တကြီးစွဲပြီးနေကြတော့ အဲဒီသတ္တဝါကို အင်မတန်မြတ်နိုးတဲ့ ပုဂ္ဂိုလ် တွေ အင်မတန်ယုံကြည်တဲ့ သတ္တဝါတွေရဲ့အလယ်မှာ တို့ဘုရားရှင် ကိုယ်တော်မြတ်က....

ရူပံဘိက္ခဝေ အနတ္တာ တဲ့။

ဒီစကားလုံးလေးတစ်လုံးကိုဟောလိုက်တဲ့အတွက် ဦးပဥ္ဇင်းတို့ အိန္ဒိယ နိုင်ငံရှိ ဘာသာရေးလောကကြီးတစ်ခု လုံးတုန်လှုပ်ခြောက်ခြား၍ သွားခဲ့တယ် ဦးဘမောင်ရဲ့။

မှန်ပါဘုရား။

## *<u>**အဖျက်အဆီးအမျိုးမျိုး**</u>

အဲဒီတော့ဘယ်အထိ တုန်လှုပ်ခြောက်ခြားသလဲဆိုတော့ အဲဒီ "အနတ္တဝါဒ" ကို ကြော်ငြာနိုင်ဘို့အတွက် ဦးပဥ္ဇင်းတို့ ဂေါတမဘုရားဟာ အင်မတန်ပြင်းထန်တဲ့ဒုက္ခဝေဒနာတွေ ခံစားတော်မူခဲ့ရတယ် ဦးဘမောင်။

မှန်ပါဘုရား။

နော် သေသေချာချာဖတ်ကြည့် ဦးပဥ္ဇင်းတို့။

ဝေဘာရတောင်ခေါင်း၊ ကျောက်မောင်းဆင်ကာ။

ဒေဝဒတ်ယုတ်၊ ခလုပ်အသာ ဆိုတဲ့အတိုင်း ဒေဝဒတ်က ကျောက် ခဲနဲ့ ကျောက်မောင်းဆင်ပြီးတော့ချတဲ့ကိစ္စ ဟာ ဘုရားရှင်ကို အသေသတ်ဖို့ ကြံတာပဲမဟုတ်လား။

မှန်ပါဘုရား။

အဲ ထို့နောက် နာဠာဂီရိဆင်ကြီးကို အရက်ကိုးမောင်းတိုက်ပြီး ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွတဲ့အချိန်မှာ လွှတ် လိုက်တဲ့ကိစ္စဟာလည်း ဘုရားရှင်ကိုယ်တော်မြတ်ကို အသေသတ်ဖို့ဆိုတဲ့ကြံရွယ်ချက်ပဲ မဟုတ် လား။

မှန်ပါဘုရား။

အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ပေါ့ပေါ့စား၊ ပေါ့ပေါ့သွားပြီးတော့ သူများတကာဟောတဲ့ အတ္တကို သာဝင်ဟောလိုက်ရင် ဒီဒုက္ခတွေ ခံရပါ့မလား။

မခံရပါဘုရား။

မခံရဘူး၊ အဲဒါ အသက်တိုင်အောင် အကြံခံရတဲ့ ဒုက္ခပဲ၊ ဒီလို အသက်တိုင်အောင် ကြံစည်ခြင်းကိုခံရတဲ့အပြင် အဲဒီလိုအသက်ကို သေကြောင်းကြံလို့ မရတဲ့အခါမှာတော့ အရှက်နဲ့ ကြံစည်ခဲ့ရတာကို တွေ့တယ် မဟုတ်လား။

တွေ့ပါတယ်ဘုရား။

စိဉ္စမာဏဝိကာတို့၊ သုန္ဒရီပရိဗိုဇ်မတို့လေ၊ အဲဒီကိစ္စတွေဟာ ဘာကြောင့်ပေါ်သလဲဆိုတော့ အမှန်ကိုထုတ်ပြီးတော့ ရဲရဲဝံ့ဝံ့ စွန့်စွန့် စားစား အသက်နဲ့ စည်းစိမ်ကိုပင် ပဓာနမထားဘဲနဲ့ ဟောကြားသောသတ္တိ ကြောင့် ဤကဲ့သို့ ဒုက္ခတွေ၊ ဤကဲ့သို့သောကြံစည်မှုတွေကို ခံခဲ့ရခြင်းဖြစ် တယ် မဟုတ်လား။

တင်ပါဘုရား။

ဒါပေမဲ့လို့ ဂေါတမဘုရားက လူတွေအကုန်လုံးက ယုံကြည်နေတယ်၊ မြတ်နိုးနေတယ်၊ ရှိခိုးနေတယ်၊ ပူဇော်နေတယ်၊ နေ့စဉ် နေ့တိုင်း အိမ်တိုင်း၊ ရွာတိုင်း၊ မြို့တိုင်းမှာ ပူဇော်ပသမှုတွေ၊ ယဇ်ပွဲတွေအမျိုးမျိုးဆင်ပြီးတော့ နေကြတဲ့ ဗြဟ္မာမင်းကြီး၊ ထို့ပြင် ပိဿနိုးနတ်ကြီး၊ ပြီးတော့ မဟာဒေဝနတ်ကြီး ဆိုတဲ့ အိန္ဒိယနိုင်ငံရဲ့နတ်ကြီးသုံးပါးကို ဘုရားရှင်ကိုယ်တော်မြတ်က အမြဲတမ်း ပျက်ရယ်ပြုတော်မူခဲ့တယ်မဟုတ်လား။

တင်ပါဘုရား။

အဓိပ္ပါယ်က ရယ်စရာတွေလုပ်ခဲ့တယ်။ အဲဒီလောက်ဘုရားရှင် ကိုယ်တော်မြတ်က ရဲရဲဝံ့ဝံ့နှင့် လောကရှိ လူသားအားလုံးရဲ့ အစွဲဥပါဒါန် တွေကို အင်မတန်ချွတ်ချင်လွန်းလို့၊ အင်မတန် သန့်ရှင်းစေချင်လွန်းလို့ ဒီလောက် ဒုက္ခရစရိယာ ခြောက်နှစ်ကြာအောင် ကျင့်ပြီးသကာလ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးသည့်နောက်ကာလ၌ အားလုံး သောလူထုရဲ့ အကျိုးငှာ အနတ္တ ဝါဒကိုစတင်ပြီးတော့ ဟောတော်မူတယ်။ အဲဒီလိုဟောတဲ့အတွက် ဖြစ်ပေါ် လတ္တံ့သော ဘေးဒုက္ခတွေကို ဘာတစ်ခုမျှ ဂရုမပြုဘဲနှင့် အတိအလင်း ဖွင့် တော်မူခဲ့တယ်။ ဝေဖန်စရာရှိလျှင်လည်း ဦးပဉ္ဇင်းတို့ဂေါတမ ဘုရားဟာ ရက်ရက်စက်စက် ဝေဖန်ခဲ့တဲ့ ဘုရားမဟုတ်လား။

တင်ပါဘုရား။

အဲဒါကြောင့် လူတွေဟာ ရဟန်းကြီးဂေါတမကွလာပြီဆိုမှဖြင့် ဦးပဉ္ဇင်း တို့ စာထဲမှာလာတဲ့အတိုင်းဆိုရင် တကတဲ အုတ်အော်သောင်းတင်း ဖြစ်သွားတယ်မဟုတ်လား။

တင်ပါဘုရား။

အဲဒီလိုအုပ်အော်သဲလဲဖြစ်တာဟာ ဘာကြောင့်လဲလို့ဆိုတော့ ပုဂ္ဂိုလ်ထူးတစ်ယောက်ပေါ်လာတဲ့အခါမှာ တချို့က အကောင်းပြော၊ တချို့ က အဆိုးပြော၊ အဲဒီလိုနေတဲ့ခေတ်ကြီးဖြစ်ခဲ့တယ်။

*<u>**ဘုရား ၆-ဆူ**</u>

အဲဒီမှာ ဦးပဉ္ဇင်းတို့ဘုရားရှင်လက်ထက်တော် အခါကျတော့ ဒီဘာသာ အတ္တဝါဒတွေမှာ ထွန်းကားတုန်းဘဲ မဟုတ်လား။

တင်ပါဘုရား။

ဘုရားကြီးခြောက်ဆူဆိုတာလည်းကြားဖူးတယ်မဟုတ်လား။

ကြားဖူးပါတယ်ဘုရား။

သိဉ္စည်းတို့ နိဂဏ္ဌနာဋ္ဌပုတ္တတို့၊ ပကုဓကစ္စာယန၊ အဇိတကေသ ကမ္ဗလတို့၊ မက္ခလိဂေါသာလတို့ အစရှိတဲ့ ဘုရားကြီး ခြောက်ဆူက ဦးပဉ္ဇင်း တို့ ဘုရားရှင်မပွင့်ခင်ကလေး ခေတ်က သူတို့ဟာသူတို့ ဂိုဏ်းဆရာကြီး တွေဘဲ၊ တပည့်တပန်းတွေမြောက်များစွာနှင့် သူတို့ရဲ့တရားတွေကိုသူတို့ ဟောပြီးတော့ သူတို့နိဗ္ဗာန်သူတို့ဆောင်နေကြတာ မဟုတ်လား။

မှန်ပါဘုရား

အဲဒီဦးပဥ္စင်းတို့ဘုရားပွင့်လာပြီးတော့ ဒါတွေမှားတယ်လို့ပြော လိုက်တယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီဘုရားကြီးခြောက်ဆူပွင့်လာပြီး သကာလ ဟောနေကြဖြစ်တဲ့ တရားတွေကို ဦးပဥ္စင်းတို့ဘုရားကိုရက်ရက်စက်စက် ဝေဖန်ပြီးသကာလ ဒါတွေဟာ အေးငြိမ်းကြောင်းတရားမဟုတ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားမဟုတ်၊ ကိလေသာတဏှာကုန်ခန်းကြောင်းတရားမဟုတ်၊ အမှန်မှာ ကိလေသာတိုးပွား ကြောင်းသာ ဖြစ်တယ်လို့ ဟောခဲ့တယ်မဟုတ်လား။

တင်ပါဘုရား။

အဲဒီလိုခေတ်ကြီးဖြစ်တဲ့အတွက် ဦးပဥ္စင်းတို့ ယခုဟောပြမဲ့ ဗုဒ္ဓ မှတ်ကျောက်ကို ဆောင်ထားဖို့လိုလာတယ်။ ကေသမုတ္တိဆိုတာ ရွာနာမည် ဖြစ်တယ်။ အဲဒီကေသမုတ္တိရွာမှာ ကာလာမဆိုတဲ့ မင်းမျိုးတွေနေကြတယ်။ အဲဒီအခါမှာ ခုနကပြောတဲ့ အတိုင်း ရပ်ရွာလှည့်ပြီးသကာလ တောင်ဝှေး တစ်ချောင်းကိုင်ပြီး တေဒတရား ဓမ္မဟောပြောနေကြတဲ့ ဓမ္မဆရာတွေ တစ်ဦးပြီးတစ်ဦး ကေသမုတ္တိ ရွာသို့ရောက်လာကြတယ်။ အဲရောက်လာ ကြတဲ့အခါကျတော့ ကေသမုတ္တိရွာသားကာလာမမင်းများတို့က လည်းတွေ လာသမျှ ဓမ္မကထိက တွေကို အလွက်မပေးဘဲ တကတဲပင့်ပင့်ပြီး တော့တရားနာကြတယ်။ အဲသလိုတရားနာကျတဲ့အခါကျတော့ ဟောတဲ့ ပုဂ္ဂိုလ်တွေဟာဘယ်လိုဟောသလဲ ဆိုတော့

ဟော.. ကာလာမတို့

အခုငါဟောတဲ့တရားတွေကိုမင်းတို့နာကြ၊ မှတ်ကြ၊ ငါဟောတဲ့ တရား တွေကိုမင်းတို့ကျင့်ကြံကြ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဟောတဲ့တရားဟာအမှန် ဖြစ်တယ်၊ မနေ့တနေ့ကမင်းတို့ဆီကိုလာပြီးဟောသွားတဲ့ ပုဂ္ဂိုလ်ရဲ့တရားက တော့မှားနေတယ်ကွာ၊ အဲဒါမင်းတို့ မလိုက်နာကြနဲ့တဲ့။ ဒီလိုချည်းဘဲဟော ဟောသွားကြတယ်။ နောက်တစ်ပါးလာဟောပြန်တော့လဲ ဒီအတိုင်းပဲ ငါဟော တာမှန်တယ် သူဟောတာလိုက်နာကျင့်သုံးကြဟောပြန်တယ်။ အဲဒီတော့ ဓမ္မကထိကဆိုတော့လည်းပဲ ကိုယ်ဟောတာကိုယ် မှန်နေမှာပေါ့ ဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

ကိုယ်ဟောတာမှ ကိုယ်မမှန်ရင် ဒီပြင်လူအတွက် ခက်ခက်ရချည့် ဖြစ်မနေဘူးလား။ အဲဒါနှင့် ကေသမုတ္တိရွာရောက်လာကြသော ဓမ္မကထိကနှင့် တရားဟောဆရာတိုင်းက ဘာဟောသွားသလဲဆိုတော့ သူတို့ ဟောတာသာ မှန်သည်၊ အခြားပုဂ္ဂိုလ်ဟောတဲ့တရားတွေဟာ မမှန်ဘူးလို့ အဲသလိုချည်း ဟောသွားကြတော့ အဲဒီကေသမုတ္တိရွာသား ကာလာမမင်းများရဲ့ စိတ်ထဲမှာ သံသယဖြစ်လာတယ်။ ဘယ်နှယ်ဖြစ်သလဲဆိုတော့ ဟိုကိုယ်တော်ကလည်း သူဟာမှန်တယ်၊ တခြားဟာတွေဟာ မှားတယ်၊ နောက်ကိုယ်တော်ကျပြန်တော့ အရင်ဟာမှားတယ်၊ သူ့ဟာမှန်တယ်၊ အဲဒီလိုဆိုတော့ ဘယ်သူ့ဟာမှန်ပါလိမ့် မလဲလို့ သံသယဖြစ်နေစရာမကောင်းဘူလား ဦးဘမောင်။

ကောင်းပါတယ်ဘုရား။

အဲ အခုလဲဘဲ ဒီလိုဘဲ ဦးပဥ္စင်းက ဒီအတိုင်းဟောပစ်ခဲ့မယ်၊ ဒီဟာ မှန်တယ်သူများဟာမှားတယ်လို့ပြောရင် တကာကြီးတို့ စိတ်ထဲ သံသယဖြစ်မှာ ဘဲ။ ဘယ်လောက်မှန်ပါလိမ့်မတုန်းလို့ ဖြစ်မှာဘဲမဟုတ်လား။

မှန်ပါဘုရား။

အဲဒီလို သံသယဖြစ်ပြီးတော့ လူတွေဟာ မကျေမနပ်နှင့်ပေါ့လေ၊ ဘယ့်နှယ်လဲကွယ်တို့၊ ဓမ္မကထိကဆရာတော်တွေဟောဟောသွားကြတာ သူတို့ ဟောတာမှန်တယ်၊ ဒီပြင်လူဟောတာတွေမမှန်ဘူးလို့ ပြောပြောသွားတော့ ခက်ခက်ရချည်ရဲ့လို့ဆိုပြီး ဘယ်သင်းလိုက်နာရပ့်ါမလဲ၊ ဘယ်ဟာကိုမှန်တယ် လို့ယူဆရပ့်ါမလဲ၊ ဘယ်သင်းကျင့်ကြံရပ့်ါမလဲလို့ စသဖြင့် သံသယတွေ ကုက္ကုစ္စတွေ ဖြစ်ပြီးတော့နေကြတယ်။

အဲဒီလိုဖြစ်ပြီးတော့ နေကြတဲ့အခိုက်အတန့်မှာ ဘုရားရှင်ကိုယ်တော် မြတ်ကလည်း ကောသလတိုင်းမှာ ဒေသစာရီလှည့်လည်ကြွသွားတော်မူ၍ အဲဒီ ကေသမုတ္တိရွာကို ရောက်တော်မူတယ်၊ ကေသမုတ္တိရွာရောက်လာတဲ့အခါ တက တဲ အုပ်အော်သောင်းလဲဖြစ်တာပေ့ါ။ သာကီဝင်မင်းမျိုးထဲမှ နန်းမသုံး ဆောင်နှင့် တကွ ယတော်ရော အစရှိတဲ့ မောင်းမမိသံ ခြွေရံသင်းပင်း ဟူသမျှနှင့် လောကစည်းစိမ်တွေ အကုန်လုံးစွန့်ပြီးတော့ ထွက်လာတဲ့ သိဒ္ဓတ္ထဖြစ်တဲ့ ဂေါတမ၊ ရဟန်းကြီးဂေါတမ ရောက်လာပြန်ပတဲ့ဟေ့ ရောက်လာပြန်ပတဲ့လို့ အရပ်ထဲ ကြွေးကြော်ပြီးတော့ ဘုရားရှင်ထံအကုန်လုံးစုဝေးရောက်လာကြတာ ပေါ့။ ကာလာမမင်းများက ရောက်ရောက်ခြင်းဘဲ ဘုရားရှင်ထံ ဒီလိုလျှောက် တော်မူတယ်။

*<u>လျှောက်ထားကြပြီ</u>

တပည့်တော်တို့တော့ဒုက္ခဖြစ်နေပါပြီ၊ တပည့်တော်တို့ရွာရောက်တဲ့ တရားဟောဆရာတွေဟာ သူတို့ဟောတာသာမှန်တယ် ဒီပြင်လူဟော တာတွေမမှန်ဘူးလို့ ပြောကြပါတယ်ဘုရား။ ဒါကြောင့် တပည့်တော်တို့မှာ သူတို့ပြန်သွားတဲ့အခါကျတော့ ဘယ်တရားလိုက်နာရမလဲ၊ ဘယ်တရားက အမှန်လဲ၊ ဟိုတရားကမှားတယ်၊ ဒီတရားကမှန်တယ်၊ အဲဒီလို ဝေဖန်ပိုင်းခြားဖို့အတွက် အခက်ကြုံနေပါတယ်၊ ဘုရားတပည့်တော်တို့မယုံကြည်တတ်အောင် ဖြစ်လာပါတယ်ဘုရား။ သံသယ၊ ကုက္ကုစ္စတွေဖြစ်လာပါတယ်ဘုရား။ ဝိစိကိစ္ဆာတွေ ဖြစ်လာပါတယ်ဘုရား။ အဲဒါနဲ့ပတ်သက်လို့ တပည့်တော်များ ဘယ်နှယ်လုပ်ရမလဲ အဲဒီလို လျှောက်ထားတယ်။

ဒီတော့ ဘုရားသခင်က..

ကာလာမတို့

မင်းတို့သံသယဖြစ်တာလဲ အပြစ်ဆိုစရာမရှိဘူးဖြစ်ထိုက်ပါတယ်၊ ဝိစိကိစ္ဆာဖြစ်တာလဲ အပြစ်ဆိုစရာမရှိဘူး။ ဘာပြုလို့လဲဆိုတော့ကာ ရပ်ရွာသို့ရောက်လာပြီးသကာလ တရားဓမ္မဟောပြပြီးသွားကြတဲ့ ဓမ္မဆရာအသီးသီးတို့က အဲဒီသူဟောတဲ့တရားသာမှန်တယ်၊ အခြားတရားမှားတယ်လို့ပြောသွားရင် ဒါလောကထုံးစံအတိုင်းဘဲ။သံသယတွေ၊ ကုက္ကုစ္စတွေ၊ ဝိစိကိစ္ဆာတွေ မင်းတို့ရဲ့စိတ်ထဲမှာ ဖြစ်ရမှာအမှန်ဘဲ။အဲဒါမလွဲနိုင်ဘူး။

ဒီတော့ "ဘုရားတပည့်တော်များ ဘယ်လိုတရားများလိုက်နာ ကျင့်သုံးရပါ့မလဲ၊ ဘယ်လိုတရားကို အမှန်လို့တပည့်တော်များမှတ်ယူရပါ့မလဲ။ အဲဒီလို အမှန်မှတ်ယူနိုင်အောင် အမှန်ဆိုတဲ့တရားတပည့်တော်တို့ မှတ်ယူနိုင်အောင် နည်းလမ်းညွှန်ပြပြီးသကာလ ဥပဒေသလေးများပေးတော်မူပါဘုရား" လို့ ကာလာမမင်းသားတွေက ဘုရားရှင်ကိုယ်တော်မြတ်အား လျှောက်ထားကြတဲ့ အခါကြတော့မှ ယခုယနေ့ညဟောမဲ့ ကေသမုတ္တိသုတ်ကို ဘုရားရှင်ကိုယ်တော်မြတ်အစချီပြီး ဟောတော်မူတယ် ဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

အဲဒီတော့ ဒီသုတ်ကဘာလုပ်ဖို့ ဘုရားကဟောသလဲလို့ဆိုတော့ ဒီတရားနာတဲ့ပရိတ်သတ်တွေ တရားနာတဲ့လူတွေ တရားကိုကျင့်ကြံကြိုးကုတ်အားထုတ်ချင်တဲ့လူတွေ အမှန်တရားကိုရလို ရောက်လိုတဲ့ လူတွေအတွက်

မှတ်ကျောက်အဖြစ်ဖြင့် ဘုရားရှင်ကိုယ်တော်မြတ်က ပေးတော်မူတယ် ဟုတ်ကဲ့လား ဦးဘမောင်။

တင်ပါ့ဘုရား။

အဲဒီတော့ တကာကြီးဦးဘမောင်တို့ လောကမှာ ရွှေရောင်းရွှေဝယ် လုပ်တဲ့ ပုဂ္ဂိုလ်များမှာ မှတ်ကျောက်ကလေးရှိရတယ်မဟုတ်လား။

ရှိပါတယ်ဘုရား။

အဲ-မှတ်ကျောက်မရှိရင် အဲဒီရွှေရောင်းရွှေဝယ်လုပ်တဲ့လူဟာ မုချ အလိမ်ခံရပြီးသွားဘဲမဟုတ်လား။

တင်ပါဘုရား။

အဲဒီတော့ ရွှေကောင်းတယ် မကောင်းဘူးကိစ္စနှင့် ရွှေကအရည်မှီတယ်၊ မမှီဘူးဆိုတဲ့ ကိစ္စတွေကို ဘယ်လူကဘယ်လူကို ဆုံးဖြတ်ပေးသလဲဆိုတော့ အဲဒီမှတ်ကျောက်ကလေးကဘဲ။ အဲဒီမှတ်ကျောက်ကလေးနှင့် ကျကျနနတိုက် ကြည့်ပြီးတော့ဝယ်မှ အဲဒီလိုမှမဝယ်လို့ရှိရင် မှတ်ကျောက်မပါလို့ရှိရင် ရွှေတု ရွှေလိမ်ရွှေညာ (သို့မဟုတ်) အရည်မမှီ၊ အရည်မကိုက်တဲ့ရွှေတွေကို မင်းတို့ ရကြတော့မှာအမှန်ဘဲ။

ဒါကြောင့် ကာလာမမင်းတို့ မင်းတို့တသက်လုံးအတွက် မင်းတို့ တစ်ဘဝလုံးအတွက် နောက်နောင်အခါ ဘယ်ကဲ့သို့သော တရားဟော ဆရာက ဟောစေကာမူ အဲဒီတရားမှန်မမှန်၊ အဲဒီ တရားဟာအကျိုးရှိမရှိ၊ အဲဒီတရား ကုသိုလ်လား အကုသိုလ်လား၊ အဲဒီ တရားဟာ ပစ္စုပ္ပန်တမလွန်စသော ဘဝတို့ ၌ လက်ထိလက်ရောက် အကျိုးပေးနိုင်တဲ့ တရားဟုတ်မဟုတ် စသည်ဖြင့် စစ်ဆေးဘို့ရာ မင်းတို့လိုက်နာကျင့်သုံးနိုင်အောင် ကျင့်ကြံကြိုးကုတ်အားထုတ် နိုင်အောင် ဟောဒီက ငါယခု ဟောမည့် တရားတော်ကို မှတ်ကျောက်အဖြစ်ဖြင့် မင်းတို့ ဆောင်ထား ကြပါလော့။

ဒီလိုဆောင်ထားရင် ဓမ္မဘက်ဆိုင်ရာ အမှားနဲ့အမှန်နှင့် ပတ်သက်ပြီး မင်းတို့ အညာအဝါ အလိမ်မခံရတော့ဘူး။ မှတ်ကျောက် ဆောင်ထားတဲ့ ရွှေပန်းထိမ်သည်များလို မင်းတို့မှာ မှန်ကန်သောရွှေကို ရရာရကြောင်းနည်း ကောင်းတွေ ဖြစ်လိမ့်မယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်က ပထမဆုံး နံပါတ်-၁ အနေနှင့် ဘာဟောသလဲ။

***တဆင့်ကြားမယုံလေနဲ့**

နံပါတ်(၁)က-

မာအနုဿာဝေန ဂဏှိတ္ထ၊

အနုဿာဝေန၊ တဆင့်စကား တဆင့်ကြားခြင်းဖြင့်လည်း။ မာဂဏှိတ္ထ၊ မှန်ပြီဟူ၍ မင်းတို့မမှတ်ယူကြကုန်လင့်လို့ ဟောခဲ့တယ်၊ ဟောဒီ နံပါတ် (၁)ကို ဦးပဥ္ဇင်းတို့နားလည်ဘို့အရေးကြီးတယ်၊ တဆင့်စကား တဆင့်နားဆိုတော့ ဦးပဥ္ဇင်းတို့ရဲ့ကမ္ဘာမှာ လူမျိုးတိုင်း၊ တိုင်းပြည်တိုင်း၊ နိုင်ငံတိုင်းမှာ ရှိတယ် မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

ဘာပြုလို့လဲဆိုတော့ ရှေးလူကြီးတွေက ရှေးစကားတွေပြောပစ်ခဲ့တာ အများကြီးရှိသကိုး။ ဦးပဥ္ဇင်းတို့ ဗမာနိုင်ငံမှာလည်း ရှိသားဘဲ။ ဘာလဲဆိုတော့ ဦးပဥ္ဇင်းတို့အညာတော့ရှိတယ် ရွှေယုန်နှင့် ရွှေကျားသက်ကယ်ရိတ် သွားတုံးက ဆိုတဲ့ ဝတ္ထုပုံပြင်ကလေးတွေလေ ဒီမှာကောရှိသလား။

ရှိပါတယ်ဘုရား။

ပြီးတော့...

ဟိုရွှေလမှာ ယုန်ဝပ်လို့ ဆန်ဖွပ်သည့်အဖိုးအို ဟောကြည်ပါဆို ဒါလည်းရှိတယ်မို့လား။ အဲဒီဒဏ္ဍာရီပုံပြင်ကလေးတွေကို ရှေးလူတွေက ဟောပြောပစ်ခဲ့တယ်။ ရှေးလူကြီးတွေကတဆင့်ပြီးတဆင့် တဆင့်ပြီးတဆင့် ဆက်ခါဆက်ခါဟောပစ်ခဲ့တယ်။ အဲဒီလိုဟောပစ်ခဲ့တော့က လူတွေရဲ့စိတ်ထဲမှာ ဘာဖြစ်သလဲဆိုတော့ ဒါတွေဟာ ရှေးစကားဘဲ၊ ရှေးအခါကပုဂ္ဂိုလ်ကြီးတွေဟာ ဧရာမပုဂ္ဂိုလ်ကြီးတွေဖြစ်တယ်၊ ဧရာမပညာရှိကြီးတွေဖြစ်ခဲ့ကြတယ်။ သို့ဖြစ်ခဲ့တဲ့အတွက် ဟိုကတဆင့်ကြားလာတာဖြစ်ပေမဲ့လို့ အဲဒီဟာတွေအကုန်မှန်တယ် ဆိုတာကို လူထုကြီးတရပ်လုံး ယုံကြည်နေကြတယ်မဟုတ်လား။

တင်ပါဘုရား။

အိန္ဒိယနိုင်ငံကြီးမှာ အဲဒီအခါတုံးက အနုဿာဝ တဆင့်ကြားဖြင့် မှန်တယ်လို့ ယုံကြည်နေတဲ့ဘာသာတွေ အယူဝါဒတွေအများကြီးရှိခဲ့ပါတယ်တဲ့။ အဲဒီတော့ရှေးတုန်းက တဆင့်စကား တဆင့်နားနှင့်ကြားကြားပြီးတော့လာခဲ့တဲ့ ကိစ္စတွေကို မင်းတို့မှန်တယ်လို့ မယုံကြနဲ့တဲ့။ ဘာပြုလို့လဲဆိုတော့ ဒီတဆင့်

စကားဟာ မှန်နိုင်တဲ့ အကြောင်းအချင်းအရာ ရှိပါ့မလား။ အခြေခံရှိပါ့မလား ဦးဘမောင်။

မရှိနိုင်ပါဘုရား။

အဲဒီတော့ ဂေါတမဘုရားရဲ့ ဆိုလိုရင်းကတော့ ဦးပဉ္ဇင်းတို့ ဓမ္မစကြာမှာပါတဲ့ သစ္စာလေးပါးတရားမှတပါး အခြားတရားတွေနှင့် ပတ်သက်လာရင် သတိရှိဘို့လိုတယ်။ အကယ်၍ ဦးဘမောင် ရဲ့နားထဲမှာ တစုံတရာ ကြားလိုက်ရပြီး ဆိုပါတော့ ရန်ကုန်ကပြန်လာတဲ့ လူကပြောလို့ဘဲဖြစ်ဖြစ်၊ မန္တလေးကဘုရားဖူးပြီး ပြန်လာသူကပြောလို့ဘဲဖြစ်ဖြစ်၊ (သို့မဟုတ်) ဟသ်ာတနယ်ဘက်မှာပေါ်နေတဲ့ မယ်ကုဝဏ်ဆီက ပြန်လာတဲ့လူကဘဲဖြစ်ဖြစ် ပြောလို့ တဆင့်ကြားနဲ့မယုံကြနဲ့ဟုတ်လား။ **ပမာဆိုကြပါစို့-** မယ်ကုဝဏ်ဆီ သွားပြီးတော့ ဘာလေး ညာလေးလုပ်လိုက်တာနဲ့ ဘာရောဂါ ညာရောဂါ ပျောက်လာခဲ့တယ်ဆိုတာ တဆင့်စကား တဆင့်နား မကြားပေဘူးလား။

ကြားပါတယ်ဘုရား။

အဲလိုတဆင့်စကားတဆင့်နားကြားယုံနဲ့တော့ဖြင့်ရင် သင်ကာလာမတို့ မင်းတို့ အမှန်လို့ မယုံကြည်ကြနဲ့လို့ ဆိုလိုတယ်မဟုတ်လား။ အဲဒီတဆင့်စကား တဆင့်နားကို မှန်တယ်လို့ မင်းတို့မယုံရင် ဘာလုပ်ရမလဲညွှန်ပြချက် လိုမနေဘူးလား။

အဲညွှန်ပြချက်က အဲဒီလို တဆင့်စကားတဆင့်နားကြားရင် တကယ်လို့ မင်းစိတ်ထဲမှာ ယုံကြည်ချင်ရင် အားထားချင်ရင် အဲဒီကြားရတဲ့ စကားအတိုင်း ကျင့်ကြံလိုရင် အားထားလိုရင် အဲဒီမင်းကြားတဲ့နေရာကို မင်းတို့ကိုယ်တိုင် သွားပြီးတော့ လက်တွေ့စုံစမ်းကြည့်ပါတဲ့ သဘောပေါက်ကဲ့လား ဦးဘမောင်။

ပေါက်ပါတယ်ဘုရား။

(သို့မဟုတ်)အနုဿဝ တဆင့်စကားတွေကို တဆင့်ကြားတရားတွေကို တဆင့်ကြားဖြစ်တဲ့ ကိစ္စတွေကို ဒီလိုကိုယ်တွေလည်း မစုံစမ်းနိုင်သေးဘူး။ အလုပ်ကိစ္စများလို့ မသွားနိုင်သေးဘူးဆိုရင် နောက်တနည်းက ယခုတင်က ပြောခဲ့တဲ့ သစ္စာလေးပါးထဲ ထည့်ကြည့်လိုက် ဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီတော့ တဆင့်စကားကို သစ္စာလေးပါးထဲ ထည့်ကြည့်လိုက်လို့ ဒုက္ခသစ္စာထဲဝင်မယ်၊ သမုဒယသစ္စာထဲဝင်မယ်၊ နိရောဓ မဂ္ဂဆိုတဲ့သစ္စာလေးပါး တပါးပါးထဲသွတ်သွင်းနိုင်မဲ့ အရည်အချင်းရှိလာတဲ့ အနုဿဝ တဆင့်ကြား ဆို

ရင် ၎င်းကိုမှန်ပြီလို့သာ မင်းတို့ယုံကြည်နိုင်တယ်။ သို့မဟုတ်ဘဲနဲ့ အနုဿာဝ တခုသက်သက် တဆင့်ကြားသက်သက်ကိုတော့ မုချဧကန် တကယ်မှန်ပြီဟူ၍ ငါ၏ ချစ်သား ကာလာမများတို့ မင်းတို့မယုံကြကုန်လင့်လို့ ဘုရားရှင်က ဟောခဲ့တယ်။

***မိရိုးဖလာမို့လဲ မယုံကြနဲ့**

မာအနုဿာဝေန၊ ပြီးတော့ နံပါတ် (၂)က ဘာလာလဲ၊

မာ ပရမ္ပရာယ ဂဏှိတ္ထ။

ပရမ္ပရာယ၊ ဆရာစဉ်ဆက် မိရိုးရာ ဘိုးဘေးဘီဘင် အစဉ်အဆက်က မှန်သည်ဟု ယုံကြည်လာကာမျှနှင့်။ မာဂဏှိတ တကယ်မှန်ပြီဟု မယုံကြည်ကြလင့်တဲ့ ဟုတ်လား။

တင်ပါဘုရား။

အဲဒီပရမ္ပရဆိုတာ အစဉ်အလာ ယုံကြည်မှုကို ဆိုတယ်၊ အဓိပ္ပါယ် က တဆက်ပြီးတဆက်၊ တဆက်ပြီးတဆက်၊ ဆက်ဆက်ပြီးလာတဲ့ ဘိုးဘေး ဘီဘင်အစဉ်အဆက်တွေရှိတယ်။ ငါတို့ရဲ့ ဘိုးကပြောခဲ့တယ်၊ ငါတို့ရဲ့အဘက ဆုံးမခဲ့တယ်။ တို့ဘိုးရဲ့ ဆွေခုနှစ်ဆက်တွင် ဘယ်သူကပြောခဲ့တယ်၊ ဘယ်ဝါက ဟောခဲ့တယ်၊ အဲဒီကိစ္စတွေမှာ သူတို့ကပြောခဲ့တယ်ဆိုတာနဲ့မယုံလေနဲ့ မင်းတို့ ကမှန်တယ်လို့ မယုံကြနဲ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ဒီနေရာကြတော့ တော်တော်ပြင်းထန်လာပြီ။ ဦးပဥ္စင်းတို့ ဆီမှာရှိတဲ့ မိရိုးဖလာစွဲကို ဆိုတာမဟုတ်လား။

မှန်ပါဘုရား။

အဲဒီတော့ ဦးဘမောင်တို့ ဦးပဥ္စင်းတို့မှာ မြန်မာလူမျိုးဖြစ်သည့် အား လျှော်စွာ မြန်မာပြည်၌ဖြစ်တဲ့ မိရိုးဖလာအစွဲတွေ မနဲဘူးရှိကြပါလိမ့်မယ် ဟုတ်လား။

မှန်ပါဘုရား။

အဲကုလားပြည်ရောက်ပြန်တော့လည်း အတူတူဘဲ။ ကုလားလူမျိုး ကလည်း ကုလားထုံးစံအရ ကုလားရဲ့သဘာဝအတိုင်း ကုလားတို့ရဲ့ အစွဲတွေ ဥပါဒါန်တွေ အဲဒီပရမ္ပရကိစ္စအစဉ်အဆက်က ယူလာခဲ့တဲ့ အစွဲတွေအများ ကြီး

သူတို့မှာလည်း ရှိကြပါတယ်။ အဲဒီတော့ လူမျိုးတိုင်း လူမျိုးတိုင်းမှာ အစွဲအမျိုးမျိုးရှိကြတာဘဲ၊ အင်္ဂလန်သွားကြည့်လည်းရှိတာဘဲ ဟုတ်ကဲ့လား။ အမေရိကန်တိုက်ကြီးဟာ အင်မတန်တိုးတက်နေတယ်ဆို မဟုတ်လား။ အဲဒီကို သွားကြည့်လဲဘဲ သူတို့မှာလည်းမနည်းဘူး။ အဲဒီပရမ္ပရကဟာတွေ ယုံကြည်နေကြတာတွေ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အင်္ဂလိပ်လူမျိုးတို့ အမေရိကန်လူမျိုးတို့ဆိုလည်း သူတို့ဟာ သူတို့ယုံကြည်ချက်နှင့် သူတို့ရှိတယ် ဦးဘမောင်။

တင်ပါဘုရား။

ဒီပြင်ဟာမကြည့်နှင့် အင်္ဂလိပ်အိမ်ဖြစ်ဖြစ် ကုလားအိမ်ဖြစ်ဖြစ် သွားတဲ့အခါကြတော့ ဟိုလိုတံခါးပေါက်မှာ အပေါ်တဲ့တဲ့တံခါးပေါင်မှာ မြင်းခွာကြီးရိုက်ထားတတ်တယ်။ ဘာပြုလို့တုန်းဆိုတော့ ကြက်သရေတိုးအောင် မင်္ဂလာရှိအောင် စည်းစိမ်တိုးအောင်တဲ့ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီလိုသူတို့မှာလည်း အစွဲဥပါဒါန်တွေနဲ့ဘဲ၊ ပရမ္ပရအစဉ်အလာမျိုးနှင့် ဒါမှန်တယ်၊ ဒီဟာလုပ်လို့သာလျှင် စည်းစိမ်ဥစ္စာတွေတက်လို့ တကယ်ယုံကြည်နေတာ မဟုတ်လား။

တင်ပါဘုရား။

အဲဒီပရမ္ပရအစဉ်အဆက်က မိရိုးဖလာကနေပြီးတော့ လုပ်လာတာတွေကိုကြည့်ရင် အများကြီးဘဲ၊ ပြီးတော့ ဦးရင်တိုင်မှာ ဘာလုပ်ရသလဲ နတ်အုန်းသီးဆွဲရတယ်။ ပရမ္ပရ မဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

အစဉ်အဆက်လုပ်လာတဲ့ဥစ္စာ မဖျက်ကောင်းဖူးတဲ့၊ ဟော ဦးပဥ္စင်းတို့မြန်မာနိုင်ငံမှာလည်း ဒီအတိုင်းဘဲ ဒီအစဉ်အလာတွေကို မဖျက်ကောင်းဘူး ဖျက်တဲ့ကောင် မိစ္ဆာဒိဋ္ဌိဘဲ၊ အဝီစိချိုးကိုကပ်မဲ့ကောင်ဘဲ ဆိုပြီးတော့ အများသော လူကြီးမိဘတွေက ဒီအတိုင်းကို နှိပ်စက်ပြီးတော့ ချထားလိုက်ကြတာ၊ အဲဒီလူဟာလွန့်ကိုမလွန့်ရဲဘူး မဟုတ်လား။

တင်ပါဘုရား။

သို့ရာတွင် ဘုရားကဘယ်လိုဟောခဲ့သလဲ။

မာပရံပရာယ ဂဏှိတ္ထ။

ပရမ္ပရာယ။ အစဉ်အဆက်က နှစ်သက်ပြီးတော့ စွဲမြဲပြီးတော့ ယုံကြည်ပြီးတော့လာခဲ့ကြတဲ့ အစဉ်အလာဖြစ်တဲ့အတွက် ဒီဟာတော့ မုချဧကန်တကယ်ဘဲ မှန်သည်ဟူ၍ မာဂဏှိတ္ထ၊ မစွဲယူကြကုန်လင့်လို့ ဟောခဲ့တယ်။ အဲဒီတော့ လူတွေမှာ ခက်နေတာက ဦးပဉ္ဇင်းတို့ရဲ့ မိဘဘိုးဘွားတွေက ယူလာခဲ့ကြတဲ့ အယူကိုဘယ်နည်းနဲ့မှ မစွန့်ရဲကြဘူး။ မစွန့်လိုကြဘူး ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီတော့ ဒီစကားထောက်ကြည့်သဖြင့် ဦးပဉ္ဇင်းတို့ လူစု ဒီနားက တရားဟောတဲ့ဘုန်းကြီးကစပြီးတော့ တရားနာနေတဲ့လူတွေထဲမှာ ပါဝင်နေတဲ့ ဥပါသကာတွေကို (သို့မဟုတ်) အကြောက်အချစ်မပါဘဲ မှတ်တိုက်ဆန်းစစ်လိုက်ရင်၊

နံပါတ် (၂) ကလေးနဲ့ တိုက်ကြည့်လိုက်ရင် ဘယ့်နှယ်နေပါ့မလဲ ဦးဘမောင်။ တည့်တည့်ကြီးကို တိုးနေတယ်။ ကျုပ်တို့ကလည်းဘဲ ဗုဒ္ဓဘာသာဖြစ်လာခဲ့ကြတာ ဘာပြုလို့ဖြစ်လာသလဲ ဆိုရင် အမေနှင့် အဖေကဗုဒ္ဓဘာသာဖြစ်လို့ ဖြစ်လာခဲ့ကြတာဘဲ။အမှန်ကတော့ ဒီအတိုင်းဘဲမဟုတ် လား။

မှန်ပါဘုရား။

ဟိုအမေနှင့် အဖေတို့က ဟိန္ဒူဖြစ်ခဲ့ကြရင်လည်းပဲ ဟိန္ဒူပဲဖြစ်လာတာပဲ၊ သူ့အမေနဲ့ အဖေဟာ ခရစ္စယာန်ဖြစ်ရင် သားသမီး ခရစ်ယာန်ဖြစ်လာတာပဲ၊ အဲဒါထုံးစံပဲမဟုတ်လား။

တင်ပါဘုရား။

အဲဒီတော့ ဦးပဉ္ဇင်းတို့ ဘုရားရှင်က ဦးပဉ္ဇင်းတို့လူစု မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်လာတာကို သိပ်ကြိုက်ပုံ မရဘူး ဟုတ်ကဲ့လား။

တင်ပါ့ဘုရား။

မာပရမ္ပရာယ၊အစဉ်အဆက်ယူမှု၊ စွဲမှု၊ ကိုးကွယ်မှုကို အကြောင်းပြုပြီးသကာလ အဲဒါလေးကို မပစ်ရက်ဘဲနဲ့၊ မစွန့်ရက်ဘဲနဲ့ တကတဲ လိပ်ခဲတင်းလင်း ယုံကြည်ခြင်းအမှုကို မင်းတို့မပြုနဲ့လို့ ဆိုလိုတယ်၊ ဩော်... တို့ဘိုးဘေးဘီဘင်ကကိုးကွယ်လာခဲ့တယ်၊ရွှာရှေ့ကညောင်ပင်ကြီးမှာ လေး

တိုင်စင်ကလေးဆောက်လို့ ရေစင်အိုးလေး ဘာလေးထားလို့ သပြေခက်ကလေးထိုးလို့ ဖျင်ဖြူဖျင်နီကလေးတွေခင်းလို့ တွေ့ရတယ်။

တကာကြီးတို့ဆီမှာတော့ ဘာနတ်ရုပ်ထားတယ် မပြောတတ်ဘူး၊ ကျုပ်တို့ဆီမှာတော့ မြင်းဖြူစီးတဲ့နတ်ပဲ၊ အထက်မြန်မာနိုင်ငံကျတော့မြင်းဖြူစီးတဲ့မြင်းဖြူရှင်ပဲ၊ အဲဒီမြင်းဖြူရှင်ခေါ်တဲ့နတ်က ရွာဦးတိုင်း ရွာဦးတိုင်းမှာ ရှိတယ်။ ဒါဟာ ရွာတည်တဲ့အခါက စခဲ့တာပဲ၊ ရွာတည်ရန် ရွေးကရွာမိ၊ ရွာဖ တွေစုဝေးတဲ့အခါကျရင် ဘာပြောသလဲဆိုတော့.....

ပေ့လူတို့၊ ဒီနတ်စင်တော့ အရင်ဆုံး လုပ်မှတဲ့။

ဘာပြုလို့လဲဆိုတော့ တို့ရှေးလူကြီးအစဥ်အဆက်က စပြီးတော့ လုပ်လာတာ အခုတို့ကျမှ မလုပ်ရင်မဖြစ်ဘူးလို့ပြောကြတယ်မဟုတ်လား။

တင်ပါဘုရား။

အဲဒါပရမ္မရာဘဲ၊ အဲဒီ ပရမ္မရာစွဲဆိုတာ အင်မတန်အစွဲကြီးတယ်နော် ဦးဘမောင်။

မှန်လှပါဘုရား။

အဲဒီအစွဲကြောင့် တကာကြီး ဦးဘမောင်တို့ဆီမှာ လယ်လုပ်ချိန်ရောက်တဲ့အခါကျတော့ လယ်ထွန်မဆင်းခင် နတ်ပူဇော်တာ ရှိတယ်မဟုတ်လား။

ရှိပါတယ်ဘုရား။

ပသ, မှုတွေကောလုပ်ကြသလား။

လုပ်ပါတယ်ဘုရား။

တလင်းဆင်းကြတော့ကော လုပ်ကြတာဘဲမဟုတ်လား။

မှန်ပါ တလင်းထဲကြတော့လဲလုပ်ကြရပါတယ်ဘုရား။

တလင်းကနေပြီးတော့ စပါးသိမ်းတဲ့အခါရှိသေးတယ် ပုန်းမဂ္ဂိနတ် တဲ့။ အဲဒီလိုအမျိုးမျိုးပေ့ါလေ။ ဒါတွေလုပ်မှ စပါးရမယ်၊ ဒါတွေလုပ်မှ ကောက်ပင်တွေသန်မယ်၊ အဲဒီလိုယုံကြည်ချက်တွေဟာ ပရမ္မရက ယုံကြည် လာတာ မဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

အဲခုခေတ်ရောက်လာကြတော့ မိုးဦးကလည်းခေါင်၊ မိုးလယ်ရေကြီး နောက်မိုးကလည်းမကောင်း ကြွက်ကလည်းကိုက် ဘာဖြစ်ညာဖြစ်နဲ့ တချို့ နယ်တွေမှာ စပါးမအောင်ဘူး မဟုတ်လား။ အဲမအောင်တော့ ဘာလုပ် ဖို့ လိုသလဲဆိုတော့ ပရမ္မရကပြုရိုးပြုစဥ်ပသရိုး ပသစဥ်ဖြစ်တဲ့လုပ်ငန်းတွေ မလုပ်ကြလို့ဘဲ ပျက်တာလား၊ (သို့မဟုတ်)မိုးကိုက တကယ်မရွာလို့ ပျက်တာလား ဆိုတာတွေကိုစဥ်းစားကြည့်ရမယ်။ အဲဒီတော့ ဦးပဥ္ဇင်းတို့ လူစုကမစဥ်းစားဘူး။ မိုးမရွာတာဟာ တကယ်ကို ဒီကဘာမှမလုပ်လို့ ပရမ္မရတွေချို့ယွင်းလို့ ဆိုပြီး တော့ ယုံကြည်နေကြတယ်။ အဲဒီလိုယုံကြည်မှု တွေကိုမလုပ်ကြနဲ့ဒီကိစ္စဟာအင်မတန်ပြင်းထန်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်က တကာကြီးတွေရော တကာမကြီးတွေပါ စဥ်းစားရမှာက ဒီပရမ္မရ ကိစ္စ ဟာ ဝဋ္ဋ ၊ဒုက္ခမှလွတ်မြောက်ကြောင်း ဧမြ သန္တိသုခ ရကြောင်းဖြစ်တဲ့ တရားမှန် မမှန်သစ္စာလေးပါးနှင့်တိုက်ကြည့်ရမယ်။

အဲဒီပရမ္မရလုပ်ငန်းတွေဘာပြုလို့ လုပ်ကြသလဲဆိုရင် ကြောက်လို့ လုပ်ကြတာတွေ မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

ဘာပြုလို့ကြောက်သလဲဆိုတော့ နတ်တို့ ကြတ်တို့ ဘီလူးတို့ ဆိုတာ ဖမ်းစားတတ်တယ်။ ပြုစားတတ်တယ်လို့ယုံနေလို့ပေါ့။ နတ်ဆိုတာ ကောင်းကျိုးကိုသာမပေးနိုင်ရှိရမယ် မကောင်းတာကျတော့ ချက်ချင်းအကျိုးပေး တတ်တယ်ဆိုပြီးတော့ ဦးဘမောင်တို့ကြောက်နေကြတာမဟုတ်လား။

မှန်ပါဘုရား။

အဲဒီလိုကြောက်မှုကြောင့် ပရမ္မရအစဥ်အဆက်က ဘိုးဘွားဘီဘင် တွေက ဘာတွေကြောက်လာခဲ့သလဲ ကြည့်စမ်း။ တခါတည်း အဲဒါတွေ ကိုအကုန်ကြောက်နောက်ဆုံးပိတ် ဦးပဥ္ဇင်းတို့ဆီမှာတော့ ကိုယ်ဟာကို ဈေးဆိုင်က ဝယ်လာတဲ့ လက္ဘက်လေးကို သုတ်ပြီးစားတယ်။ တခါတည်းတန်း မစားဝံ့သေးဘူးဟောသည်လို ကိုယ့်ခေါင်းပေါ်ကျော်ပြီးတော့ “အရှင်ကြီး အရှင်ကောင်းများတော် စားတော်ခေါ်ပါ” လို့ ဆိုပြီးတော့မှ အဲဒါကို စားရဲ တယ်။ အဲဒီအထိဖြစ်တဲ့ဖြစ်ရပ်တွေရဲ့ အကြောင်းကဘာလည်း ဆိုတော့ အဲဒီ လိုမလုပ်ရင် အဲဒီလိုမတင်မြောက်ရင် သူ့မှာ မမာမကျန်းဖြစ် လာမယ်၊ ခေါင်းကိုက်မယ်၊ သူခိုးခိုးခံရမယ်၊ခွေးရူးကိုက်ခံရမယ် စသည်ဖြင့် အဲဒါတွေ အကုန်လုံးလျှောက်ပြီးတော့ ကြောက်နေတာဘဲ။ ကြောက်နေတော့ အဖိုးကြီး

အမယ်ကြီး ကိုက စပြီးတော့ လုပ်သွားတော့ သားတွေသမီးတွေကလည်း မလုပ်ဘဲမနေနိုင်ဘူး၊ အဲဒါပရမ္ပရမဟုတ်လား။

တင်ပါဘုရား။

အဲဒီလိုကိုးကွယ်မှုတွေဟာ ပရမ္ပရကိုးကွယ်မှုတွေဘဲလို့ တကာကြီးတွေနှင့် တကွ ဦးဘမောင်တို့ကမှတ်ရမယ်။ ဘုရားအလိုတော်ကျ ကတော့ ဒါတွေကိုဖျက်ပစ်လိုက်ရမယ်၊ ပြီးတော့ ပရမ္ပရတွေကို ဟိုအစဉ်အဆက်က လူကြီးတွေ ကိုးကွယ်လာကြတာကတော့ ဘာကြောင့်လဲ။

ယေကေစိသရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။

အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

မနုဿာ လူအပေါင်းတို့သည် ဘယတဇ္ဇိတာ၊ ယခုပစ္စုက္ခ၌ ချက်ခြင်းလက်ငင်း ပက်ပင်းပါတွေကြုံရမည့် ကြောက်ရွံ့ထိတ်လန့်ကုန် သည်ဖြစ်၍ သရဏံယန္တိအဲဒီအစဉ်အဆက်က ကိုးကွယ်လာခဲ့တဲ့ပစ္စည်း တွေကို ...

ပရမ္ပရသဘောနှင့် ပေ့ါလေ ဟုတ်လား။

တင်ပါဘုရား။

အဲဒီပရမ္ပရကိုးကွယ်လာခဲ့တဲ့ နတ်ကွန်းတို့ နတ်နန်းတို့ တောစိုးသစ်ပင်တို့ တောင်ကြီးတို့ ကျောက်ဆောင်ကြီးတို့ စသည်ဖြင့် အဲဒါတွေကို သရဏံယန္တိ၊ ကိုးကွယ်တတ်ကြလေကုန်၏။ အဲလိုလူတွေလုပ်လာကြတာ ဘာကြောင့်လဲ ပရမ္ပရသဘောကြောင့် မိရိုးဖလာသဘောဖြင့် လုပ်လာခဲ့ကြတာဘဲ။ ရှေးလူကြီးတွေလုပ်လာခဲ့ကြတာတွေ မဖျက်ကြနဲ့၊ ရှေးအစဉ်အလာမဖျက်ကြနဲ့တဲ့။ ဦးပဥ္စင်းတို့မြန်မာပြည်မှာ စကားပုံတစ်ခုရှိတယ်။ ဘာတဲ့ ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်းမလွယ်နဲ့တဲ့၊ ကဲ ဒီနေရာမှာ သွက်သွက်လည်ရောမဟုတ်လား။ အဲဒီတော့ တကာကြီးတို့အကုန်လုံး ပရမ္ပရဘက်ရိုက်သွင်းလိုက်တာ တစ်မျိုးလုံးဝင်သွားတာဘဲ မဟုတ်လား။

တင်ပါဘုရား။

အဲဒီလောက်ဖြစ်နေတဲ့ ဦးပဥ္စင်းတို့မြန်မာလောကကြီးအတွက် အရေးတကြီးလိုတဲ့ကိစ္စက အဲဒီနံပါတ် အခုဟာ ဘယ်လောက်ရှိသွားပြီလဲ ၂-သွားပြီ၊ အဲဒီနံပါတ် ၂-နဲ့ တကာကြီးတွေ တကာမကြီးတွေတိုက်ကြည့်ရ မယ်။ ကဲ ဦးဘမောင်တို့ ဘယ်နှစ်ခါတိုက်ကြည့်ဘူးပလဲ။

မတိုက်ဘူးပါဘုရား။

မတိုကဘူး ဘူး ဟုတ်လား။ အဲ့- လှည်း စနေ လှေ-ရာဟုတဲ့ တကာမကြီးများအတွက်ဟုတ်လား။ ရေကြောင်းနှင့် သွားမယ်ကြံရင် ဘယ်နေ့ သွားရမဲ့လှေဆိုတော့ သင်္ဘောလဲပါသွား ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီဗေဒင်ဆရာက ပထမရေးပစ်ခဲ့တဲ့ လှည်း စနေ လှေ-ရာဟုက လေယာဉ်ပျံမပေါ်သေးတဲ့ခေတ်အတွက် အခုလေယာဉ်ပျံနှင့်တော့ ဘယ်နေ့တွက်ရမှန်းမသိ ဖြစ်နေပြန်တယ်။အဲဒီအစဉ်အလာတွေဟာ တော်တော်မျက်စိလည်စရာကောင်းတယ်။ အဲဒီအစဉ်အလာတွေကိုတကာ ကြီးတွေက ရတနာသုံးပါးနှင့် တန်းတူထားပြီးတော့ ယုံနေကြတယ်မဟုတ်လား။

မှန်ပါဘုရား။

ဘုရားသာကိုးကွယ်ရာလို့ ဆိုတော့ဆိုတယ်မဟုတ်လား။

ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ။

ဓမ္မော မေ သရဏံ အညံနတ္ထိ။

သံဃော မေ သရဏံ အညံနတ္ထိ။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှတပါးအခြားကိုးကွယ် စရာမရှိလို့ ဆိုသာဆိုတယ်။ ဟိုကျတော့ နတ်ရေကာပွဲကြီးက တင်လိုက် လို့ဘဲမဟုတ်လား။

တင်ပါဘုရား။

အဲ နတ်ရေကာ ပွဲကြီးရဲ့ဘေးမှာ ခုခေတ်ကျတော့ ဝိဇ္ဇာပွဲကတိုးလာပြန်ပြီ။ ဝိဇ္ဇာတွေပေါ်လာပြန်တယ် မဟုတ်လား။

တင်ပါဘုရား။

အဲဒီလို ဘုရား တရားသံဃာ ဆိုတဲ့ ရတနာသုံးပါးကို ဦးထိပ်ထားပြီး တကယ်တိကျတဲ့ မှန်ကန်တဲ့ ယုံကြည်ချက်အပြင် ဘာမှမရှိဘူလို့ ဆိုပါရက်ကယ်နှင့် ဟိုနားကတိုးလိုတဲ့လောင်း ဒီနားကတိုးလိုတဲ့လောင်း ချပြီးတော့ တိုးတိုးလာတဲ့ကိစ္စတွေဟာ ဘာလည်းဆိုတော့ ပရမ္မရတွေ မဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

ရှေးလူကြီးတွေလုပ်ပစ်ခဲ့တဲ့ ထုံးစံတွေအများကြီးရှိတဲ့အထဲမယ် ဒီနတ်တွေ ဘာတွေဆိုတာဟာလည်း ရှေးလူကြီးတွေ လုပ်ပစ်ခဲ့တဲ့ ထုံးစံ တွေပဲ။ အချို့သောရှေးထုံးစံဟာ တော်တော်ဘဲ ရယ်စရာကောင်းတယ်။

ဦးပဍ္ဍင်းတို့ ဒီအညာနိုင်ငံမှာပေါ့လေ၊ အတိအကျဆိုရင် ဦးပဍ္ဍင်းတို့ တောင်တွင်းမှာပဲဆိုပါတော့၊ တစ်နေ့တော့ ဦးပဍ္ဍင်းတို့နတ်မှိကျောင်းမှာနေ တဲ့ ကျောင်းသားတစ်ယောက်ဟာ ရှင်ပြုတယ်၊သူတို့ရွာရှင်ပြုအလှူမှာ တရားဟောရန်ကြွတော်မူပါလို့ ပင့်လျှောက်လေတော့ ဦးပဍ္ဍင်းကလဲ လိုက်သွားတယ်။ ဦးပဍ္ဍင်းတို့ ကျောင်းနဲ့တော့ ၆ မိုင်လောက်ဝေးတယ်။သူတို့ရွာထဲရောက်သွားတဲ့အခါကျတော့ ရွာအရှေ့တံခါးနားက ဝင်ပြီးတော့လာစဥ် ထဲက ဦးပဍ္ဍင်းက .....

ဟေ့ကောင်မင်းတို့ရွာမှာနတ်စင်ရှိလားလို့မေးတယ်၊ မရှိဘူးဘုရားဆိုတော့ ဦးပဍ္ဍင်းကလဲ ဒီရွာဟာတယ်ဟုတ်ပါလား၊ ရွာဆန်းပဲ နတ်စင် မရှိတာ ထူးတယ်၊ ရှင်လောင်းပြတော့ဒီရွာကလူတွေ ဘယ်သွားပြကြသလဲ လို့ တွေးမိတယ်။

ထိုအချိန်မှာ အိုးစည်ဒိုးပတ်နဲ့ ရှင်လောင်းတွေဘာတွေလှည့်ကြပါတယ်။

ဟဲ့.....ဟေ့ကောင်တွေ ဘယ်သွားနေကြတာလဲလို့ ကလေးတွေကိုမေး ကြည့်တော့ နတ်ပြသွားမလို့ ပြောကြတယ်။

ဒါနဲ့ ဦးပဍ္ဍင်းကလဲ ရွာ့အရှေ့ဘက် ကျောင်းသား ၂-ယောက်၊ ၃-ယောက်ခေါ်ပြီး အညောင်းပြေလျှောက်သလိုလိုဘာလိုလိုနဲ့ ဘယ်များသွားပြီးနတ်ပြကြသလဲလို့ အကဲခတ်တယ်၊ ဟိုချောင်းထဲက သဲသောင်ခုံ သွားပြကြတယ်။ အဲဒီနေရာမှာ နတ်စင်လည်းမရှိဘူး၊ နတ်ရုပ်လည်းမရှိဘူး၊ ဘာသစ်ပင်မှလဲမရှိဘူး၊ ဒီပြင်ဘာမှလည်းမရှိဘူး၊ အဲဒီမှာ မိုးတွင်းအခါ ရေအမြဲစီးနေတဲ့ ချောင်းအလယ်ခေါင်သဲသောင်ခုံကိုသွားပြီး နတ်ပြကြ တယ်။ ဦးပဍ္ဍင်းက နားမလည်တာနဲ့ ပြန်လာကြတဲ့အခါမေးကြည့်တယ်။

မင်းတို့ဘာပြုလို့အဲဒီနေရာသွားပြီး နတ်ပြသလဲလို့မေးတော့ တပည့်တော်တို့ ဘိုးစဥ်ဘောင်ဆက်က အဲဒီနေရာမှာပြခဲ့ကြတာပဲတဲ့။ ဟိုအစ ဘိုးတွေ ဘီတွေလက်ထက်တုန်းက အဲဒီနေရာမှာ ညောင်ပင်ကြီး ရှိခဲ့တယ်ဘုရားတဲ့။

အဲဒီညောင်ပင်ကြီး မင်းတို့မြင်လိုက်ကြသလားလို့ မေးတော့ တပည့်တော်တို့မမြင်လိုက်ရပါဘူး၊ တပည့်တော်တို့ ဘိုးများဘွားများတောင် မမြင်လိုက်ရပါဘူးတဲ့၊ ကဲ အဲဒါ ပရမ္မရ မဟုတ်လားဦးဘမောင်။

တင်ပါ့ဘုရား။

အခု အဲဒီနေရာမှာမရှိဘူး ချောင်းဖြစ်နေပြီ။ အဲဒီချောင်းဖြစ်နေ ပေမဲ့လို့ ပရမ္မရသဘောနဲ့ ရှေးတုန်းက ဘိုးဘွားဘီဘင်များက အဲဒီနေရာမှာ နတ်ပြခဲ့တယ်ဆိုပြီးတော့ အဲဒီလို နတ်ပြနေခဲ့ကြတာဘဲ၊ နတ်လဲနေစရာမရှိဘူး။ အဲဒါလောက် ဦးပဥ္စင်းတို့ရဲ့ ပရမ္မရစွဲတွေက မများဘူးလားလို့

မှန်ပါ များပါတယ်ဘုရား။

အဲဒီပရမ္မရစွဲတွေကို ဘုရားသခင်ပြုတ်စေလိုတဲ့အတွက် အဲဒီ ပရမ္မရသဘောအားဖြင့် ပြုလုပ်လာလို့ အစဉ်အဆက် မပျက်မကွက်ဘဲနဲ့ တခေတ်ပြီးတခေတ် ဆက်ခါဆက်ခါယူလာခဲ့ခြင်းကြောင့် အဲဒီကိစ္စဟာ မှန်တယ်လို့ ငါ၏ချစ်သား ကာလာမမင်းများတို့ မယုံကြည်ကြနဲ့တဲ့ ဟုတ်ကဲ့လား။

တင်ပါ့ ဘုရား။

အဲဒီမယုံကြည်ကြနဲ့လို့ ဟောတဲ့အတိုင်း ဦးပဥ္စင်းတို့လက်တွေ့ အားဖြင့် လိုက်နာကျင့်သုံးရင် ဘာဖြစ်မလဲဆိုတော့ တကယ်သက်သာ မယ်ဟုတ်လား။ ပေါ့ သွားမယ် ပေါ့ကိုပေါ့သွားတာ။

ဘာပြုလို့လဲဆိုတော့ အဲဒီကိစ္စတွေဟာ ဟုတ်လဲမဟုတ်ဘဲနဲ့ ခုနတုံးကပြောတဲ့သလိုပဲ လှည်းနဲ့သွားရင် ဘယ်နေ့မှ သွားကောင်းတယ်၊ လှေနဲ့သွားရင် ဘယ်နေ့မှ သွားကောင်းတယ်စသည်တို့ကို ယုံကြည် ခဲ့ကြတယ်။

ဒါမှတပါး ခရီးသွားလို ထိုရပ်ဂြိုဟ်နှင့် သက်သက်နှောဆိုတဲ့ ပရမ္မရ ယုံကြည်မှုတွေကလည်း အများကြီးရှိသေးတယ်။ အဲ ဈေးသည် တစ်ယောက် ဈေးရောင်းမယ်လို့ထွက်သွားတယ် လမ်းရောက်တဲ့ အခါကျတော့ သူတောင်းစား တွေ့တဲ့အခါမှာ အမင်္ဂလာဖြစ်လို့ ဈေးကျ အောင်မသွားဘဲနဲ့ အိမ်ပြန်လာ ရမယ်ဆိုတာတွေ ရှိတယ်မဟုတ်လား။

တင်ပါ့ ဘုရား။

အဲဒီ အမင်္ဂလာတွေလဲ ဒီ ပရမ္မရထဲဝင်လာတာဘဲ။ ဦးပဥ္စင်းတို့ မြန်မာပြည်ကတော့ တော်သေးတယ်။ ကုလားပြည်များရောက်တော့ ကုလား

ကုန်သည်ဈေးထွက်လာလို့ လမ်းမှာ ဘုန်းကြီးတွေ့လို့ အိမ်ပြန်သွားတာဘဲ။ ဘုန်းကြီးတွေ့လို့ အိမ်ပြန်မသွားဘဲ ဈေးကိုတန်းသွားရင် ဈေးမရောင်း ရဘူးတဲ့။

အဲဒီလောက် ကျုပ်တို့ ဘုန်းကြီးတွေလဲ အသွားအလာခက်တယ်။

တင်ပါ့ ဘုရား။

ဦးပဥ္စင်းတို့ ဇာတ်တော်ကြီးထဲမှာပါတယ်မဟုတ်လား မုဆိုးဟာ တောထဲလိုက်ပြီးတော့ သားကောင်တွေကို လိုက်ရှာတဲ့အခါ ထွက်သွား တုန်းက ဘုန်ကြီးနှင့် တွေ့သွားတာနှင့် သားကောင်တစ်ကောင်မှ မရဘဲ ဖြစ်ခဲ့တယ်။ အပြန်ကျတော့ အဲဒီဘုန်းကြီးနှင့်ဘဲပြန်တွေ့လို့ တကတဲ ခွေးနဲ့ ရှူးတိုက်တဲ့ ဝတ္ထုကြားဖူးတယ်မဟုတ်လား။

အဲဒီလိုအစဉ်အလာ သဘောအားဖြင့်ယုံကြည်မှုတွေဟာ မမှန်ဘူး မှားတယ်။

အဲဒီခင်ဗျားရဲ့အစဉ်အလာ ယုံကြည်မှုကိုသစ္စာလေးပါးထဲသို့ထည့် သစ္စာလေးပါးထဲသို့ ထည့်ကြည့်ကြစို့လား ခင်ဗျား လို့ပြောလိုက်ပါ။ အဲလို ပြောလိုက်ရင် သူတို့စိတ်ထဲမှာ နည်းနည်း စဉ်းစားသွားလိမ့်မယ်။ အဲဒီလို ပြောလို့သူကသဘောတူရင်ကဲ ကောင်းပြီ၊ အဲဒီယုံကြည်မှုကို သစ္စာလေးပါး ထဲသွင်းကြည့်ကြစို့ ရဲ့ပြောရမယ်။ အဲ သို့ကလိုမဟုတ်ဘဲ ပထမထဲက စပြီးတော့ သူ့ယုံကြည်ချက်ကို အပြစ်ပြောနေရင် သူ့အယူကို သူ ဘယ်တော့မှမစွန့်ဘူး။

တင်ပါ့ ဘုရား။

သေသေချာချာသဘောပေါက်လောက်အောင် သစ္စာလေးပါးနှင့် တိုက်၍ ဖြစ်စေ၊ သို့မဟုတ် ကုသိုလ် အကုသိုလ်ကောင်း မကောင်း ဆိုတဲ့ တရားမှတ်ကျောက်နဲ့တိုက်၍ ဖြစ်စေ၊ ကြည့်ရမယ် ကုသိုလ်ဖြစ်သလား အကုသိုလ်ဖြစ်သလား။

ကုသိုလ်ဖြစ်တယ်ဆိုရင်လဲ ပုညကိရိယာ ၁၀ ပါးနှင့် တိုက်ကြည့် ပေါ့၊ ဒီကိစ္စတွေ ဘာပြုလို့ ဒီလောက်လုပ်နေရသလဲဆိုတော့ ပရမ္ပရ ယုံကြည်မှုရဲ့ နှိပ်စက်မှုဟာ ဦးပဥ္စင်းတို့ မြန်မာတစ်မျိုးတည်းမဟုတ်ဘူး၊ လောက ရှိတဲ့ လူမျိုးတိုင်းလူမျိုးတိုင်း ခံနေရလို့ပါ၊ ပရမ္ပရ ယုံကြည်မှု ရဲ့ နှိပ်စက်မှု ကြောင့် သတ္တဝါတွေဟာ ပရမ္ပရယုံကြည်မှုရဲ့ အောက်မှာဝပ်နေကြတယ်။ လူမျိုး တိုင်းလူမျိုးတိုင်း ပရမ္ပရဝန်ထုပ်ဝန်ပိုးကြီးတွေပိပြီးတော့ ညပ်နေကြတယ် ဟုတ်လား ဦးဘမောင်။

မှန်ပါ့ ဘုရား။

အဲဒီတော့ကားဘုရားသခင်ကိုယ်တော်မြတ်ကတော့ အင်မတန် သနားကြင်နာတဲ့ အတွက် လောကလူသားကြီးတစ်ရပ်လုံးကို အမြင်မှန်ပြ ခဲ့တယ်။ အဲဒီ အမှန်တရားကို လိုက်နာကြရင် သက်သာ မသွားဘူးလား ဦးဘမောင်။

သက်သာသွားပါတယ်ဘုရား။

အင်မတန် သက်သာပါတယ် အဲဒီသက်သာသာကို ဦးပဥ္စင်းတို့က မလုပ်နိုင်ဘူး။ ဦးပဥ္စင်းတို့က အချောင်လိုက်ချင်တယ်။ ဘာပြုလို့ လည်း ဆိုတော့ ဟို ကြောက်တာတွေအကြောက်ပြေသွားအောင် လာဘ်လာဘ တွေတိုးလာအောင် ပရမ္မရတွေ လိုက်နာလုပ်ကိုင်ကြတယ်။

အဲလိုလာဘ်လာဘတိုးလာအောင် လုပ်တာမှန်သမျှတွေဟာ ပရမ္မရတွေထဲ အကုန်ထည့်၊ အဲ ကျုပ်တို့တောင်မှ ငယ်ငယ်တုန်းက မန္တလေးတို့ ဘာတို့မှာ ဆွမ်းခံတုန်းကလေ ရှင်သီဝလိရုပ်လေးကို ခါးကြားထဲမှာ ညှပ်ခဲ့ဘူးသေးတာဘာပြုလို့လည်းဆိုတော့ တဆွမ်းရအောင် လို့လေ။

တင်ပါ့ ဘုရား။

အဲလိုကိစ္စတွေ ဦးပဥ္စင်းတို့ ငယ်ငယ်တုန်းကလည်း ယုံခဲ့တာဘဲ။ အခုတော့ ပြန်စဥ်းစားကြည့်တယ် ဦးဥ္စင်းတို့ အနောက်ပြင်မှာနေတာ သုံးနှစ်လားကြာတယ်။ သုံးနှစ်လုံးလုံးဆွမ်းခံသိပ်ပျက်ခဲ့တာမဟုတ်ဘူး။

ဒါပေမဲ့လို့ ဟင်းခွက်သုံးခွက်ကကျော်လို့ တခါမှမရခဲ့ဘူး။ ပြန်စဥ်းစားကြည့်တော့မှ သိလာတယ်။ ရှင်သီဝလိကလည်း ဘာလုပ်ဖို့ ဆောင်တာလည်းဆိုတော့ ပရမ္မရက အစဥ်အဆက်က လာဘ်ပေါများ တတ်တယ်လို့ ယုံကြည်ပြီးလုပ်လာခဲ့ကြတဲ့ အတွက် ဦးပဥ္စင်းတို့ကလဲ လိုက်လုပ်တတ်ကြတာဘဲ။

သို့ရာတွင် တကာကြီးတွေ တကာမကြီးတွေကို မလုပ်ရဘူးလို့ ဦးပဥ္စင်းတို့က မဆိုလိုပါဘူး၊ မတားမြစ်လိုပါဘူး ဟုတ်လား။

တင်ပါ။

စဥ်းစားကြည့်ဘို့ တိုက်တွန်းဒါပါ၊ ငါတို့မှာ ပရမ္မရသဘောအားဖြင့် အစဥ်အဆက်က လုပ်လာလို့ လုပ်နေတဲ့အလုပ်တွေ ဘယ်လောက် များသလဲ။ အဲဒီလို လိုက်နာကျင့်သုံးပြီးတော့ ကိုယ်ကဘဲ ဘာမှမသိဘဲနှင့် လုပ်နေတဲ့ အလုပ်တွေကော ဘယ်လောက်များရှိသလဲလို့ စဥ်းစားကြည့် ကြဦးမယ် ဆိုရင်မကောင်းဘူးလား။

ကောင်းပါတယ်ဘုရား။

လူတွေလုပ်ကိုင်နေကြတဲ့ကိစ္စတွေ အကုန်လုံးလျှောက်တွက်ကြည့်၊ တကာကြီးဦးဘမောင်တို့ လုပ်သမျှကိစ္စ၊ ယုံကြည်သမျှ ကိစ္စတွေဟာ ပရမ္မရ သဘောနှင့် ယုံကြည်တဲ့ကိစ္စတွေလား (သို့မဟုတ်) အမှန်တွေလားဆိုတဲ့ သဘောတရားကို သေသေချာချာထင်ရှားအောင်ဆိုရင်တော့ သစ္စာလေးပါး နှင့်တိုက် ကြည့်မှသာလျှင် ဒီကိစ္စတွေကို အမှန်နဲ့ အမှား ခွဲခြားလို့ရမယ်။ ဒိပြင်တိုက်စရာ မှတ်ကျောက်မရှိဘူး၊ သစ္စာလေးပါး ဘဲရှိတယ်၊ မဟုတ်လား ဦးဘမောင်။

တင်ပါ့ဘုရား။

အဲဒီတော့က သစ္စာလေးပါးရဲ့ ဘောင်ထဲမဝင်တဲ့ဟာတွေ မှန်သမျှဟာ မမှန်ဘူးပေါ့။အဲဒီအမှန်တာတွေ လိုက်လုပ်နေရင် ပရမ္မရသဘောကို လိုက်လုပ် နေတဲ့ လူတွေရဲ့စာရင်းထဲက တတကာကြီးဦးဘမောင်တို့ ကင်းလွတ်ကြ မယ်မဟုတ်ဘူး။

မှန်ပါဘုရား။

အဲဒီတော့ လောကလူတွေ အကုန်လုံးရှိသမျှ ယုံကြည်နေကြတဲ့ ယုံကြည်ချက်တွေ စစ်စစ်ပြီးတော့ကြည့်ရင် အမှန်က သစ္စာလေးပါးတောင် မဝင်တာတွေက တော်တော်များနေတယ်။

ဦးပဥ္စင်းတို့ မြန်မာပြည် မြန်မာလူမျိုးတွေဟာအိမ်ဆောက် ကျောင်းဆောက်ကစပြီးတော့ အစဦအလာ ရိုးရာက လုပ်ကိုင်တဲ့ တွေ့ဘူး ရဲ့လား ဦးဘမောင်။

တွေ့ဖူးပါတယ်ဘုရား။

အဲ ဦးပဥ္စင်းတို့ကိုယ်တိုင်ဘဲ ယခုနှစ်ကျောင်းမှာ ဇရပ်ကလေး တစ်ဆောင် လာဆောက်တယ်။ ဆောက်တော့ လက်သမား ၂ယောက် ၃ယောက် ငှားပြီးတော့ ဆောက်ခိုင်းတယ်။ လက်သမားတွေကပြောတယ် ဆရာတော်ရဲ့ ကျောင်းဇရပ်ဆောက်ရတဲ့အခါမှာ တစ်ခုတော့လျှောက် ပါရစေလို့ လက်သမား ဆရာကပြောတယ်။ ကဲလျှောက်ချင်လျှောက်ပေါ့ဗျာ ဘာလျှောက်မလို့ တုန်းလို့မေးတော့ ဆရာတော်တို့က နတ်ကိုးကွယ်ပသမှုကို မလုပ်တော့ တပည့်တော်တို့ ဇရပ်ဆောက်တဲ့အခါမှာ လှေခါးတော့ မတပ်ရဲဘူးတဲ့၊ အဲဒါခက်တာပဲ တကာကြီး ဇရပ်ကြီးတစ်ဆောင်လုံး ဆောက်ပြီးတော့မှ ဒီလှေခါးလေးကျမှ မတပ်ရဲဘူလို့ ထစ်ခံနေတာတော့ မကိုက် ဘူးတကာကြီးလို့

ပြောတဲ့အခါ လှေခါးတော့မလုပ်ရဲဘူး ဆရာတော် လို့အတင်းငြင်းတယ်။ နို့ နတ်ယမကာပွဲမတင်ဘဲနှင့် လှေခါးလုပ်ရင် ဘာဖြစ်တတ်တုန်းလို့ မေးတော့ ဒီဇရပ်ပေါ်မှာနေတဲ့လူကို ထိခိုက်တတ်တယ် ဒီတော့ ခင်ဗျားတို့ နေမှာ မဟုတ်ပါဘူး ကျုပ်တို့တက်ပြီးနေမှာပါ ထိခိုက်ချင်လည်းထိခိုက်ပါစေ လုပ်သာလုပ် လို့ပြောပေမဲ့ မရဘူး ဇွက်ထစ်နေတယ်။

အဲဒီလောက်လူတွေမှာ လက်သမားဆရာကအစ ပရမ္မရအစွဲဟာ တွေက ဘယ်လောက်ကြီးသလဲမလုပ်ဘူးတဲ့၊ အခုလှေခါးတန်းလန်းနှင့် ထားပစ်ခဲ့ရတယ်။ နောက်လက်သမားရှာပြီးတော့ လုပ်လိုက်ကြပေတော့ ကွာလို့ ပြောပြီးတော့ထားခဲ့ရတယ်။

အဲလို ဦးပဥ္စင်းတို့ မြန်မာလောကကြီးမှာ အိမ်ဆောက်ကျောင်းဆောက် ရာမှာတောင် ပရမ္မရက ဒီအင်မတန်အရေးကြီးတဲ့ ကိစ္စဖြစ်နေတလား။

တင်ပါဘုရား။

အဲဒါ ပန္နက်ရိုက်တာကအစ ဘယ်နေ့သားက ဘယ်ကစဘာကိုင်နဲ့ အဲဒီလိုကိစ္စတွေလည်းရှိတယ်မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲနောက် "ခရီးသွားလို့ ထိုရပ်ဂြိုဟ်နှင့် သက်ကို နှောထား ၈-ခုစား လော" ဆိုတာကလည်း လာသေးတယ်။

တင်ပါဘုရား။

အဲဒီဟာတွေကလည်း တဖြည်းဖြည်းစဥ်းစားကြည့်တဲ့ အခါကျတော့ ဘာမှ သစ္စာလေးပါးဘောင်ထဲမဝင်တဲ့ ယုံကြည်ချက်တွေချည်းမဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

အဲဒီ ပရမ္မရသဘောတွေကလည်း ဦးပဥ္စင်းတို့မြန်မာလောကမှာ အများကြီးရှိတဲ့အတွက် အပြင်းအထန် ဦးပဥ္စင်းတို့က ပြောနေရတာ ဟုတ်ကဲ့လား။

ဟုတ်ပါတယ်ဘုရား။

အဲဒီတော့ တစ်ချို့လူတွေကလည်း ပြောတာပေါ့၊ ဒီဘုန်းကြီးပြောမှဖြင့် ဒို့အစဥ်အလာမဟုတ်တာတွေကြီး ဖျက်ဖျက်ပစ်နေတယ်ဆိုတော့ကာ တခါ တခါတော့လည်းစိတ်ထဲအောက်မေ့တယ် တရားဟောဘုန်းကြီး ကျော်ကျော်

ကြားကြားဖြစ်လေအောင် သူတို့ ယုံကြည်ချက်တွေ မြှောက် ပေးဦးမှဘဲဆိုပြီး အဲဒီလိုမြှောက်ပေးရင်း တကာကြီးတွေက တရားပွဲမှာ ငှက်ပျောပွဲ အုန်းသီးတွေတောင်ပါလာချင်ပါလာအုန်းမှာ။

တင်ပါဘုရား။

ခုကြည့်ပါလား ပရမ္မရနှင့် မမြှောက်တော့ ရှေ့နားက တရားပွဲ ဆိုတာမျိုးတောင်မပါဘူး။ ဘာမှလည်းမရှိဘူးလေ။

အဲဒီလိုငှက်ပျောသီးနှင့် အုန်းသီးနှင့် မြိုင်မြိုင်ဆိုင်ဆိုင်ကြီးဖြစ်လာအောင် ဒီပရမ္မရတွေကို အပြစ်မပြောဘဲနှင့် သူတို့မြှောက်မြှောက်ပြီး ပြောရရင် တကာကြီးတွေ တကာမကြီးတွေသဘောကျပြီး စားပေါက်လေး ဟန်ဟန်ဦးမလားလို့ ဦးပဥ္စင်းတို့အောက်မေ့တယ်။

ဒါပေမယ်လို့ ကိုယ်လိပ်ပြာကို လန့်လန့်နေတယ်။ အဲဒီကြောင့် တကာကြီး ဦးဘမောင်တို့ ဒေးဒရဲလာပြီး တရားဟောတာတော်တော်လေးများသွားပါပြီ အဲဒီများတဲ့အထဲမှာ ဦးပဥ္စင်းဘာများ အလှူခံဘူးသလဲ မြှောက်ပင့်ပြီး များကော ဒက္ခိဏာရီတွေနှင့် ဆွယ်ဖူးသလား။

မဆွယ်ဖူးပါဘူး။

ဒီနေ့ညတော့ ဘုရားက ပရမ္မရနှင့် ပတ်သက်ပြီးတော့မှ ပရမ္မရာယဂဏ်ိတ္ထ။

အဲဒီလိုဟောထားတဲ့ဒေသနာတော်နှင့် သွားပြီး တန်းတိုးနေတော့က ကိုယ်ဟောချင်တဲ့ ဟာတွေကလည်း အဲဒီအထဲ တော်တော်များတယ် ဟုတ်လား။

အဲလူတွေလုပ်နေကြတာကလည်းဘဲ မဟုတ်တာတွေ အတော်များတယ်။ အဲဒါတွေကို ဘုရားကစွန့်ပယ်ရမယ်လို့ ဟောခဲ့တယ် အဲဒါကို ပြန်ပြီး ဖေါက်သည်ချရမှာကလည်း အားနာစရာ အဲဒီတော့ကိုယ်တော်က အားနာပါးနာဟောနေတာဘဲဆိုတာသိရင် တော်ပါသေးရဲ့လို့အောက်မေ့ရ တယ် ဟုတ်ကဲ့လား။

တင်ပါဘုရား။

အမှန်ကတော့ ဟိုခေတ်တုန်းက သူ့ခေတ်နှင့်သူ လုပ်ခဲ့တာတွေဘဲ သူ့ခေတ်နှင့် သူလုပ်ခဲ့တော့ သူ့ခေတ်တုန်းက အင်မတန်ကောင်းတယ်။ အင်မတန်မှန်မြတ်တယ်လို့ အများတကာက ထင်မြင်နေကြပေမယ်လို့

ခုခေတ်ရောက်လာပြန်တော့ ဘာဖြစ်သလဲဆိုရင် ဦးဘမောင်တို့ ခေတ်တုန်းကလို တာမစားတော့ပြန်ဘူး။

တာမစားတော့ပေမယ့် တရားကမှန်ပါတယ်ဘုရား။

အဲ တာမစားတဲ့အခါကျတော့မှ ဦးပဋ္ဌင်းတို့ လူသားရဲ့အခြေ အနေဟာ ဟို ရှေးရှေးတုန်းက လူသားတို့ရဲ့ အခြေအနေတုန်းကပေါ့လေ ပင်စိမ်း ပင်ဒူးထောက်တဲ့ခေတ်နဲ့ အခုတကာကြီးဦးဘမောင်တို့ရဲ့ ခေတ်နဲ့ တူပါ့ မလားလို့။

မတူပါဘူးဘုရား။

အဲမတူတော့ဘူး။ ဒီတော့ဦးပဋ္ဌင်းတို့ အိန္ဒိယနိုင်ငံများ သွားကြည့်လိုက်ရင် ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးတွေ့ရမယ်။ တကာကြီးတို့ ဘုရားဖူးများရောက် တဲ့အခါ သွားကြည့်ခဲ့ကြ။ အင်မတန် စိတ်ပျက် စရာကောင်းတယ်။ ပင်စိမ်းပင် ရှိခိုးတဲ့လူနှင့် နွားရုပ်ရှိ ခိုးတဲ့လူနှင့် ဟုတ်ကဲ့လား။

တင်ပါဘုရား။

မြွောက်ရုပ်ရှိခိုးတဲ့လူနဲ့ တကတဲ သောက်သောက်လို့လဲ အဲဒီလို မဟုတ်တာတွေကို ရှိခိုးနေတဲ့လူတွေဟာ အဲဒီလိုမဟုတ်တဲ့ကိစ္စတွေဟာ ပရမ္မရ တွေဘဲ မဟုတ်လား။

တင်ပါဘုရား။

ဦးပဋ္ဌင်းတို့ဆီကကော ဒါတွေမရှိဘူးလားဆိုတော့ ရှိတယ် ဒီကိစ္စတွေဟာ ဖြည်းဖြည်းတစတစနဲ့ ဘယ်ကဝင်လာသလဲဆိုတော့ အိန္ဒိယ နိုင်ငံက ကုန်းကြောင်းလာတဲ့ ဟာတွေနဲ့တူတယ်၊ ဒီမဟုတ်တာတွေ ဦးပဋ္ဌင်းတို့ ဆီကို ဘယ်သူသွင်းပေးသလဲဆိုရင် ဦးပဋ္ဌင်း လက်သယ်ရှာ ပေးရရင် ဒီကိစ္စတွေဟာ ဘယ်ကလာသလဲဆိုတော့ မဏိပူရ ကသဲ့ပြည်က ကုန်ကြောင်း ဖြတ်လာတာ ဟုတ်ကဲ့လား။

တင်ပါ။

ဦးပဋ္ဌင်းတို့မန္တလေးမြို့မှာ ဗောဓိကုန်းဆိုတဲ့ အရပ်ကြီးတရပ်လုံး ဟာ အဲဒီ ကသဲပုဏ္ဏားတွေနေတဲ့ ရပ်ကွက်ပဲ။ ဒို့မြန်မာရှင်ဘုရင်များကလည်း ဘယ်အထိ ပရမ္မရလိုက်ခဲ့သလဲဆိုရင် အဲဒီပုဏ္ဏားတွေမပါရင် ဒို့မြန်မာပြည်က ရှင်ဘုရင်ဟာဘုရင်ကို မဖြစ်ဘူး သူတို့ကနေပြီးတော့ တခါတည်း ခရုသင်း

ကြီးနှင့် သပြေပန်းနှင့် ရေချမ်းနှင့် ထည့်ပြီးတော့ ဘိသိတ်သွန်းပေးမှ ဒီတကာကြီးဟာ ရှင်ဘုရင်ဖြစ်ရတယ်ဆိုဘဲ။

အဲဒီပရမ္မရသဘောတွေကြောင့် အစဉ်အဆက်လိုက်နာပြီးတော့ ကျင့်သုံး လာ ခဲ့တာဟာ ဘယ်အထိလည်းဆိုတော့ ဦးပဥ္စင်းတို့ရဲ့ နောက်ဆုံး သီပေါ မင်း အထိဘဲ။

အဲ သူတို့မှာတော့ ဒီအစဉ်အဆက်ရေးတဲ့ဆရာတွေက ဘယ်က စလိုက်သလဲဆိုရင် ဟိုဘုရားမပွင့်ခင် ကမ္ဘာအစ မဟာသမ္မတကစပြီး လိုက်တယ်။ အဲဒီပရမ္မရယုံကြည်မှု အဲဒီဌာနအသီးသီးမှာ ပရမ္မရယုံကြည်မှု တွေဟာ အင်မတန်များတယ်။ လယ်သမား လယ်သမားအလျှောက် ယာသမား ယာသမားအလျှောက် ကုန်သည်ကုန်အလျှောက် စသည်ဖြင့် ရှိခဲ့ကြတယ်။ အဲဒီသစ္စာလေးပါးထဲသွက်သွင်းပြီးတော့ ဘောင်မဝင်တဲ့ ယုံကြည်ချက် ကလေးတွ ရှိသမျှ တို့တကာကြီးတွေ တကာမကြီးတွေ ပယ်ကြ ဖျက်ကြ ဖျက်နိုင်သမျှဖျက်၍ ပယ်နိုင်သမျှပယ်ကြ ဒီလိုပယ်ဖျက်နိုင် မှသာလျှင် ဘုရားရှင်ကိုယ်တော်မြတ်ဟောတော်မူတဲ့ သစ္စာလေးပါး ဘောင်ဝင်ပြီး ဥပါဒါန်တွေရော အစွဲတွေရော အကုန်လုံးကွာကျပြီး သန့်သန့်ရှင်းရှင်းနှင့် အမြင်မှန်ပေါက်ပြီးတဲ့အပြင် ဗုဒ္ဓဘုရားရှင်ရဲ့ မဂ္ဂင် ရှစ်ပါးထဲက နံပါတ် (၁)ဖြစ်သော သမ္မာဒိဋ္ဌိဘောင်ကို ဝင်နိုင်မယ် မဟုတ်လားဦးဘမောင်။

မှန်ပါဘုရား။

အခု ဒီကာလာမသုတ်၌ ဟောမဲ့တရားတွေဟာ နောက်ဆုံးပိတ် အခြေခံကျတော့ သမ္မာဒိဋ္ဌိဖြစ်အောင်လုပ်တဲ့လုပ်နည်းတွေလို့ မှတ်ကြပါ။ သာမန်ကိစ္စတွေမဟုတ်ဘူး။ ဒိအတိုင်းလိုက်နာမှသာလျှင် သမ္မာဒိဋ္ဌိ ဘောင် ဝင်သွားမယ်။

တင်ပါဘုရား။

သမ္မာဒိဋ္ဌိဖြစ်တဲ့အခါကျတော့ မဂ္ဂင်ဘောင်ဝင်သွားမယ်။ အဲဒါ ကြောင့် ဦးပဥ္စင်းတို့က ဖိဖိစီးစီးဒီပရမ္မရတွေကို ဖိပြောနေတာဟုတ်လား။

တင်ပါဘုရား။

အဲဒီတော့ နံပါတ် (၁)ကဘာလည်း။

မာ မနုဿာဝေနတဆင့်ကြားဟုတ်လား။

နံပါတ် (၂)ကဘာလည်း။

မာ ပရမ္ပရာယ ဂဏှိတ္ထ။

တင်ပါဘုရား။

**တဆင့်ကြားတဲ့**

အဲနံပါတ် (၃)ကဘာလည်းဆိုတော့ မာဣတိကိရာယတဲ့၊ "ဣတိကိ ရာယ"ဤသို့တဲ့ ဤလိုတဲ့ ဟုတ်လား။

တင်ပါဘုရား။

"ဤသို့တဲ့ ဤလိုတဲ့" ဟု ဆိုကာမျှဖြင့်လည်း မာ ဂဏှိတ္ထ မှန်လှပြီ ဟု သင်ကာလာမတို့ မယုံကြည်ကုန်လင့် ဟုတ်လား။

ဤကဲ့သို့ဆိုတာက အင်မတန်ကျယ်ဝန်းလာတယ်မဟုတ်လား။

တင်ပါဘုရား။

ရှေးတရောအခါ ဗာရာဏသီဆိုရင် ကျုပ်တို့ ယုံကြပြီမဟုတ်လား။

တင်ပါဘုရား။

အဲ ရှေးသရောအခါ ဗာရာဏသီဆိုတဲ့ ပါလာတယ် အဲဒီတော့ ဒီလို "ဤကဲ့သို့ ဤလိုတဲ့" ဆိုတဲ့ စကားတွေကို ဦးပဥ္စင်းတို့ အကျယ် တဝင့်ဖွင့်ပြီးတော့ ဟောပြောနေလို့ဆိုရင် အင်မတန်စွဲစွဲမြဲမြဲ ဦးပဥ္စင်းတို့ အသဲခိုက်အောင်ယုံကြည်နေတဲ့ အချက်တွေကို သွားပြီးတော့ထိနေလိမ့် မယ်။

ဤသို့တဲ့ ဤလိုတဲ့ နဲ့ဘဲ ဦးပဥ္စင်းတို့ယုံလာကြတာဘဲ။

သို့သော် လက်တွေ့စမ်းသပ်ကြသလား မကြည့်ဘူး။

ဘုရားရှင်ကိုယ်တော်မြတ်၏အလိုတော်ကျတော့ကော သန္ဒိဋ္ဌိက၊ အကာလိက၊ဧဟိပဿိက၊ ဩပနေယျိက၊ ပစ္စတ္တံဝေဒိတဗ္ဗ ဆိုတဲ့ တရားဂုဏ် တော်များကို ကျကျနနသိမြင်အောင် ကျကျနနဉာဏ်အမြင်ပေါက်အောင် လုပ်ပြီးသကာလ အဲဒီ သန္ဒိဋ္ဌိကလက်တွေ့ဖြစ်နိုင်မဖြစ်နိုင် စဥ်းစားရမယ်။

လက်တွေ့ဖြစ်အောင်စမ်းသပ်ပြီးတော့ ကြည့်ရမယ်။ လက်တွေ့ မျက်တွေ့ စမ်းသပ်ကြစမ်းပါ။

မှန်ပါဘုရား။

"ဤသို့တဲ့ ဤလိုတဲ့" ဆိုတာ သူပြော လူပြောတဆင့်ကြား ကိုခေါ်တယ်။

အဲဒီတော့ ဒေးဒရဲမြို့က လူအများက ဒါတွေကို ယုံကြည်တယ်၊ လူအများကယုံကြည်လို့ "ဤသို့တဲ့ ဤလိုတဲ့" လို့ လူတွေက ပြောကြ လွန်းလို့ အဲဒါဖြင့် မှန်ပြီဟု ယုံကြည်မှုမပြုလုပ်ကနဲ့ လောကရှိလူအများတို့ တွင် တစ်ရာမှာ ကိုးဆယ့်ကိုးယောက်က "ဤသို့တဲ့ ဤလိုတဲ့" ဆိုရင် ကျန်တဲ့လူတစ်ယောက်က အဲဒီအများစုရဲ့ ယုံကြည်ချက်ကို ငြင်းပယ်ဖို့ရန် အင်မတန်ခဲယဉ်းလိမ့်မယ်။

ဘာပြုလို့လည်းဆိုတော့ ဦးပဥ္စင်းတို့မြန်မာပြည်မှာ သံဃာအားဘုရားမဆန်သာ ဆိုတဲ့ စကားပုံရှိတယ် ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲ "ဤသို့တဲ့ ဤလိုတဲ့" ဆိုတာက အများစုက ဖြစ်နေရင် ကျုပ်တို့လူတွေက ရောယိမ်းလိုက် ဘသား ယိမ်းလိုက်ဆိုတဲ့ အတိုင်းရောပြီး ယိမ်းနေကြတာကများတယ်။

အဲဒီတော့ တကယ့် သစ္စာဉာဏ်နှင့် သမ္မာဒိဋ္ဌိဉာဏ်ထဲ ဝင်အောင် ဘောင်ကိုက်အောင်ကြံဆောင်ပြီးမှ သာလျှင် အဲဒီသဘာဝတစ်ခုကို အဲဒီကြားထဲအရာတစ်ခုကိုအဲဒီ မှတ်သားထားတဲ့ ကိစ္စတစ်ခုကို မှန်တယ် မမှန်ဘူးဆိုတာ ဆုံးဖြတ်ရမယ်။

အဲဒီလိုဆုံးဖြတ်မှသာလျှင် မင်းတို့လူစုဟာ လက်တွေ့မျက်တွေ့ ကျင့်သုံးကြ မမှန်ရင်လည်း စွန့်ပယ်ကြပေါ့။ အဲဒီအလုပ်နှစ်ခုဘဲမဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

စင်စစ်မှာတော့ မှန်တာကို လိုက်နာကျင့်သုံးရမယ်။မမှန်တာကို စွန့်ပယ်ရမယ်တဲ့ ဦးပဥ္စင်းတို့မှာခက်နေတာက မမှန်တာနှင့် မှန်တာကို ခွဲခြမ်းဝေဖန်မှုကိုလည်း ကိုယ်ကမလုပ်တတ် အဲလိုလုပ်တတ်လို့ အသိ ဉာဏ်ပေါ်ပေါက်လာသဖြင့် အမှားနှင့် အမှန်ကို ခွဲခြမ်းစိတ်ဖြာ ပြီးတော့ သိနိုင်တဲ့ဟာ ကျပြန်နေတော့ အဲဒီအမှားကြီးက ကျင့်သားရပြီးနေသည့် ပရမ္မရသဘောနှင့် စွဲနေခြင်းကြောင့် အဲဒီအမှားကြီးနှင့် မခွဲနိုင်ကြဘူး ဟုတ်လား ဦးဘမောင်။

အဲဒါလောက် ဒီ ပရမ္မရသဘောက လူတွေကို နှပ်စက်နေတာ မြင်အောင်ကြည့်ကြစမ်း၊ ရှေးအစဉ်အလာထဲက "ဟိုလိုတဲ့ ဒီလိုတဲ့" ဆိုတာတွေနဲ့

မိကြီးဖကြီး ဘိုးကြီးဘွားကြီးစသည်တို့က အဲဒီပြောခဲ့ ဆုံးမပစ်ခဲ့ တားမြစ်ခဲ့တဲ့ ကိစ္စတွေကလည်းရှိသေးတယဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

အဲဒါတွေ ဣတိကိရာယဆိုတဲ့ အထဲမှာပါတယ်။ အဲဒီမိဘ ဘိုးဘွား အစဉ်အလာအားဖြင့် ယုံကြည်ပြီးတော့ အဆက်ဆက်ဆုံးမ လာတာ တွေ ပဲ့ပြင် လာခဲ့တဲ့ ကိစ္စတွေ အဲဒီထဲမှာပါတယ်။

အခုတော့ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ားမိန်းမဆိုတဲ့ ကိစ္စတွေမှာလည်းဘဲ ဘုရားရှင်ကိုယ်တော်မြတ်၏ အလိုအတိုင်း သဒ္ဒပညတ်တို့ နာမပညတ် စတဲ့ အဲဒီပညတ်တရားတွေကို ဖယ်ဘို့ ရှားဘို့ ဦးပဥ္စင်းတို့ ဟော ရတာဖြစ်တယ်။

အဲဒီလိုဟောရတာကလည်း ဘာလဲ ဒီ ပရမ္မရနဲ့ ဣထိကိရာယ တွေကို ပယ်နိုင်အောင်လို့ ဟောတာဘဲ။

အဲဒီ ဣထိကိရာယဆိုတာကတော့ ဥပမာအားဖြင့် ဦးဘမောင် တို့အိမ်မှာ ကလေးငယ်ရွယ်စဉ်တုန်းက ဘာလုပ်လိုက်စမ်းတဲ့ ညာလုပ်လိုက် စမ်းတဲ့ ဆလံပေးလိုက်စမ်းတဲ့ နင့်အမေသွားပြီးတော့ ခေါင်းကို လက်သီးနှင့် ထိုးကြည့်လိုက်စမ်းဟဲ့ စသည်ဖြင့် သင်မပေးခဲ့ဘူးလား။

အဲဒါတွေကို ဒီလိုခိုင်းခိုင်းလာကြတော့ ကလေးငယ်ဟာ ဘာဖြစ် လာ သလဲဆိုတော့ အဖေမိဘခိုင်းတာကို တဖြည်းဖြည်းလုပ်ရင်းကိုင်ရင်းက နေပြီး တော့ ဟဒယသားခိုက်အောင် စွဲသွားတယ်။

ဒါကဒီလိုဘဲ ဒို့မိဘကခိုင်းတာဘဲလို့ ဆိုပြီး တခါတဲစွဲသွားတာဘဲ။

အဲဒီမှာကောင်းတဲ့ဖက်က ခိုင်းကြတာတွေလဲရှိတယ်။ ပမာအားဖြင့် ရဟန်းသံဃာတော်များ ကြွလာတဲ့အခါ လက်အုပ်ချီလိုက်တဲ့ ဘုရားစင် ရှေ့ ရောက်တဲ့အခါ လူကြီးသူကြီးတွေ ရှေ့သွားတဲ့အခါ ကုန်းသွားရမယ်တဲ့။ အဲသလိုစသဖြင့် ကောင်းတဲ့ဘက်က သွန်သင်မှုတွေကလည်း အများကြီးဘဲ။

ပြီးတော့ မကောင်းတဲ့ဘက်ကလည်းဘဲ အမှုမဲ့အမှတ်မဲ့သွားပြီး ဂရုမထာ ဘဲ ခိုင်းမိစေမိတာတွေ ရှိတယ်။

အဲဒါကြောင့် ကလေးတွေရဲ့စိတ်ထဲမှာ မကောင်းတာတွေကိုလည်း စွဲသွား တတ်တယ်။

အဲဒါကြောင့် ဣတိကိရာယ ဆိုတာ “ဤသို့တဲ့ ဤလိုတဲ့” ဆိုတယ်လို့ လူကြီးမိဘများက အစဉ်အဆက် ပြောဟောဆုံးမပြီးတော့ လာကြတဲ့အတွက် အဲဒီကိစ္စတွေဟာ မှန်တယ်လို့ မယုံကြနဲ့ ၊ အခုရှင်ပြုတဲ့ အခါကြတော့ ရှင်လောင်းလှည့်ကြတယ်မဟုတ်လား၊ အဲ ရှင်လောင်းကလေး မြင်းပေါ် တင်သွား(သို့မဟုတ်)ခုကာလကြတော့ မော်တော်ကားပေါ်တင်ပြီး နတ်စင် သွားကြတယ်မဟုတ်လား။

အဲ... နတ်စင်သွားပြီးတော့ လူကြီးမိဘတွေကတော့ ဘာလုပ်ရ သလဲ၊ နတ်စင်ဘက်လှည့်ပြီးတော့ လက်အုပ်ချီကြတယ်ဟုတ်လား။

မှန်ပါ့ဘုရား၊

အဲ...ရှင်လောင်းကတော့ မချီရဘူးဆို မဟုတ်လားလို ရှင်လောင်း က ပြရုံကလေးပြရတာဆိုဟုတ်လား။

တင်ပါ့ဘုရား။

ရှင်လောင်းကိုတော့ နတ်ကရှိခိုးချင်ရှိခိုးရမယ်၊ ဒီလိုမဟုတ်လား။

တင်ပါ့ဘုရား။

သူကတော့ရှိမခိုးရဘူးမဟုတ်လား။

မှန်ပါ့ဘုရား၊

အဲဒီဟာကော ဘာတဲ့ အစဉ်အလာဘဲ သူမပြကော သူက ဘယ်နှယ်လုပ်မလဲ၊ သူမပြဘဲနဲ့ဆိုရင် ရှင့်အမနဲ့ရှင့်တကာဖြစ်နေတဲ့ မိဘ လုပ်တဲ့သူတွေကို စိတ်ထဲမှာ ချမ်းကိုမချမ်းသာကြဘူး။

အောင်မယ်လေး နတ်မှမပြလိုက်ရရင် တကတည်း အလှူမဏ္ဍပ် ကြီးများ လေတိုက်ပြီးပျက်တော့မလိုဘဲပေါ့လေ။အဲဒီလောက် ပြင်းပြင်းထန် ထန် ဦးပဉ္ဇင်းတို့လူတွေဟာ အစဉ်အလာတွေကို ယုံကြည်မှုတွေရှိနေကြ တယ်။

အဲဒီယုံကြည်မှုတွေဟာ ဘာဖြစ်သလဲဆိုရင် ဘာမှမဟုတ်ဘူး။ သစ္စာ ဘောင်လည်းမဝင်ဘူး၊ လူကိုကော ဘာအကျိုးပြုတတ်သလဲ၊ ဘာအကျိုးမှ မပြုတတ်ဘူး မဟုတ်လား။

တင်ပါ့ဘုရား။

အမှန်ကတော့ဦးပဉ္ဇင်းတို့ကိုယ်တိုင် ရှင်ပြုခဲ့တာမှာ ဘယ်နတ်စင်မှ သွားမပြခဲ့ဘူး။ဒီအတိုင်း ကတုံးတုံးပြီး သင်္ကန်း ဝတ်လာခဲ့တာပဲ ဘာမှ မဖြစ် ဘူး။

ဒါပေမယ့် လူတွေက အဲဒါလောက် မရဲကြဘူး၊မလုပ်ဝံ့ကြဘူး၊ ဘာပြုလို့လဲဆိုတော့ အစဉ်အလာကို စွန့်ရမယ့်ကိစ္စက အင်မတန်ခက် တယ်။ ခဲယဉ်းတယ် မလွယ်ဘူး။မကောင်းတာမှန်း သိရက်ကနဲ့ မစွန့်နိုင် တာတွေလည်း အများကြီးရှိတယ် မဟုတ်လားဦးဘမောင်။

တင်ပါ့ဘုရား။

ဘိန်းစွဲနေတဲ့လူဟာ ဘယ်လောက်ပဲ မိဘကဖြစ်စေ ဆရာသမားကဖြစ်စေ၊ မင်းစွဲနေတဲ့ဘိန်းဟာ မကောင်းဘူးလို့ပြောပေမယ့်လို့ သူကိုယ်တိုင်ကလည်းမကောင်းမှန်းသဘောပေါက်လာပေမယ်လို့အစွဲကနာ၍ နေလေတော့ အဲဒီဘိန်းကို မဖျက်နိုင်ဘူးမဟုတ်လား။

အဲဒါကြောင့်ဦးပဥ္စင်းတို့မလဲဘဲ ဘယ့်နှယ်ဖြစ်နေသလဲ ပရမမွရစွဲက ဘယ်လောက်မြဲလာသလဲဆိုတော့ အဖြတ်ရကိုခက်နေတယ် ၊အဲဒီဟာကိုဖြတ်လိုက်ရင် တကတဲဂျမ်းထိုး မိုးမျှော် အကုန်လုံးကိုးရိုးကားယားတွေ ဖြစ်ကုန်လိမ့်မယ်လို့စိတ်ထဲစွဲလမ်းမှု ထိတ်လန့်မှုတွေဖြစ်နေကျတယ် အဲဒီလိုစွဲနေသမျှ ကာလပတ်လုံး ဘုရားရှင်ကိုယ်တော်မြတ်၏ အလိုအားဖြင့်တော့ မင်းတို့အဲဒီဘောင်ထဲကမလွတ်ကျဘူးတဲ့ ဟုတ်ကဲ့လား။

တင်ပါ့ဘုရား။

အဲဒီဘောင်ထဲကလွတ်ပြီးတော့သစ္စာဉာဏ်ပေါက်လာတဲ့အခါကျတော့မှ လူဟာရဲရင့်လာတယ် သတ္တိရှိလာတယ် အဲဒီတော့ဦးပဥ္စင်းတို့ သစ္စာလေးပါးတရားဖြစ်တဲ့ဓမ္မာစကြာတရားကိုအဖန်ဖန်ဟောတာ ဘာပြုလို့လည်းဆိုတော့အမှန်တရားကို တကာကြီးတွေ တကာမကြီးတွေ အမှန်အတိုင်းသိမြင်ဘို့ဘဲ။

တင်ပါ့ဘုရား။

အမှန်တရားကိုသိမြင်တဲ့အခါကျတော့တကာကြီးဦးဘမောင်တို့ဟာအမှန်ဘက်တော်သားတွေဖြစ်မယ် ဟုတ်ကဲ့လား။

တင်ပါ့ဘုရား။

အမှန်ဘက်သားနာမည်ခံပြီး အမှန်ဘက်ကိုရောက်သွားတဲ့လူများ ဟာ ဘာမှကြောက်စရာမရှိတော့ဘူး၊ ကြောက်လဲမကြောက်တော့ဘူး။ ဘာမှုဘဲဖြစ်ဖြစ်အမှန်ဘက်ကနေရတဲ့ သူဟာကြောက်စရာလိုသေးလား ဦးဘမောင်။

ကြောက်ရန်မလိုတော့ပါဘုရား။

အဲဒီတော့ ဘဝသံသရာခရီးသွားလုပ်နေကြတဲ့ တကာကြီးတွေ တကာမကြီးတွေမှာ အမှန်ဘက်ကများနေမိရင် ဘာမှ ကြောက်စရာမရှိဘူး ဟုတ်ကဲ့လား။

တင်ပါ့ဘုရား။

အဲဒီတော့ ခုကြောက်နေရတာက ဘာပြုလို့လဲဆိုတော့ ကိုယ်ဟာ ကိုယ် မှန်မှန်းလဲမသိ မှားမှန်းလည်းမသိ၊ ဘယ်ဘက်သားမှန်းလည်းမသိ၊ ညာဘက်သားမှန်းလည်းမသိ၊ အဲဒီလိုဖြစ်နေကြတဲ့အတွက်ကြောင့် ကိုယ့်ကို ကိုယ် မဆုံးဖြတ်နိုင်မှု ဝိစိကိစ္ဆာတွေ ဖြစ်နေကြခြင်းကြောင့် အဲဒီကြောက်လန့်မှုတွေ ပေါ်လာတာ၊ ဒါကြောင့် ဒီကြောက်လန့်မှုတွေမရှိအောင် ဘာလုပ်ရမလဲ၊ ရှေးကသွင်းပစ်ခဲ့တဲ့ အယူစွဲ၊ ပရမ္မရဟာ ဘာနဲ့တူသလဲ ဆိုရင် ဘေလုံးနှင့် တူတယ် ဟုတ်ကဲ့လား ဦးဘမောင်။

တင်ပါ့ဘုရား။

အဲဒီဘေလုံးကို ချပစ်မှ အဲဒီဘေလုံးမကျသမျှ ဒီလူအဖျားမပျောက် ဘူး ဟုတ်ကဲ့လား။

တင်ပါ့ဘုရား။

အဲဒီလိုဘဲ သတ္တဝါတွေဟာ ပရမ္မရကနေပြီးတော့ စွဲလာခဲ့တဲ့ အစွဲ ဘေလုံးကြီးကို ဦးပဥ္စင်းတို့ ရက်ရက်စက်စက် ဖြိုဖျက်ပြီးတော့ ချနိုင်မှဖြစ်မယ်။ အနာခံပြီးတော့ချရမယ်။

ဘေလုံးချတယ်ဆိုတာ တကတဲ အန်ဆေးတွေဘာတွေ တိုက်ပြီး တခါ ထပ်အန်ပြီးတော့ တကတည်းအစာတွေရော ဘာတွေယော တကတည်းလူကို တော်တော်ပင်ပန်းမှ ကျတယ်။

အဲဒီလိုဘေလုံးကျအောင်လုပ်ရသလိုဘဲ တကာကြီးဦးဘမောင်နှင့် တကွ ဦးပဥ္စင်းတို့ အားလုံးပရမ္မရစွဲတွေကို ဘုရား၏ဒေသနာတော် ဘေကျ ဆေးတွေနှင့် ဖျက်ပြီးချမှ ဦးပဥ္စင်းတို့ ဗိုက်ထဲကပေါ့သွားမယ်။

အဲဒီသဘာဝဟာ ဦးပဥ္စင်းတို့ ယနေ့ညပြောတဲ့ ပရမ္မရထဲမှာ ပါသွားပြီး ဣတိကိရာယ ဆိုတာလည်းဘဲ အဲဒီအတိုင်းဘဲ “ဤသို့တဲ့ ဤလိုတဲ့” ဆိုတာ လည်း သူများပြောဘဲ ဟုတ်တယ်မဟုတ်လား။

တင်ပါ့ဘုရား။

ကိုယ့်မျက်စိနှင့် တွေ့ခဲ့တာမဟုတ် ကိုယ့်နားနှင့် ကြားခဲ့တာမဟုတ်၊ ကိုယ့်နှာခေါင်းနှင့် နံတဲ့ကိစ္စမဟုတ် ကိုယ်လျှာနှင့် လျက်ကြည့်လို့ သိတဲ့ကိစ္စမဟုတ် ကိုယ့်ကိုယ်နှင့် ထိလို့ သိခဲ့ရတဲ့ကိစ္စလဲမဟုတ် အဲဒီတော့ စမ်းသပ်မှုကို လုပ်ရန် ဘုရားက ဦးဘမောင်တို့ကို နည်းပေးခဲ့တယ်မဟုတ်လား။

တင်ပါဘုရား။

မျက်စိနှင့် ကြည့်စမ်း မျက်စိနှင့်ကြည့်လို့ မြင်ရဲ့လား မမြင်ရဘူး။ မမြင်ရရင် အဲဒီမမြင်တာကို တကာကြီး ဦးဘမောင် ယုံသေးသလားလို့။

မယုံပါဘူးဘုရား။

မျက်စိနှင့် မမြင်ရတာတစ်ခုကို ယုံချင်ယုံနားနှင့် နားထောင် ကြည့်စမ်း ပါ ဟုတ်ကဲ့လား။

တင်ပါဘုရား။

နားနှင့် ကိုယ်တိုင်ထောင်လို့ ကိုယ်တိုင်တိုက်ရိုက်ကြားရရင် မျက်စိနှင့်မမြင်ရစေကာမူ ယုံပါတော့ နားနှင့် ကြားရတာကို ယုံပါအုံး အခု ဟို ရေဒီယိုထဲဖွင့်နေတယ်မဟုတ်လား။

ရှိပါတယ်ဘုရား။

အဲဒါ ဘီလပ်က စကားပြောတာဆိုတာ မယုံနဲ့အုံး သွားပြီးနားနှင့် ထောင်ကြည့်တော့ ဟိုကပြောနေတာကို ကြားရတယ်။ မျက်စိနှင့်တော့ မမြင်ရဘူး။ ကိုယ်က ပြောနေတဲ့ လူကိုကော မမြင်ရဘူးမဟုတ်လား။

မမြင်ရပါဘုရား။

သို့ရာတွင် နားနှင့်တော့ကြားရတယ် အဲဒီနားနှင့်ကြားရင် လဲဘဲ စိတ်ချရလောက်တဲ့ အထောက်အထားနှင့် မှန်တယ်လို့ ယုံနိုင် ပါသေး တယ်။

တင်ပါဘုရား။

ဒီတော့တကာ ကြီးဦးဘမောင်တွက်ကြည့် နားနဲ့မျက်စိနဲ့ ကတ တန်း ထဲနေတယ်။

အဲ အမှန်တရားကို လိုက်လံရှာဖွေစုံစမ်းတဲ့အခါ သည်၂ခုက ထောက်ခံရင် ဒီ ၂ခုက မှန်တယ်ပေါ့လို့ သက်သေခံရင် ဦးဘမောင် ယုံပါတော့ ဟုတ်လား။

မှန်ပါဘုရား။

တကာကြီးတွေ တကာမကြီးတွေ နားနှင့်လည်း မကြားရဘူး။ မျက်စိနှင့် မကြားရဘူး။ အဲဒါကို တကယ်ယုံနေတဲ့ လူတွေအများကြီးရှိနေ ကြတယ် မဟုတ်လားလို့။

ရှိပါတယ်ဘုရား။

အဲဒီကိစ္စဟာ အခက်တကာ့ အခက်ဆုံးတဲ့ ဘယ်နှယ်ပြောလို့ ဘယ်နှယ် ပောလို့မရဘူး။ နားနှင့်လည်းမကြားရဘူး မျက်စိနှင့်လည်း မမြင်ရတဲ့ဟာကို ယုံရတာမလွယ်ဘူးဝိဇ္ဇာဘိုးဘိုးအောင်ကြွလာတယ်သာဆိုတယ် ခြေသံလည်း မကြားရဘူးဟုတ်လား။

တင်ပါဘုရား။

ကြွလာပြီးတော့ အခန်းထဲပြင်ထားတဲ့ ထမင်းပွဲတော်ကြီးလဲ စားသွား လိုက်တာ ပြောင်လို့ဆိုရအောင်လဲ စားတာလည်းမမြင်ရဘူး။ အဲဒီလိုတာပြောတယ် ထမင်းတစ်လုံးမှလည်း ပန်းကန်ထဲကမရှော့ဘူး။ ဇွန်းကလည်းမရွေ့ဘူး။ အဲဒါလာပြီးတော့ စားသွားလို့ တကတည်း နောက် တခါ ထပ်ပြီးတော့ ချက်ထည့်ဦး။ အဲဒီလို ယုံကြည်မှုတွေဟာ မှန်ပလား။

မမှန်ပါဘုရား။

အဲ ရွာအရှေ့ဘက်ကနတ်စင်သွားပြီးတော့ လုပ်ကြပြန်ပါပြီ နတ်ကွင်း တက်တယ်တဲ့ ဦးပဥ္စင်းတို့ အညာအရပ်မှာတော့ လုပ်ကြတယ်။ အောက်အရပ်မှာတော့ မလုပ်ဘူးထင်တယ်။ အောက်ကောလုပ်ကြ သေးလား။

လုပ်ပါတယ်ဘုရား။

ဦးပဥ္စင်းတို့ဆီတော့ မိုးဦးကြ မိုးမရွာနိုင်တဲ့အခါမယ် နတ်စဥ်သွား ပြီးတော့ ထီးဂျမ်း ထီးဂျမ်းနှင့် ကကြတာဘဲ အဲဒီနတ်ကွန်းတက်တာကို ဦးပဥ္စင်းက တခါ တခါလိုက်ကြည့်တယ် လိုက်ကြည့်တော့ ဘာတွေ သလဲဆိုတော့ ဒီကပြောတာ ဟိုကကြားမဲ့လူလည်း မရှိဘူး။

အဲဒါ မမြင်ရဘဲနဲ့ တခါတခါ ကိုမင်းကျော်ဝင်ချနေလိုက်တော့ တခါတည်း အဲဒီက အကောင်တစ်ကောင်က ကိုးယိုးကားယားထလုပ်ရင် ထကတဲ့သူကိုဘဲ အရက်ကိုးမောင်းတိုက်ရတယ်။ အဲဒါမူးတော့ သူမူးလို့။

ကဲ ကိုမင်းကျော်ထွက်သွားပြီဆိုမှဘဲ ဟန်ကျပန်ကအိမ် ပြန်ရတာ (သို့မဟုတ်) မပြန်ရဘူး။

တင်ပါဘုရား။

အဲဒါ ထွက်သွားတာလည်းမမြင်လိုက်ဘူး။ ဝင်လာကြတာလည်း မမြင်လိုက်ဘူး။ ဟိုလူတွေက ကိုမင်းကျော်ကို ကိုမင်းကျော်ဆိုလို့သာ ကြောက်လန့်ပြီး အရက်ဝယ်တိုက်လိုက်ရတာ ဟုတ်လား။

အဲဒီလို မျက်စိနှင့်လည်းမမြင်ရ နားနှင့်လည်းမကြားရတဲ့ ကိစ္စတွေကို ဦးပဥ္စင်းတို့ရဲ့ ပရမ္မရ အစဥ်အဆက်သဘောအားဖြင့် ယုံကြည်လာကြတာ ဘယ်လောက်ပေါသလဲလို့ အများကြီးရှိတယ်။

မှန်ပါဘုရား။

အဲဒီတော့ ဘုရားက မျက်စိ နား နှာ လျှာ ကိုယ် ဟဒယဟု ဆိုအပ်တဲ့ အိန္ဒြေ ၆မျိုးနှင့် မင်းတို့ချိန်ထိုးပြီးတော့ ကြည့်လိုက်လို့ အိန္ဒြေ ၆မျိုးနှင့် အသုံးချနိုင်တဲ့ပစ္စည်းမှန်က တကယ်ရှိတယ်ဆိုတာ မှန်သည်၊ အဲဒီယုံကြည်တဲ့ ဟုတ်လား။

တင်ပ့ါဘုရား။

အဲဒီလိုမှ မဟုတ်ရင် ဣတိကိရာယတိထဲ ပါသွားလိမ့်မယ် ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပ့ါဘုရား။

အဲဒီ ဣတိကိရာယတိထဲမပါအောင် ဦးပဥ္စင်းတို့ဟာ ဘယ်ကိစ္စ မှဘဲဖြစ်ဖြစ် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ဟဒယ အဲဒီ၆ခုဟာ ဘာလုပ်ဘို့ လဲဆိုတော့ ဦးဘမောင်တို့လို လူသားမှာ အမှားအမှန်ကို ဆုံးဖြတ်နိုင်အောင် ကူညီတဲ့သဟာယအကြောင်းတရားတွေ မဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

အဲဒီတော့ အဲဒါတွေအသုံးမပြုဘဲနဲ့ မျက်စိမှိတ်ပြီးတော့ ဇွတ်မှိတ် ပြီးတော့ ယုံနေရတဲ့ ပစ္စည်းတွေမရှိဘူးလား။

ရှိပါတယ်ဘုရား။

အဲဒါကြောင့်ဘုရားအကြိုက်မဟုတ်သေးဘူးလို့ အသိဥာဏ်ထဲ မှာအောက်မေ့ကြ ဟုတ်ရဲ့လား။

မှန်ပါဘုရား။အဲလို အသိဉာဏ်ထဲမှာ အောက်မေ့နိုင်မှ ဒါတွေဟာ တန်ခါကျမယ်။

(သို့မဟုတ်)ဒါတွေက ပရမ္ပရသဘောအားဖြင့် မယုံမဖြစ်ရတော့ သလို ဖြစ်နေကြတဲ့ သဘောတွေအများကြီး ရှိနေတယ်။ မူလအခြေခံ အားဖြင့် ကိုယ်ပိုင်အသိနှင့် ကိုင်ထားဘို့ဟာက ကိုယ့်မှာရှိတဲ့ ရုပ်ကြည် အိန္ဒြေပစ္စည်း ၆ ခု အဲဒီ အိန္ဒြေ ၆ ခုနဲ့ ထုပြီးတော့ကြည့်ရမယ်။ စမ်းပြီးတော့ ကြည့်ရမယ်။ အဲလို အစမ်းခံနိုင်မှ မိမိရဲ့ ယုံကြည်မှုကိစ္စ ပြီးသွားမယ်။

ဒါကြောင့် ဘုရားရှင်က မင်းတို့ ပေါ့ပေါ့ဆဆမနေကြနဲ့ ကာလာမ မင်းသားများ ပရမ္ပရသဘောတွေကလည်း လာတယ် ရှေးအစဉ်လာက ပြောဆိုကြတဲ့ ဤသို့တဲ့ ဤလိုတဲ့ ဆိုတဲ့ ကြားရတဲ့စကားတွေကလည်း ရှိနေတယ်။

အဲဒီ ကြားရတဲ့စကား ဣတိကိရာယာယ နားနဲ့ကြားရတာ ဟုတ်ကဲ့ လား ဦးဘမောင်။

နားနဲ့ ကြားရတောင်မှ တဆင့်စကား တဆင့်ကြားရတာမျိုး တိုက်ရိုက်ကြားရတာ မဟုတ်ဘူးဆိုရင် မယုံနဲ့အုံး။ တိုက်ရိုက်ကြား ရတာဆိုရင်တော့ နားကလည်း ယုံကြည်ထိုက်တဲ့ပစ္စည်းပဲမဟုတ်ဘူးလား။ မျက်စိကလည်း ယုံကြည်ထိုက်တယ်မဟုတ်လားလို့။

မှန်ပါ။

အဲဒီတော့ တိုက်ရိုက်ကြားရတာမဟုတ်ဘဲနဲ့တော့ ဣတိကိရာယာ ယ ဆိုတာဘဲဖြစ်မယ်။ တဆင့်ကြားပေါ့။ တခြားကြား ဆိုတာ ဥပမာ - ရန်ကုန်က ပြန်လာတဲ့သူကိုယ်တိုင်က ပြောတာမဟုတ်ဘူး။ အဲဒီလူနဲ့ တွေ့ခဲ့တဲ့ လူတစ်ယောက်က ပြောပြလိုက်တယ်။

ရန်ကုန်မြို့ လူထူးလူဆန်းပေါ်လို့တဲ့ ဘယ်လိုဟာ ဘာဖြစ်လို့တဲ့ ပြောက်စေ ဆရာ ပေါ်လို့တဲ့ ဆိုတော့ မနက်ဖြန်မနက် သဘော်နှင့် လိုက်ရပြန်ပြီ။

အဲဒါ ဘာလဲဆိုတော့ ဣတိကိရာယာတိ လိုက်ရတာဘဲ ဤသို့တဲ့ ကြားယုံနဲ့ လိုက်တာဘဲ ကြားယုံနဲ့ လိုက်တော့ ဟိုကြဘာမှ မဟုတ်ဘူး ပြန်လာခဲ့ရတာဘဲ။

အဲဒီလောက် ဦးပဥ္စင်းတို့မြန်မာပြည် မြန်မာများရဲ့ ယုံကြည်မှုတွေထဲမှာ မဟုတ်ကတတ် ဟုတ်ကတတ်နဲ့ ဟိုအရပ်က ပြောလိုက်တာတွေ ဒီအရပ်က ကြားခဲ့တာတွေ အဲဒီကြားတာတွေ တဆင့်စကားကြားတာတွေ သူကိုယ်တိုင်လည်း တကယ်မသိ တိုက်ရိုက်မြင်ခဲ့ ကြားခဲ့တာလည်းမဟုတ်ဘူး။

တကယ်လိုက်တဲ့အခါကြတော့ အဲဒီကြားတဲ့လူကလည်း တဆင့်စကားဖြစ်နေ အဲဒီတဆင့်စကားကြားတဲ့လူက ပြောလို့ ဦးပဥ္စင်းတို့က ကြားပြန်တော့လည်း တဆင့်စကားဘဲ အဲဒီတဆင့်စကားတွေဟာ အဆင့်ဆင့်ကြားလာတဲ့အခါကျတော့ကာ အမှန်ကြားမဟုတ်တော့ဘူး ဦးဘမောင် အမှားဘက်ရောက်သွားပြီ။

မှန်ပါဘုရား။

အဲဒါကြောင့်ဘုရားက "အဲဒီလို ဤသို့တဲ့ ဤလိုတဲ့" တဆင့်စကားတွေကို မင်းတို့မယုံကြနဲ့တဲ့ ကြားရင် ကိုယ်တိုင်သွားကြည့်လိုက်ပေါ့ ပင်ပန်းတာမှ မဟုတ်ဘဲ ဟုတ်တလား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒါကြောင့် ကာလာမပုဏ္ဏား ကာလာမမင်းသားတွေ အင်မတန်ကြီးကျယ်တဲ့ သံသယ ကုက္ကုစ္စတွေ ဖြစ်လာရခြင်းဟာ ဘာကြောင့် လည်းဆိုတော့ အဲဒီအစဥ်အလာနဲ့ ပြီးလာခဲ့ကြတဲ့ ဆရာကြီးတွေ သမားကြီးတွေ တရားဟောဆရာကြီးတွေက လာဟောတဲ့စကားအမျိုးမျိုး အဖုံဖုံစုံနေအောင် ကြားရတဲ့အတွက် ဘုရားကဒီလိုဒီလိုပြောကျတာတွေကို အလားမဲ့သက်သက် အရမ်းမဲ့တော့ဖြင့် မယုံလိုက်ကြနဲ့ ဟောဒီ အခုဦးပဥ္စင်းတို့ ဘောသမုတ္တိသုတ်မှာ မှတ်ကျောက်နဲ့ စံချိန်ထိုးကြည့်ဘို့ဘဲ။

အဲဒီစံချိန်ထိုးကြည့်တဲ့အထဲမှာ ဒီကနေ့ည ၃ ခုပြီးသွားပြီ။ အဲ၃ခုပြီးသွားတော့ကာ တို့တကာကြီးတွေလည်း ညောင်းလှညာလှရောပေါ့ ဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

အဲဒီ ၃ခုလောက်ပြီးစွားတဲ့အခါကြရင် နောက်ဘယ်နှစ်ခုကျန်သလဲ ၇ ခုကျန်သေးတယ်။ အဲ ၇ ခုဟာ မနက်ဖြန်ခါနှင့်ပြီးမလား၊ သဘက်ခါကျမှ ပြီးမလား၊ မပြောတတ်ဘူး ဟုတ်ပလား။

တင်ပါဘုရား။

ပြီးတော့ ဒီတရားနာရတဲ့အခါမှာ တကာကြီးတွေ တကာမကြီးတွေအတွက် အရေးကြီးဆုံးအချက်က ဘုရားကဘာဟောသလဲ ဘာလိုလားသလဲဆိုတော့ စမ်းသပ်ဘို့ဘဲ ကျင့်ဘို့ကြံဘို့ ပြောတာမဟုတ်ဘူး ဦးဘမောင်။

မှန်ပါဘုရား။

ကျင့်ဘို့ကြံဘို့ဆိုတာက တမျိုးဘဲ တော်တော်ကြာတောင်တွင်းကြီး ဆရာတော် ဦးဥက္ကဋ္ဌက လာဟောသွားတယ်ကြားလို့ ဒီအတိုင်းလာဟောရင် နာယူလိုက်ပြီးတော့ ဒီကိုယ်တော်ဟောတာကို မှတ်ကျောက်ကလေးနဲ့ တိုက်ကြည့်လိုက်အုံး။ မှန်ရင်ဟုတ်ရင် လိုက်နာကျင့်သုံးကြဘို့ပေါ့။ မဟုတ် ရင် ပစ်လိုက်ပေါ့ နောက်ဘယ်သူလာဟောဟော ဆရာကြီး ဦးဘမောင် တို့ဆီလာပြီး လူဆရာကဘဲဟောဟောဟောတဲ့အခါနားထောင် နားထောင် ပြီးတကာ ကြီးတွေက ဦးပဏ္ဍင်း မနေ့ညကဟောခဲ့တဲ့ မှတ်ကျောက် ရပြီ မဟုတ်လား။

အဲဒီ မှတ်ကျောက်ရတော့ကာ အဲဒီတရားဟောလာတဲ့ ပုဂ္ဂိုလ်ရဲ့ ဟောပြချက်တွေကို နားနှင့် နာယူပြီးတော့ ကိုယ်ရရှိထားတဲ့ မှတ်ကျောက် ကလေးပေါ်မှာ တင်ကြည့်လိုက် အဲလိုတင်ကြည့်တဲ့အခါ မှတ်ကိုက်ရင် ဟုတ်ပြီ။ မှတ်မကိုက်ရင်တော့ တို့အညာထိတော့မယ်ဆိုတာ အဲဒီလိုအမှား နှင့် အမှန် ဤနှစ်တန်ကို ကျကျနနဆုံးဖြတ်ပြီးတကာလ အမှန်ကိုလိုက်၍ အမှားကို ပယ်စွန့်နိုင်ကြရန် အလို့ငှာ ဦးပဏ္ဍင်းက ကာလာမသုတ်ကို ကျယ်ကျယ် ပြန့်ပြန့်နှင့် တကာမကြီးတွေလည်း နားလည် တကာကြီးတွေ လည်း သဘော ပေါက်ပြီးတော့ မှတ်ကျောက်ကလေးတွေ ကိုယ်စီကိုယ်ငှ အမြဲစွဲကိုင် ထားရအောင် ဆိုပြီးတော့ ဒီသုတ်ကို ဟောပြရခြင်းဖြစ်တယ်။ မနက်ဖြန်ညကျမှ ဆုံးချင်လည်း ဆုံးသွားမယ်။ မဆုံးရင်လည်း နောက် တစ်ညဆက်ပေါ့ အဲ ယနေ့ညတော့ တော်ကြဦးစို့ရဲ့။

မနေ့က တရားဆက်

နံပါတ်လေးက...

မာ ပိဋကသမ္ပဒါနေန။

ပိဋက သမ္ပဒါနေန၊ မိမိတို့သင်ယူလေ့ကျင့်မှတ်သားအားထုတ်အပ် သောကျမ်းနှင့် ညီကာမျှဖြင့် မာ ဂဏှိတ္ထ၊ မှန်လှပြီဟူ၍ မမှတ်ကြကုန်လင့်။

သည်တော့ ဒီစကားဟာ ဘာသာဝင်ဖြစ်တဲ့ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ် တိုင်း အတွက် အင်မတန်အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ဘာသာ ဝင်တိုင်း မှာ ကိုးကွယ်ထားတဲ့ တရားဓမ္မဆိုင်ရာ ကျမ်းစာအုပ်တွေ အမျိုးမျိုး ရှိကြတယ်။

အဲဒီကျမ်းစာအုပ်တွေထဲမှာပါတဲ့ ပစ္စည်းမှန်က အဲဒီကျမ်းစာအုပ် တွေထဲမှာ ရိုက်ထားတဲ့ တရားစကားတွေမှန်က အကုန်လုံးမှန်တယ်လို့ လူတိုင်း လူတိုင်းကယူကြတယ်။

ခရစ်ယာန်ဘာသာဆိုင်ရာ ပုဂ္ဂိုလ်တွေကိုသွားမေးတဲ့အခါ ကျတော့ သမ္မာကျမ်းစာခေါ်တဲ့ ဓမ္မဟောင်း ဓမ္မသစ် အဲဒီ ၂ခုထဲမှာ ပါသမျှအကုန်မှန် အဲဒီ ဓမ္မဟောင်း ဓမ္မသစ် ဆိုတဲ့ ကျမ်းစာ ၂ခုထဲမှာ အမှားဆိုလို့ တစ်လုံးမှမပါဘူးတဲ့ အကုန်အမှန်ချည်းပဲတဲ့ အဲဒါက ခရစ်ယာန်ရဲ့အလို။

ပြီးတော့ အစ္စလာန်ဘာသာဝင်တဲ့ ပသီလူမျိုးများရဲ့ ကျမ်းစာသွား ကြည့် လိုက်တော့လည်း ကိုရမ်ကျမ်း အဲဒီကိုရမ်ကျမ်းထဲမှာ ပါတဲ့ တရားသာ လျှင် မှန်တယ်၊ ခုနကပြောတဲ့ သမ္မာကျမ်းစာထဲမှာ ပါတာတွေက မှန်ချင်မှ မှန်မယ်တဲ့ ဟုတ်လား။

တင်ပါဘုရား။

ဟိန္ဒူလူမျိုးတစ်ယောက်ကို သွားပြီးတော့မေးလိုက်ရင်လဲ သူက လည်းသူ့စာအုပ်ကြီးတွေကိုပြမှာဘဲ။

ဒီဝေဒကျမ်းကြီး လေးကျမ်းတို့ ဥပသာဒကျမ်းတို့ နောက်ဆုံးပိတ် သူတို့ မှာ အရေးကြီးဆုံးဖြစ်တဲ့ ဟိန္ဒူလူမျိုးတိုင်း လူမျိုးတိုင်း အမြတ်နိုး ဆုံးဖြစ်တဲ့ ကျမ်းစာ ၂ ခုရှိပြန်တယ်။ ရာမာယနကျမ်းရယ်။ ဘဂဝါဂီတကျမ်း ရယ်။

အဲဒီကျမ်းတွေလဲ ပါသမျှကိစ္စတွေဟာ အကုန်လုံးမှန်တာချည်းဘဲတဲ့ အဲဒီကျမ်းစာတွေထဲမှာ မပါတဲ့ ခုနပြောခဲ့တဲ့ ခရစ်ယာန်အယူရှိတဲ့ ပုဂ္ဂိုလ်များရဲ့ သမ္မာကျမ်းစာမှာပါတာတွေရော ပသီဘာသာဝင်ဖြစ်တဲ့ ပုဂ္ဂိုလ်များရဲ့ ကိုရင် ကျမ်းစာတော်မှာပါတဲ့ စကားတွေရော အဲဒါတွေဟာ အကုန်လုံး ဟိန္ဒူ ဘာသာဝင်ဆိုင်ရာတို့ကမှားတယ်တဲ့ သူတို့ဟာသာလျှင် မှန်တယ်။ အဲဒီတော့ ရာမာယနကျမ်းဆိုတာ သူတို့က အကုန်မှန်။

အဲဒီတော့ ဘယ်လောက်ပြင်းပြင်းထန်ထန် စွဲသလဲဆိုရင် သူတို့မှာ ကျမ်းစာအုပ်ကိုမြင်လိုက်တာနဲ့ တပြိုင်နက်တည်း ရှိခိုးရတယ်။ ဒီကျမ်းစာ ကိုမြင်ရမယ် (သို့မဟုတ်) ကျမ်းစာကိုဖတ်ရမယ်ဆိုရင် ကုသိုလ်တွေ တစ်လုံး တစ်ထွေးကြီး ရနေတာဘဲတဲ့ အဲဒီလောက် ပြင်းပြင်းထန်ထန် ယုံကြည်တာ။

ဒီတော့ ဦးပဥ္စင်းတို့ကိုယ်တိုင် အကျိုးအမြတ်ရှိတာက အိန္ဒိယ နိုင်ငံ မှာသွားပြီးပညာသင်စဥ်အခါတုန်းက ဟိန္ဒူစာနှင့် သက္ကတစာလည်း သင်ချင်တဲ့ စိတ်ရှိတာနဲ့ ဆရာ ငှားဖတ်ရပြန်လဲဘဲ တစ်လ ၁၅ ကျပ် ၂၀ ကျပ်ပေးရတော့ အင်မတန်အကုန်အကျများနေတုန်း အယူသီးတဲ့ပုဏ္ဏားကြီး တစ်ယောက်နဲ့ သွားတွေ့တယ်။

ဦးပဉ္ဇင်းကပြောတယ် ခင်ဗျား ရာမာယနကျမ်းစာကို ပြပေးမလား လို့ ဦးပဉ္ဇင်းကမေးကြည့်တယ် သူက ပြပေးပါမယ် တဲ့။

အဲဒီတော့ ပြပေးခ တစ်လကို ခင်ဗျားလခဘယ်လောက် ပေးရမလဲလို့ ဟာ ဆွာမိကြီးနှယ် ရာမာယနကျမ်း ပြတဲ့ပိုက်ဆံယူရင် ကျုပ်အဝီစိ ကျမှာ ပေါ့ဗျာတဲ့။ အဲဒါတော့ ကိုယ့်အကြိုက်နဲ့ သွားတိုက် နေတာ တကတဲ ဘယ် လောက်တောင် သူက စိတ်အား ထက်သန် သလဲဆိုရင် ၁၂ နာရီထိုးရင် ဦးပဉ္ဇင်းဆီရောက်လာပြီး ညနေ ၄ နာရီ ၅ နာရီထိုးမှ တောင်းပန် လွှတ်လိုက်ရတယ်။ ဒီပြင်အလုပ် လုပ်စရာမရှိဘူး။

သူပြတဲ့စာချည်းဖတ်နေရတာ ဘယ့်နှယ်ဖြစ်နေလဲဆိုတော့ သူက ဖတ်မဲ့ လူရှိလို့ ပြနေရလေ ပြနေရတဲ့အချိန်တိုင်း အချိန်တိုင်းမှာ သူမှာ လောကုတ္တရာ ကုသိုလ်တွေ တိုးပွားတောဘဲလို့ သူယုံတယ်အလကား နေပြီး အချိန်ဖြုန်း နေမဲ့အစား ဘုန်းကြီးဆီလာပြီးတော့ စာပြနေရတာက ကုသိုလ် တွေအင်မတန် တိုးပွားပါတယ်ဆိုဘဲ။

တခါကလေးများ ညတောင်ဆက်ပြီးလာပြရှာတယ် သူကဒီလို ကျမ်းစာဖတ်မယ့်သူ လိုက်ရှာနေတာ အဲဒီလောက် စာအုပ်စွဲကလည်း ရှိတယ်။

ပြီးတော့ သူတို့ထဲက အမြတ်နိုးဆုံးဖြစ်တဲ့ ကျမ်းစာတစ်ခု ရှိသေး တယ်။ ဘဂဝါဂီတကျမ်းဆိုတာဘဲ အဲဒီ ဘဂဝါဂီတကျမ်းကလည်းဘဲ လူကြိုက် များသလဲဆိုရင် ၎င်းကိုဖတ်ရွှက်သူအား အဲဒီခရက်ရှနားကိုးကွယ် တဲ့ ဟိန္ဒူ ကုလား တိုင်းက ပူဇော်ကြတယ်။ အလေးပြုကြတယ်။ မုန့်ပဲသရေ စာတောင် ကျွေးလိုက်ကြသေးတယ်။ အဲဒီလောက်သူတို့ကမြတ်နိုးတာ ယုံကြည်တာကိုး။

နို့ အဲဒီထဲမှာ ပါတာတွေက ဘာလဲဆိုတော့ တကာကြီးတွေ ကြားဘူး မှာပေါ့ ရာမမင်းဆိုတာ သီတာမိဖုရားခိုးတဲ့ ဒသဂီရိခေါင်း ၁၀ခုတို့ဘာတို့ ဟံနုမာတို့ သူ့ ဂျိတ်တို့ ဘာလီတို့ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီဇာတ်လမ်းကြီး ရှောက်ဖတ်နေတာ နှစ်နှစ်တိုင်တိုင် ဖတ်ခဲ့တာ ဘဲ မကုန်ဘူး။

အဲဒီဇာတ်လမ်းဘဲ သူတို့က အင်မတန်သာယာတယ်။

အနို့ ဘဂဝါဂီတကျမ်းဆိုတာကလဲ အင်မတန်နှစ်သစ်ကြတဲ့ အင်မတန် မြတ်နိုးကြတဲ့ကျမ်းစာဘဲ။

ကမ္ဘာပေါ်မှာ အကောင်းဆုံးစာအုပ်တစ်အုပ်လို့ သမုတ်ထားပြီး ကိုးကွယ်နေကြတာဘဲ။

ဒီဘဂဝါဂီတကျမ်းစာ ဖြစ်ပေါ်လာပုံကတော့ အိန္ဒိယသမိုင်းဝင် စစ်ပွဲကြီးနှင့် ဆက်နေတယ်၊ မဟာဘာရတစစ်ပွဲမှာ ခရစ်ရှနားဘုရား ကိုယ်တိုင်က ရထားကိုမောင်းတယ်၊ အဲဒီရထားပေါ်မှာစီးပြီး တော့လိုက်တဲ့ စစ်သူကြီးက အဇ္ဇုနတဲ့၊ အဲဒီ မဟာဘာရတစစ်ပွဲကြီးကို တိုက်ခါနီးကျတော့ စစ်ဗိုလ်လုပ်တဲ့ အဇ္ဇုနမင်းသားကပြောတယ်။

အရှင်ဘုရား ...

ဟောဒီစာမျက်နှာ နှစ်ခုကြားထဲမှာ လျှောက်ပြီးတော့ ရထားကို မောင်းလိုက်စမ်းပါလို့ ဆိုတော့ မျက်နှာနှစ်ခုကလည်း မျက်နှာချင်းဆိုင် နေကြတာကိုး ဟိုဘက်က ပဏ္ဍဝတို့ဒီဘက်ကလည်း ကောရဗျတို့ဆိုတဲ့ မင်းသားတွေစစ်သည်တော်တွေနှင့် ရထားတွေစဥ်ပြီးတော့ရှိနေကြတဲ့ အကြားမှာ အဇ္ဇုနက ရထားကိုမောင်းခိုင်းလိုက်တာ ရထားပေါ်ကနေပြီး သေသေချာချာ ကြည့်တာပေါ့လေ၊ ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက် ဘယ်သူတွေ ပါသလဲဆိုတာ သိချင်တာကိုး။

အဲဒီလိုအဇ္ဇုနက မောင်းခိုင်းလို့ ခရစ်ရှနားဘုရားက ရထားကို မောင်းနှင် လိုက်တဲ့အခါ ဒွာ အဇ္ဇုနရဲ့ လက်ထဲမှာကိုင်ထားတဲ့လေးဟာ တုန်ပြီးတော့ လွတ်ကြတယ်။

ဘာပြုလို့လည်းဆိုတော့ ဟိုလက်ကြည့်လိုက်တဲ့ အခါကျလဲ သူ့ဆရာတွေပါတယ်။ သူ့အစ်ကိုတွေပါတယ်။ သူ့ဦးကြီးတွေပါတယ်။ ဒီဘက် ကြည့်လိုက်တော့လည်း သူ့အစ်ကိုတွေ သူ့ညီတွေ စသည်ဖြင့်ပါ နေတယ်။ အဇ္ဇုနမင်းသားက ခရစ်ရှနားဘုရားကိုလျှောက်တင်တယ်။

အရှင်ဘုရား...

တပည့်တော် ဒီစစ်ပွဲတော့ မတိုက်ပါရစေနဲ့တော့ ကို့ဆွေမျိုးသားချင်းတွေသတ်ပြီးမှရတဲ့ မင်းစည်းစိမ်ချမ်းသာတွေကို တပည့်မလိုချင်ဘူး တဲ့။

အဲဒီလိုဆိုတော့အပေါ်ကမြင်းလှည်းမောင်းတဲ့ ခရစ်ရှနားဘုရားက ခုံပေါ်ကနေ အောက်ကို ငုံ့ပြီးကြည့်တယ်။ "ဟေ့ အဇ္ဇုန မင်းဟာ ခတ္တိယဇာတ်ဝင်မဟုတ်ဘူးလား"တဲ့။

ဟောဒီစကားလုံးက စမေးပြီးတော့ ဘယ်လောက်ပဲလူတွေ သတ်သတ်၊ သတ်ပေမဲ့ ပါဏာတိပါတကံ မထိုက်တဲ့အကြောင်း ဟောတော့တာဘဲ၊ နက်နက်နဲနဲခက်ခက်ခဲခဲဝေဖန်ပြီးတော့ ရုပ်သည် အတ္တ မဟုတ်၊ နာမ်သည် အတ္တမဟုတ်၊ အတ္တဆိုသော အရာသည် မင်းသတ် လို့မရဘူး စသည့်ဖြင့် ဟောတော့တာဘဲ။

တင်ပါဘုရား။

အဲဒီလောက်ခိုင်ခိုင်ခံ့ခံ့ အတ္တဝါဒကို ဟောသွားတဲ့ ကျမ်းဂန်ကြီးကို အမှန်ဆုံးဆိုပြီး ဟိန္ဒူဘာသာဝင် တို့က ယုံနေကြတယ်။

အဲဒီထဲမှာပါတဲ့ ကျမ်းစာတွေကို ခရစ်ယာန်တို့ ပသီတို့က မယုံကြဘူး။ နို့ တကာကြီးတို့ ဗုဒ္ဓဘာသာကတော့ ဒီအတိုင်းဘဲမဟုတ်လား။ ကိုယ့်စာအုပ်ထဲမပါရင် ဘယ့်နှယ်နေပါ့မလဲ။

မမှန်ပါဘူးဘုရား။

အဲလိုမမှန်ဘူးလို့ထင်ကြမှာချည်းဘဲ၊ ဦးပဥ္စင်းတို့ အထက်အညာ ဆီရောက်တော့ ခရစ်ယာန်သာသနာပြုဆရာမတွေက စာရွက်အလေးတွေ စာအုပ်ကလေးတွေ လိုက်ပြီးဝေကြတယ်။ အဲဒီစာအုပ် စာရွက်တွေကျတော့ အချို့ ခရစ်ယာန်မဟုတ်တဲ့ လူတွေက ဆေးလိပ်ဖင်ပိတ်လုပ်လိုလုပ်၊ နောက်ဖေး အိမ်သာသုံးလိုသုံး သုံးပစ်ကြတယ်၊ ကိုယ်မြန်မာစာရွက်ဆိုတော့ မုဒိန်းမှုတွေ ရေးထားတဲ့စာတွေက စာရွက်တောင်မကျော်ရဲဘူး ဟုတ်ကဲ့လား ဦးဘမောင်။

ဘာပြုလဲဆိုတော့ ကိုယ့်စာအုပ်ထဲမှာ ပါတဲ့ကိစ္စကလေးကိုသာလျှင် ကိုယ်ကဟုတ်တယ်လို့ ယူနေကြတဲ့အတွက် ဒီလိုစွဲနေကြရင် တကယ်မှန်တာကို တွေ့ပါလား ဦးဘမောင်။

မတွေ့ပါဘူးဘုရား။

အဲဒါကြောင့် ဘုရားက မာ ပိဋကသမ္ပဒါနေန၊ မိမိတို့ လေ့လာ ရွက်ဖတ်ပြီးတော့ ထားကြတဲ့ကျမ်းတွေထဲမှာ ပါကာမျှဖြင့် မာ ဂဏှတ္ထ၊ မှန်ပြီဟူ၍ သင်ကာလာမတို့မမှတ်ယူကြကုန်လင့် တဲ့။

ကိုယ့်စာထဲပါတာမှ မှန်တယ်ဆိုတယ်ဆိုရင် ဒီလူလေးယောက် ရန်ဖြစ်ဖို့ပဲရှိတော့တယ် မဟုတ်လား။

တင်ပါဘုရား။

ခရစ်ယာန်ရယ်၊ ပသီရယ်၊ ဟိန္ဒူရယ်၊ ဗုဒ္ဓဘာသာရယ်လေ။

မှန်ပါဘုရား။

အဲဒါခါးထမ်းထွက်ဖို့ဘဲရှိတယ်။ ဘယ့်နှယ်လုပ်လို့မှမရဘူး။

အဲဒါကိုဘုရားက အဲဒီအတိုင်း ဟောခဲ့တော့တကာကြီး ဦးဘမောင်တို့စိတ်ထဲမှာတကယ်ဆင်ခြင်စဥ်းစား၊ အဲစဥ်းစားဉာဏ်ကလေး ပေါ်ပေါက်လာရမယ် မဟုတ်လား။

တင်ပါဘုရား။

ဘုရားကိုယ်တိုင် မာပိဋ္ဋကသမ္ပဒါနေန လို့ ဟောပစ်ခဲ့တဲ့အတွက် ဒို့တွေယုံကြည်ပုံကိုတော့ ဘုရားကြိုက်ဖြစ်ပုံပေါ်ရဲ့လား ဆိုတာကို တို့တကာကြီးတွေတကာမကြီးတွေက စဥ်းစားဖို့မကောင်းဘူးလား။

ကောင်းပါတယ်ဘုရား။

အဲဒီတော့ ဘုရားဟောဆိုလိုရင်း အဓိပ္ပါယ်က ဘယ်စာအုပ် ထဲမှာဘဲပါပါ၊ ဘယ်ဗေဒထုပ်ထဲမှာပါပါ တကာကြီးဦးဘမောင်ရဲ့ ပစ္စုပ္ပန် အကျိုးလား၊ (သို့မဟုတ်) သံသရာမှာလည်နေမယ့် တမလွန်အကျိုးလား။ အဲပစ္စုပ္ပန်အကျိုးမှာလည်း တကာကြီးဦးဘမောင်ရဲ့ အသိဉာဏ်ပညာ တိုးတက်ရေး (သို့မဟုတ်) အသိဉာဏ်ပညာဆုတ်ရုတ်ရေး၊ တို့တကာကြီး တကာမကြီးတွေရဲ့ကုသိုလ်တရားပွါးများရေးလား အကုသိုလ်တရား ဆုတ်ရုတ်ရေးဖြစ် နေမလား ဟုတ်ကဲ့လား။ လောဘတရားပပျောက်ပြီးတော့ အလောဘတရား တိုးပွါးရေးဖြစ်သလား။ မဖြစ်ဘူးလား အဲဒီအခြေခံလေးကို ကိုင်ပြီးစဥ်းစားလိုက်ရင် စာအုပ်လိုသေးလား။

မလိုတော့ပါဘုရား။

အဲစာအုပ်ထဲပါတာမှန်တယ်ဆိုတော့အဲဒီ စာအုပ်ရေးတဲ့လူက တောက်တီးတောက်တဲ့တွေ ရေးပစ်ခဲ့ရင် ဘယ့်နှယ်လုပ်မလဲ လောဘ၊ ဒေါသ၊ မောဟတရားမလျော့ဘဲ တိုးနေရင် မခက်ပါလား။

အဲဒီလိုကိစ္စ တွေဟာ ဦးပဥ္စင်းတို့ မြန်မာလောမှာလည်းဘဲ အများကြီး

အဲဒီတော့ အခုသုံးနေတဲ့စာအုပ်တွေ ကြည့်လေ၊ ဟိုကထွက် သည်ကထွက်နဲ့ တကာကြီးဦးဘမောင် လဲရေးစွမ်းလို့ ရေးထုတ်လိုက်ရာ စာအုပ်ကြီးဖြစ်မလာဘူးလား။

ဖြစ်ပါတယ်ဘုရား။

အဲဖြစ်လာရင် ဒီစာအုပ်ကြီးထဲပါတာနဲ့ မှန်ရမလား အကုန်မမှန်နိုင်ဘူးပေါ့၊ ဖတ်တဲ့သူက ဘယ်လိုဖတ်ရမလဲဆိုတော့ ဦးဘမောင် ပဲရေးရေး၊ ဘယ်သူပဲရေးရေး၊ ရေးချင်တဲ့သူရေး ရေးတဲ့လူကိုသွားပြတော့ ဥပါဒါန်ကပ်နေဘို့ လိုသေးသလား။

အဲဥပါဒါန် သွားပြီး ကပ်မနေနဲ့။ ရေးတဲ့ပုဂ္ဂိုလ် ပြောတဲ့ပုဂ္ဂိုလ် ဟောတဲ့ပုဂ္ဂိုလ် ဆိုတာကို ဥပါဒါန်စွဲမနေနဲ့ ဘာကိုသာစွဲရမလဲဆိုတော့ အဆုံးအမကိုလိုက်နာ ကျင့်သုံးခြင်းအားဖြင့် ဒီလိုလိုက်နာ ကျင့်သုံးတဲ့ ယောဂီများ မိန်းမရဲ့ ခန္ဓာအစဉ် အစွဲကင်းကင်းနဲ့ ကုသိုလ်တရားတိုးပွားမှုနဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာ အကုသိုလ်တရားဆုတ်ယုတ် ပျက်ပြားမှုဆိုတဲ့ ဒီ ၂ခု ကိုအခြေတည်ကြည့်လိုက်ရင် ဒီစာအုပ်ကြီးကိုင်နေစရာ လိုသေးသလား ဦးဘမောင်။ မလိုတော့ပါဘုရား။

ဘာပြုလို့လည်းဆိုတော့ အခုခေတ်အခုအခါမှာ ရှေးခေတ်ရှေးသမရတုန်းကလို အင်မတန်ထူပိန်းတဲ့ အတဲ့ နတဲ့ကာလလည်း မဟုတ်ဘူး။

ဘယ်စာကိုကောက်ဖတ်ဖတ်ဖြစ်နိုင်တယ်။ တရားဆိုတာ ဘယ်စာ နှင့်ဖြစ်ဖြစ် ရေးထားတာကို တွေ့နိုင်တယ်။ အင်္ဂလိပ်လိုရေးထားတာဆိုတာ ပိဋကတ်တော်အကုန်ရှိကြပြီ။

အဲဒီတော့ တရားဆိုတာ စာအုပ်သေးသေးလေးတွေလည်း ရှိတယ် စာအုပ်ကြီးကြီးတွေလည်းရှိတယ်။ အကုန်လုံးဝယ်ဖတ်နိုင်တယ်။

ဖတ်တဲ့အခါကြတော့ ဘာကြည့်ရမလဲဆိုရင် အခုဦးပဥ္စင်းတို့ ဟောနေတဲ့ မာပိဋကသမ္ပဒါနေန ဆိုတဲ့ ဟာကလေးကို စိတ်ထဲက မှတ်ကျောက်ကလေးထားက ဘယ်စာအုပ်ဘဲဖြစ်ဖြစ် ကြည့်အဲဒီကြည့်ပြီးတော့ စာအုပ်ထဲပါတာကို ကိုယ့်မှတ်ကျောက်နဲ့တိုက်ကြည့် မှတ်ကျောက်နှင့် မှမတိုက်ရင်တော့ဖြင့် မယုံဘူးပေါ့ မဟုတ်လားဦးဘမောင်။

မှန်ပါဘုရား။

မှတ်ကျောက်နှင့်တိုက်ရင်တော့ဖြင့် ဘယ်သူရေးတာဘဲဖြစ်ဖြစ် ရွှေဆိုရင် ဘယ်ဆိုင်ကဝယ် ဒီရွှေဟာ အကောင်းဘဲမဟုတ်ဘူးလား။

တင်ပါဘုရား။

အဲဒီတော့ ဘုရားက ကာလာမတို့မင်းတို့သည့် စာအုပ်ကြီးတွေထဲမှာပါတဲ့အတွက်ကြောင့် မှန်တယ်လို့လည်းမှတ်မနေကြနဲ့လို့ အဲဒီလိုဟောခဲ့တယ်။

မှန်ပါဘုရား။

မာပိဋ္ဌကသမ္မဒါနေ့နေ ဒီအချက်က အင်မတန်အရေးကြီးလို့ ဦးပဉ္ဇင်းတို့ ပြောနေရတာဖြစ်တယ် မြန်မာလောကကြီး နှင့်တကွ ကမ္ဘာ လောကကြီးတစ်ခု လုံးမှာရှိကြတဲ့ ခုနတုန်းက အစီအစဉ်နှင့်ပြောခဲ့တဲ့ ခရစ်ယာန်၊ ပသီ၊ ဟိန္ဒူ ဗုဒ္ဓဘာသာဆိုတဲ့ ဘာသာကြီးလေးရပ်ဝင် ပုဂ္ဂိုလ်တို့က အဲဒါအကြီးဆုံးဘာသာ တွေပြောတာနော် ဦးဘမောင် ဒီပြင်ဂျူးဘာသာဆိုတာရှိသေးတယ်။ ခတ်နည်း နည်းရယ်။

ပြီးတော့ ဂျိမ်းဘာသာဆိုတာရှိသေးတယ်။ ခတ်နည်းနည်းဘဲ သူတို့ ကလူဦးရေမများလှဘူး။

အဲဒီတော့ အဲဒီထဲမှာဘဲ စာချင်းမတူလို့ကွဲနေတာတွေရှိတယ်။ ဦးပဉ္ဇင်းတို့ဗုဒ္ဓဘာသာမှာ ကြည့်လိုက်တဲ့အခါမှာကျတော့ တစ်ကမ္ဘာလုံး ယဉ်ကြည့်လိုက်မယ်ဆိုရင် ဗုဒ္ဓဘာသာက ဘယ့်နှယ်ဖြစ်နေလဲ နှစ်ပိုင်းကွဲ နေတယ်။

မှန်ပါဘုရား။

တောင်ပိုင်းဗုဒ္ဓဘာသာတဲ့ မြောက်ပိုင်းဗုဒ္ဓဘာသာတဲ့ တောင်ပိုင်း ဗုဒ္ဓဘာသာကို ကမ္ဘာကဘယ်နှယ်ခေါ်သလဲဆိုတော့ ဟိနယာနဗုဒ္ဓဘာသာတဲ့ နောက်ထေရဝါဒ ခေါ်တယ်။ မြောက်ပိုင်းဗုဒ္ဓဘာသာကို ဘယ်နှယ် ခေါ်သလဲဆိုတော့ မဟာယနဗုဒ္ဓဘာသာတဲ့ ဟုတ်လားဦးဘမောင် ၂-မျိုး ကွဲနေတာမတွေ့ဘူးလား။

တွေ့ပါတယ်ဘုရား။

အဲဒီတော့ဦးပဉ္ဇင်းတို့ မြန်မာနိုင်ငံမှာလည်းကြည်ဦး ရွှေကျင်ဗုဒ္ဓ ဘာသာတဲ့ ဒွါဒဗုဒ္ဓဘာသာတဲ့ သုဓမ္မာဗုဒ္ဓဘာသာတဲ့ ကံဗုဒ္ဓဘာသာတဲ့ ဒီလိုဖြစ်မနေဘူလား။

ဖြစ်နေပါတယ်ဘုရား။

ဗုဒ္ဓဘာသာလေးတစ်ခုတည်းကကို အမျိုးမျိုးကွဲလို့ အဲဒါနဲ့နဲ့ ကလေးကွဲနေတာ ဟိုဦးပဉ္ဇင်းတို့ မဇ္ဈိမဒေသတို့ သီဟိုဠ်ကျွန်းတို့မှာ တုန်းကဘယ်လောက်ကွဲသလဲဆိုရင် ဗုဒ္ဓဘာသာဂိုဏ်းပေါင်း ၁၈ ဂိုဏ်း ကွဲခဲ့တယ်။ ဦးပဉ္ဇင်းတို့မြန်မာပြည်မှာ သုဓမ္မာရယ်၊ ရွှေကျင်ရယ်၊ ဒွါရရယ် လို့ ၃.၄ ဂိုဏ်းပဲရှိတယ်မဟုတ်လား။

အဲမြောက်ဘက်တရုတ်ပြည်တို့ ဟိုအရှေ့ဖျားကဂျပန်ပြည်တို့ မွန်ဂိုလီးယားတို့ မန်ချူးရီးယားတို့ တိဗက်တို့ ဘာတို့ရောက်သွားတဲ့ အခါကျတော့ အဲဒီမဟာယနာဂိုဏ်းကလဲ ဂိုဏ်းပေါင်း ၁၈ဂိုဏ်း၊ ၁၉ဂိုဏ်း ကွဲလို့ အဲဒါတွေဟာဘာလဲဆိုတော့ စာအုပ်မှီမှီပြီးတော့ ကွဲနေကြတာ ဦးပဥ္စင်းတို့ ဆီကစာအုပ်နှင့် သူတို့ဆီကစာအုပ်မတူဘူး၊ အဲဒီလိုမတူတာနဲ့ အကုန်လုံး ရှောက်ကွဲကုန်တာဘဲဦးဘမောင်။

သူတို့ဟာမှားတယ် ကျုပ်တို့ဟာကမှန်တယ်နဲ့ ဖြစ်ကုန်တာဘဲ၊ အဲဒီလို ဗုဒ္ဓဘာသာအချင်းချင်းမှာ ကွဲနေကြပေမဲ့ အကုန်လုံးတူညီကြတာတော့ ရှိတယ် ဘာလဲ။

သစ္စာလေးပါးဖြစ်တယ်။ ဟုတ်ကလား ဦးဘမောင်။

မှန်ပါ။

မဟာယနမှာလည်း သစ္စာလေးပါးရှိတယ်။ ဟိနယနမှာလည်း သစ္စာလေးပါးဘဲ။ ကံဂိုဏ်းမှာလည်းသစ္စာလေးပါးဘဲ၊ မဟုတ်လား။

တင်ပါဘုရား။

ရွှေကျင်မှာကော ဒီသစ္စာလေးပါးဘဲ အဲဒီရွှေကျင်၊ သုဓမ္မာ၊ ကံ၊ ဒွါရစသည်ဖြင့် မြန်မာပြည်မှာ ကွဲနေသလို ကမ္ဘာမှာလည်း ဗုဒ္ဓဘာသာဝင် တွေ ကွဲနေကြတာအများကြီးပေါ့လေ၊ ဗုဒ္ဓဘာသာအားလုံးမှာ တူညီတဲ့ဟာ ဘယ်မှာ သွားတွေ့သလဲဆိုတော့ အဲဒီသစ္စာလေးပါးမှာဘဲ အားလုံးတူညီကြတာ။ သစ္စာလေးပါးအပြင်ဘက်ရောက်သွားခဲ့ရင် သူတို့နိုင်ငံကပညာရှိတွေ နိုင်ငံ အသီးသီးက ထိပ်သီးပညာရှိကြီးတွေ ရေးပစ်ခဲ့တဲ့ ကျမ်းစာအုပ်ကြီးတွေကို ထိုးထိုးပြကလေတော့ တစ်ယောက်နဲ့ တစ်ယောက်ငြင်းကြခုံကြ ဖြစ်ပြီးတော့ အကုန်လုံးရှောက်ကွဲကုန်တာဘဲ။

ဒါကြောင့် ဘုရားက ဦးဘမောင်တို့ကို အပြင်းအထန်သတိပေး ခဲ့တာက...

မာ ပိဋကသမ္ပဒါနေန ကိုယ့်စာအုပ်ကြီး တွေထဲမှာမှန်တယ်လို့ မင်းတို့တစ်ထစ်ကျစွဲမနေကြနဲ့ ဟောတဲ့ ဦးဘမောင်။

မှန်ပါဘုရား။

အဲဒါအစွဲလေးများ နဲနဲပါးပါးလျော့ပါးစေတော့လို့ ဘုန်းကြီးက အပြင်းအထန်ပြောနေရတာ သို့ဒီအစွဲကဘယ်လောက်ကြီးသလဲဆိုတော့ ဦးပဥ္စင်း

လည်းသိပါတယ်။ ကိုယ်လည်း မြန်မာလူမျိုးဘဲဟာ ကိုယ့် အစွဲတွေကလည်း ရှိသားကိုး။ ဒီလောက်ပြောမယ်လို့ လှုပ်တောင် မလှုပ်ဘူး ဟုတ်လားဦးဘမောင်။

တင်ပါဘုရား။

မလှုပ်ဘူး ပြုတ်ဘို့နေနေသာသာ လှုပ်တောင်မလှုပ်သေးဘူး ဦးဘမောင်။

တင်ပါဘုရား။

အဲဒါကြောင့်

တကာကြီးတွေသေသေချာချာစဉ်းစားကြလေးလေးနက်နက်ဆင်ချင်ကြ ဓမ္မအမှန်ဆိုတာ စာအုပ်လိုက်တော့ မှန်တာမှားတာမဟုတ်ပါဘူး။ သစ္စာ လေးပါး ဆိုတဲ့ အမှန်တရားဟာ ကုလားစာအုပ်ထဲမှာဘဲပါပါ အင်္ဂလိပ်တွေရဲ့ စာအုပ် ထဲမှာဘဲပါပါ၊ မြန်မာတွေရဲ့ ပေထုတ်တွေထဲမှာပဲပါပါ သစ္စာလေးပါး ခွဲခြားလို့ ရပါ့မလား မရဘူး။

အဲဒီသစ္စာလေးပါးမှာ အားလုံးသောဗုဒ္ဓဘာသာတွေ တစ်သံထဲ သဘောတူညီကသလို ဒီပြင်နေရာတွေကျတော့ တူညီကြရဲ့လားလို့။

မတူပါဘုရား။

အဲဒါလေးဟာ တကာကြီးတွေ တကာမကြီးတွေလက်ငင်း သက်သေ ပြရမယ် မတူဘူး၊ သစ္စာလေးပါးတာတူတာ ဒီပြင်တွေကြတော့ မတူတော့ဘူး။

အဲဒါကြောင့် ဗုဒ္ဓဘာသာဖြစ်သော်လည်း ဦးပဥ္စင်းတို့ မြောက်ပိုင်း ဗုဒ္ဓဘာသာတွေများမှာ ကမ္ဘာလှည့်တုန်းကတွေခဲ့ကြတဲ့ သူတို့ဘုရား ကျောင်း တွေထဲသို့ကြွပြီး ကြည့်စမ်းပါအုံးဆိုလို့ သွားကြည့်လိုက်တယ်။ အမယ်လေး လက်တော်အရှည်ကြီး ဘုရားတွေလည်းရှိတယ်၊ အထက်ကမျက်နှာကျက် ဖောက်ထွက်သွားတယ်၊ အဲဒါကောင်းကင်ကိုညွှန်ပြတဲ့လက်တဲ့ အဲဒီလောက် ကြီးကြီးကျယ်ကျယ်ဘုရားကြီးတွေကို နည်းတာမဟုတ်ဘူး တွေ့ခဲ့ရတယ်။

ထို့ပြင် အဝလောကိတေ့ရှရတို့ ဘာတို့ကျတော့ ဘုရားတောင်မှ အပြစ် အမျိုးမျိုးပြောင်းလဲနေတာကို တွေ့ရတယ်။

ဘယ်ကနေဘယ်အထိ ပြောင်းလဲသလဲဆိုတော့ ဦးပဥ္စင်းတို့ စတုတ္ထ သံဃာယနာခေတ်လောက်ကနေပြီးတော့ အဝလောကိတေ့ရှရဆိုတာ အစက ကွယ်ရင်ဆိုတဲ့နတ်သမီး အခုတရုတ်ပြည်ရောက်တော့ နတ်သား ဖြစ်နေတယ်။

အဲလိုစာအုပ်အမျိုးမျိုးပေထုတ်တွေ အမျိုးမျိုး ကျမ်းပြုဆရာ အသီးသီးတို့က သူတို့ဉာဏ်နှင့် သူတို့ စိတ်ကူးနှင့် ဖန်တီးပြီးတော့ လူတွေသဒ္ဓါတရားဖြစ်အောင် ယုံကြည်မှုတိုးတက်လာအောင်ဆိုပြီး ရေးသားခဲ့ကြတဲ့ကျမ်းစာအုပ်ထဲမှာ ပါတဲ့အချက်အလက်တွေ သစ္စာလေးပါးနှင့် ကိုက်ကြည့်လို့မရရင် မှန်တယ်လို့ မမှတ်ကြနဲ့တဲ့။

မှန်ပါ။

သစ္စာလေးပါး တော့မလွှတ်နဲ့နော် ဦးဘမောင်။

တင်ပါ။

သစ္စာလေးပါးလွှတ်လိုက်ရင် ဦးဘမောင်ဘယ့်နှယ်ဖြစ်သွားမလဲဆိုတော့ ပဲ့တက်မပါသော မော်တော်ဘုတ်လိုဖြစ်သွားမယ်။ စက်ကခုတ်တော့ခုတ်ပါရဲ့ လိုရာနေရာကို ရောက်ပါ့မလား။

မရောက်ပါဘူးဘုရား။

အဲ မရောက်ဘူးပေါ့ အဲဒါကြောင့် တကာကြီးတွေတကာမကြီးတွေ တရားနာနေပေမယ်လို့ ကိုယ်ရောက်ချင်တာလေး ရောက်အောင်ဘာလေးလိုသလဲဆိုတော့ သစ္စာလေးပါးဆိုတဲ့ ပဲ့ကလေးလိုတယ် မဟုတ်လား။

တင်ပါဘုရား။

အဲဒီပဲ့တက်ကလေးမပါရင် ဒီသံသရာတစ်လျှောက် ချာလည် ချာလည်နှင့်နေကြမှာဘဲ။

အဲဒါကြောင့် မာပိဋ္ဌကသမ္ပဒါနေန ဆိုတဲ့ အတိုင်း သစ္စာလေးပါးနဲ့သာတိုက်တိုက်ကြည့် ဘာဘဲဖြစ်ဖြစ်ခရစ်ယာန်က ညာပြီးတော့ တရားဟောရင်နာလိုက်အုံး၊ ပြီးတော့ကိုယ်ကြားရတဲ့ခရစ်ယာန်တရားကို သစ္စာလေးပါးဘောင်ထဲကိုသွင်းကြည့်ထိုးကြည့် မဝင်ဘူးလား။ မဝင်ရင် အသာဖယ်ထားလိုက်ဟုတ်ကဲ့လား ဗုဒ္ဓဘာသာဘုန်းကြီးတပါးပါးလာပြီး ဟောလဲ အဲဒီအတိုင်းဘဲတရားကိုနာလိုက် နာယူပြီးတော့ အဲဒီကိုယ်တော် ဟောတဲ့တရားကို သစ္စာလေးပါးထဲ ထည့်ကြည့်လိုက် မဝင်ဘူးလား မဝင်ရင် အသာထား ဝင်ရင်တော့မှတ်သားပြီးကျင့်ပါတော့။

အဲဒီကျင့်ရကြံရမှာကျတော့ သစ္စာလေးပါးနှင့် ကိုက်ညီရင်တကာဦးဘမောင်တို့ ဘာမှနောက်တွန့်ပြီးမနေကြနဲ့၊ ရွံ့ပြီးမနေကြနဲ့ဆုတ်ပြီးတော့သာ ယူကြပေတော့။

အဲဒီလိုသစ္စာလေးပါးနှင့် တိကျမှန်ကန်တဲ့ လမ်းစဉ်ကို တွေ့ရင် သွက်သွက်ကြီးသာလိုက် သွက်သွက်ကြီးသာအားထုတ် သွက်သွက်ကြီးသာ အလုပ်လုပ်လိုက်ရင် ယခုဘဝ အမိအဖ ၂ ဦးတို့ကစပြီးတော့ တပ်ဆင် ပေးလိုက်တဲ့ ဥပါဒါန်တွေ အကုန်လုံးမပြုတ်နိုင်ဘူးလား။

ပြုတ်ပါတယ်ဘုရား။

ဥပါဒါန်ပြုတ်သည်နှင့် တပြိုင်နက် ငုတ်တုတ်ကနေပြီးတော့ နိဗ္ဗာန် ရမယ်မဟုတ်လား။

မှန်ပါဘုရား။

အဲဒါကြောင့် ဗုဒ္ဓဘာသာလူထုရဲ့ ရည်မှန်းချက်ကဘာလဲ နိဗ္ဗာန်ရ ဘို့ဘဲမဟုတ်လား ဟုတ်ကဲ့လားဦးဘမောင် မှန်ရဲ့လား။

မှန်ပါဘုရား။

မှန်ရင်နိဗ္ဗာန်ရဘို့လုပ်ငန်းကဘာလဲ ဥပါဒါန်ပြုတ်ဘို့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ဥပါဒါန်ပြုတ်ရင် အဟုတ်နိဗ္ဗာန်ရ-မရတွေကြည့်ရမလား ဦးဘမောင်။

ရပါတယ်။

အဲရရင် ဥပါဒါန်ပွားများအောင် ဥပါဒါန်တွေတိုးလာအောင် ဝိစိကိစ္ဆာ တွေများများလာအောင် ရေးထားတဲ့ ကျမ်းစာတွေထဲကဟာတွေ ဒဏ္ဍာရီတွေကို များ လိုက်မှားမိရင် ဥပါဒါန်ပြုတ်ပါ့မလား။

မပြုတ်ပါဘုရား။

အဲဒါကြောင့် ဘုရားက ...

မာပိဋ္ဌကသမ္ပဒါနေန၊ မိမိတို့ သင်ကြားလေ့ကျင့်နာယူမှတ်သား နေကြ တဲ့ ကျမ်းစာတို့ရဲ့ အဆိုစကားဖြစ်ကာမျှဖြင့်လည်း၊ မာဂဏှိတ္ထ၊ မှန်လှပြီဟူ၍ သင်ကာလာမတို့ မမှတ်ယူကြကုန်လင့်။

အဲဒါကြောင့် ဘုရားကအထပ်ထပ်ကာလာမမင်းသားများကိုဟော ကြားခဲ့တာ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

ပြီးတော့ နောက်တစ်ခုကူးကြစို့ နောက်တစ်ခုကဘာလဲ။

## တွေးတောဆင်ခြင်မှု

မာ တက္ကပဲ ဟောတုတဲ့၊ တက္ကဆိုတာဘာလဲ။

တက္ကဆိုတာစဉ်းစားမှု၊ ဆင်ခြင်မှု အဲဒီစဉ်းစားဆင်ခြင်မှုတက္ကကို အင်္ဂလိပ်လိုတော့ (လော့ဂျစ်) လို့ခေါ်တယ်ဟုတ်လား။

တင်ပါဘုရား။

အဲဒီတက္ကဆိုတဲ့ဟာက အင်မတန်ကြီးကျယ်တဲ့ ဘာသာကြီး တစ်ရပ်ပဲ။ အင်္ဂလိပ်စာပေမှာရော ဦးပဉ္ဇင်းတို့ပါဠိစာပေနယ်မှာ ရော နေတ္တိတို့ ပေဋကောပဒေသတို့ဆိုတာ အဲဒီတက္ကနယကို ဖွင့်ဆိုထားတဲ့ ကျမ်းစာတွေပေါ့ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီတော့ တက္ကနယဆိုတာက စိတ်ကူးဘဲ အကြောင်းတစ်ခုကို မိမိတို့စိတ်ကူးနှင့်တဲ့ပြီးတော့ စိတ်ကူးတဲ့အခါဆုံးဖြတ်ချက်ချဘို့ ကျကျနန စဉ်းစားတယ်။ အဲဒီလိုစိတ်ကူးယဉ်စဉ်းစားပြီးတော့မှ ဆုံးဖြတ်ချက်ချကြတာဘဲ အဲဒီဆုံးဖြတ်ချက်ဟာ မှန်ရောတဲ့လား။

တင်ပါဘုရား။

ဒီလောဂျစ်ခေါ်တဲ့ တက္ကနယကျမ်းက ဒီတိုင်းဘဲ အယူဝါဒကိုဘဲဖြစ်စေ စကားဝါကျတစ်မျိုးကိုဘဲဖြစ်စေ ကျမ်းစာတစ်အုပ်ကိုပင်ဖြစ်စေ မှန်မှန်စစ်ဆေးတဲ့ ကျမ်းဖြစ်တယ် ဦးဘမောင်။

တင်ပါဘုရား။

ဒီကျမ်းစာမျိုးတွေရဲ့ အကြောင်းကို ဦးဘမောင်တို့ ကြားတော့ ကြားဘူးတယ် မဟုတ်လား။

မှန်လှပါ ကြားဖူးကြောင်းပါဘုရား။

အဲဒီတော့ ဦးဘမောင်က လာပြီးတရားဟောတယ်၊ ဦးပဉ္ဇင်းကလည်း ဟောတယ်၊ ဘယ်သူလာဟောဟော ဟောလိုက်တဲ့တရား တစ်ခုကြားလိုက်သည်နှင့် တပြိုင်နက် ဟိုတက္ကနယကိုလက်ကိုင်ထားတယ်ဆိုတဲ့ လူက ဘာလုပ်သလဲဆိုတော့ အဲဒီတက္ကဆိုတဲ့ပညာကိုအသုံးပြုပြီး တကာလ သူ့စိတ်ကူးထဲ သူထည့်ဝေဖန်ကြည့်တယ်။

အဲဒီတော့ တက္ကနယပညာဆိုတာက အဆိုရယ်၊ ဆင်ခြေရယ်၊ ဆုံးဖြတ်ချက်ရယ် အဲဒီလိုသုံးမျိုးရှိတယ်။

မှန်ပါဘုရား။

အဆိုရယ် ဆင်ခြေရယ် ဆုံးဖြတ်ချက်ရယ် သုံးမျိုးလုံး ကိုက်ညီလို့ရှိရင် အဲဒီတရားဟာ (သို့မဟုတ်) အဲဒီစကားလုံးဝါကျဟာ မှန်တယ်လို့ ယူဆတယ် အဲဒီတော့ တက္ကနယလုပ်ပုံကလေးဟာ တော်တော်ဆန်းကြယ်တယ် တို့တကာ ကြီးတွေထဲက မလေ့လာဘူးတဲ့ လူကြတော့ တော်တော်ဆန်းတဲ့ပညာဘဲ နောက်ဆုံးပိတ်အမှန်ရအောင် လုပ်လာတယ်။ ရုံးကအမှုစစ်တဲ့ တရားသူကြီး တွေလေ။

စကားကလေးတစ်လုံး ကြားလိုက်တယ်ဆိုရင် ဥပမာအားဖြင့် အလွယ်ဆုံးလုပ်ပုံလုပ်နည်း တစ်ခုကို ဦးပဥ္ဇင်းကနည်းနည်း ဥပမာ ပြောပြမယ်။ အဲဒီတော့ ဒီသူက ပထမရှေးဦးစွာ လူသည် သေမျိုး ဖြစ်သည်ဆိုတဲ့ စကားကို ကိုင်တယ် လူသည် သေမျိုးဖြစ်၏ဆိုတော့က ဦးဘမောင်ကျေနပ်တယ် မဟုတ်လား။

မှန်ပါကျေနပ်ပါတယ်ဘုရား။

ကျေနပ်တယ် ဒါအမှန်လား မှန်တော့မမှန်သေးဘူး ချက်ချင်း သေနေတာက မတွေ့သေးဘူးမဟုတ်လား။

လူသည်သေမျိုးဖြစ်သည်ဆိုတာကတော့ ကိုယ့်ဟာကို ကြားဖူးနားဝ နှင့် မှန်ချင်မှန်နေမယ်ဆိုတဲ့သဘောဘဲ အဲဒီတော့ ဦးဘမောင် သေမျိုး ဖြစ်တယ် ဆိုတာကျတော့ကြိုက်မလား။

မကြိုက်ပါဘုရား။

မကြိုက်ဘူးဟုတ်လား အဲဒီတော့ လောဂျစ်ဆိုတဲ့ ပညာက လူသည် သေမျိုးဖြစ်ပြီးတော့ နောက်တဆင့်ဘယ့်နှယ်တက်လာသလဲဆိုတော့ဦးဘမောင် လူဖြစ်၏။ ဒါကျတော့ ဦးဘမောင် ငြင်းအုံးမလား။

မငြင်းနိုင်ပါဘုရား။

မငြင်းဘူး ဦးဘမောင်သည် လူဖြစ်၏ဆိုတာကို အကုန်လုံးကလည်း ကိုက်ညီတယ်မဟုတ်လား။

တင်ပါဘုရား။

ဟို ပထမအဆိုပေးခဲ့တာက ဘယ့်နှယ်ပေးခဲ့သလဲ လူသည် သေမျိုးဖြစ်၏။ ဦးဘမောင်သည် လူဖြစ်၏ ဟုတ်လား။ အဲဒါကြောင့် ဦးဘမောင်သည်သေမျိုးဖြစ်၏။ အဲဒါက ဆုံးဖြတ်ချက်ချတာဘဲ အဲဒီတော့ ဦးဘမောင်ငြင်းလို့ရပါမလား။

မရတော့ပါဘုရား။

လောဂျစ်ဆိုတာ အဲဒီအသွားမျိုးတွေဘဲ တရားလဲ ဒီလိုဘဲ အဲဒီတော့ ဒီဦးပဉ္စင်းတို့ရဲ့ သစ္စာလေးပါးကိုလဲ ဒီလိုဘဲကြည့်ရမယ် ဟုတ်လား။ သစ္စာလေးပါးကြည့်တဲ့အခါကျတော့ ဒုက္ခ ပထမဆုံးကိုင်ရမယ်။

ဒုက္ခကိုခုနကလို တွက်ကြည့်လိုက်လို့ရှိရင် အားလုံးရှိရှိသမျှသင်္ခါရတို့သည် ဒုက္ခဖြစ်၏ လက်ခံတယ်မဟုတ်လား။ ခုနတုံးက လူသည်သေမျိုးဖြစ်၏ ဆိုတုန်းက ဦးဘမောင်လက်ခံတယ်မဟုတ်လား။

တင်ပါဘုရား။

လက်ခံတယ်မဟုတ်လား၊ အဲဒီတော့ နောက်တစ်ဆင့်ကဘာတက်လာသလဲဆိုတော့ ဦးဘမောင်သည် သင်္ခါရဖြစ်၏ အဲဒါကြောင့် ဦးဘမောင်သည် ဒုက္ခဖြစ်၏။ ဒီကျတော့ ငြင်းနိုင်သေးလား။

မငြင်းနိုင်ပါဘုရား။

အဲဒီလို သင်္ခါရဓမ္မအနေနဲ့ လိုက်ပြီးကြည့်လိုက်တဲ့အခါ ရှိသမျှရုပ်နာမ်ဓမ္မသင်္ခါရတို့သည် ဒုက္ခဖြစ်၏။ ဦးဘမောင်သည် သင်္ခါရစာရင်းဝင်ဖြစ်၏ ဒါကြောင့် ဦးဘမောင်သည် ဒုက္ခဖြစ်၏၊ ကိုယ်မကြိုက်တဲ့ ဒုက္ခဟာကိုယ့်ဟာကို တပ်ဆင်ကြည့်လိုက်တဲ့အခါကျတော့ ပြေး၍ လွတ်သေးရဲ့လား။

မလွတ်တော့ပါဘုရား။

အဲဒီလိုလောဂျစ်ဆိုတဲ့ ဆင်ခြင်တုံတရားများနှင့် မကိုက်ညီရုံမျှနှင့်လည်း မင်းတို့က မမှန်ဘူးမမှတ်နဲ့ ဟုတ်လား။

မှန်ပါဘုရား။

အဲဒီလိုကိုက်ညီလို့ မှန်တယ်လို့ဆိုပြီး လူတွေအများက ပြောနေကြတယ်။

အဲဒီတော့ ဂေါတမဘုရားက ဘယ်နှယ်ဘောက်ဝင်ထိုးသလဲ ဆိုတော့ အဲဒီလိုမင်းတို့ လော့ဂျစ်တို့ တက္ကနယနတို့ ပေဋကော ပဒေသတို့ ဆိုတဲ့ နည်းတွေနဲ့ လုပ်ကြည့်လို့မှန်ရုံမျှနှင့် တရားတစ်ခုမှန်ပြီလို့မင်းတို့ မယုံကြနဲ့တဲ့။

ဒီတော့ ဂေါတမဘုရားက တစ်မျိုးထွင်လိုက်တယ်။

တင်ပါဘုရား။

အဲဒီတော့ ခုနတုန်းက လောကမှာသုံးကြတဲ့ တက္ကနယန ကြံစည်နည်းတွေနဲ့ ပထဝီသည် မာ၏ ဆိုတာ ဘယ်နှယ်လုပ် သက်သေပြမလဲ၊ အဲဒီလို တက္ကနယနနဲ့ လုပ်မရတော့ ပထဝီသည် မာ၏လို့ဆိုတာ မှားတယ် လို့ဆိုမလား။

မဆိုနိုင်ပါဘုရား။

အဲဒါကြောင့် မာတက္ကဟေတုဆိုတဲ့ အတိုင်း မိမိတို့ရဲ့ ကြံစည် တွေးတောမှုအမှန်ကတော့ ဝိတက်၊ ဝိစာရပါဘဲ ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီ ဝိတက်ဝစာရကြောင့် ကြံစည်တွေးတောမှုကြောင့် ရရှိ အပ်သော အသိဉာဏ် (သို့မဟုတ်) ရရှိအပ်သောတရားဟာ မှန်တယ်လို့ မင်းတို့ ကာလာမများက မဆုံးဖြတ်ထားကြနဲ့တဲ့ မှန်ချင်လဲမှန်မယ် မှားချင်လည်း မှားမယ်ပေါ့။

မှန်ပါ။

## ကိလေသာကိုစစ်ဆေးကြည့်မှု

နောက်တစ်ခုကဘာလည်း...

မာနယဟေတု၊မာနယဟေတုဆိုတာ
လောကကြီးမှာမှန်တဲ့တရားရှာတဲ့နည်းပေါင်း ဦးပဥ္ဇင်းတို့ဗုဒ္ဓဘာသာမှာ ၄၀ ရှိတယ် အဲ ဦးဘမောင်တို့ ငယ်ငယ်တုန်းက သင်ဖူးမှာပေါ့ သဒ္ဒါပုဒ်စစ် သဒ္ဒါစစ်နည်းလေးဆယ် သဝဏ္ဏနာဆိုတာလေ။

အဲဒီနည်းလေးဆယ်ဆိုတာ ပြောလိုက်တဲ့စကား ဝါကျတစ်ခုမှန်၏။ မှား၏လို့ အဲဒါကိုစစ်ဆေးတဲ့နည်းတွေ ဟုတ်လား။

အဲ ပြောလိုက်တဲ့ စကားတစ်ခုမှန်၏၊ မှား၏လို့စစ်ဆေးတဲ့နည်းတွေ အဲဒီနည်းစုံရှိတဲ့ အနက်က နည်းအမျိုးမျိုးနှင့် နည်းမျိုးစုံ ၄၀ နှင့် စမ်းသပ်

ကြည့်ခြင်းကြောင့် မှန်ပြီ၊အဲဒီလိုမှန်တဲ့အတွက် ဒီဟာတော့သစ္စာတရား ဖြစ်ပြီလို့ မင်းတို့မယုံနဲ့အုံးတဲ့။

အဲဒီတော့ အရေးကြီးနေတာက ဂေါတမဘုရားက ဘာအရေး ကြီးနေတာတဲ့ ဆိုတော့ အဲဒီမှာ ဦးဘမောင်တို့ အဘို့အမျှင်မပြတ်စေနဲ့ မျက်ခြေမပြတ်စေနဲ့ ဘာနည်းနှင့်ဘဲလုပ်လုပ် ဦးဘမောင်ရဲခန္ဓာကိုယ်မှာ လောဘခေါင်းပါးမှု ဒေါသခေါင်းပါးမှု မောဟခေါင်းပါးမှု ဖြစ်မဖြစ်ဘာနည်းနှင့် လုပ်လုပ် မိမိရဲခန္ဓာကိုယ်မှာ လောဘဖြစ်သလား ဒေါသဖြစ်သလား မောဟဖြစ်သလား အဲဒါအဓိကဘဲ။

အလောဘဖြစ်ရေးတိုးတက်သလား အဒေါသဖြစ်ရေးတိုးတက်သလား အမောဟဖြစ်ရေးတိုးတက်သလားဆိုတဲ့ တရားလေးတွေ ကြည့်ကြည့်ပြီးတော့ အဲဒီအကျိုးတရားထဲကအပြင်ကို စင်ထွက်တဲ့နည်းဟူသမျှ မှားတယ်လို့ မှတ်ရမယ်၊ အဲဒါကို မျက်မှန်း တန်းပြီးတော့...

အတ္တဒတ္ထံ ပရတ္ထေန၊

ပဟူနာပိ န ဟာပယေ၊

ဓမ္မပဒမှာပါတယ်။

မိမိအကျိုးအတွက် မိမိအကျိုးက တစ်ကျပ်သား ရှိလိမ့်မယ်၊ သူတပါးရဲ့ အကျိုးက ၁၀-သားရှိချင်ရှိလိမ့်မည် ဆိုတဲ့အတွက် ကိုယ့်အလောဘ အကျိုးကတစ်ကျပ်သား မယုတ်စေနဲ့တဲ့ ဘုရားက အဲဒါ နိဗ္ဗာန်သွားလိုတဲ့ လူဟောတာနော်။

နိဗ္ဗာန်သွားလိုတဲ့လူဆိုတာက ကိုယ်ကျိုးကို သဒ္ဒတ္ထပဒတောသိယာ ကိုယ်ကျိုးကို လေ့ကျက်ရမယ် ကိုယ်ကျိုးကို စောင့်ရှောက်ရမယ် ကိုယ်ကျိုးကို တိုးပွားပြီးတာကို မပျောက်ပျက်အောင်ထိန်းသိမ်းရမယ်ဆိုတာ ဒီလောဘ ဒေါသ မောဟများဘို့မဟုတ်ဘူး အဲဒါတွေ လျော့အောင်ပြောတာ။

မှန်ပါဘုရား။

ကိုယ်ကျိုးဆိုတာဘာလဲ ကိုယ့်မှာရှိတဲ့လောဘတွေပျောက်ဒေါသတွေပျောက် မောဟတွေပျောက်။

ပြီးတော့ အလောဘ အဒေါသ အမောဟ တွေရောက်လာအောင် အားထုတ်ရမယ်လို့ ဟောတဲ့တရားဖြစ်တယ်။

အဲဒီတော့ ဘယ်နည်းနဲ့လုပ်လုပ် လုပ်ချင်တဲ့နည်းနဲ့လုပ် လောဘ ပျောက်မပျောက် ဒေါသပျောက်မပျောက် မောဟပျောက်မပျောက်အဲဒီလို ကြည့်တဲ့အခါကျတော့ လောဘလဲမပျောက် ဒေါသလဲမပျောက် မောဟ လဲမပျောက်ဆိုရင် ဒီနည်းဟာမှန်နိုင်ပါ့မလား။

မမှန်နိုင်ပါဘုရား။

အဲမမှန်နိုင်ဘူး သစ်တစ်ပင်ရင်း ဝါးတစ်ပင်ရင်းမှာ ထိုင်ချင်ထိုင် ၄၉ ရက်ဘဲ ထိုင်ထိုင်ရက် ၉၀ ဘဲထိုင်ထိုင် အဲဒီ ဦးဘမောင်ခန္ဓာကိုယ်ထဲက လောဘတစ်ကျပ်သား လျော့မလျော့ကြည့် ဒေါသတစ်ကျပ်သား လျော့မလျော့ ကြည့်၊ မောဟတစ်ကျပ်သား လျော့မလျော့ကြည့် အဲဒီဟာကတော့ ဦးပဥ္စင်းတို့လို တရားဟောတဲ့ဘုန်းကြီးကပြောလို့ဖြစ်ပါ့မလား ဦးဘမောင်။

မဖြစ်ပါဘုရား။

အဲလို လောဘလျော့မှု တိုးမှု၊ ဒေါသ လျော့မှု တိုးမှု၊ မောဟလျော့မှု တိုးမှုဆိုတာဟာ ကာယကံရှင်ဖြစ်တဲ့ ဦးဘမောင်က ဆုံးဖြတ်ရမဲ့ ကိစ္စဖြစ်တယ် မဟုတ်လား။

မှန်ပါဘုရား။

အဲဒီတော့ ဦးဘမောင်ကိုယ်တိုင်က ဆုံးဖြတ်ရင် မှားပါ့မလား။

မမှားတော့ပါဘုရား။

အဲဒီစာအုပ်ထဲက ခုနကနည်း ၄၀ နှင့် ဆုံးဖြတ်ရင် မှန်ပါ့မလား။

မမှန်ပါဘူးဘုရား။

မမှန်ဘူး ဦးပဥ္စင်းကနေပြီးတော့ ဘေးကဆုံးဖြတ်ပေးလိုက်ရင်ကော မှန်ပါ့မလား။

မမှန်ပါဘုရား။

အဲဒီတော့ ဘုရားပြောတဲ့အတိုင်း မာနယဟောတု နည်းအမျိုးမျိုးနှင့် ကျင့်သုံးတိုက်ဆိုင်ပြီးတော့ ယူကာမျှဖြင့်လည်း၊ ပမာဏိတ္တ, မှန်ပြီဟုမယူ ကြကုန်လင့်တဲ့။

အဲဒီတော့ လောကမှာ နည်းမျိုးစုံ ရှိတယ်မို့လား။ စမ်းတဲ့နည်း တွေလေ။

မှန်ပါ ရှိပါတယ်ဘုရား။

အဲဒီစမ်းတဲ့နည်းတွေနှင့် စမ်းကြည့်လို့ မှန်သည်လို့ဆိုယုံမျှနှင့် မယုံနဲ့အုံးတဲ့ ဟုတ်လား ဦးဘမောင် အဲပြည့်စုံလောက်ပြီ နောက်တစ်ခုက ဘာလဲ။

## အရမ်းလဲ မယုံရ၊ အရမ်းလဲ မပယ်ရ

မာ ဒိဋ္ဌိနိဇ္ဈာ နက္ခန္တိယာ ရောက်လာပြီ၊ မာ ဒိဋ္ဌိနိဇ္ဈာ နက္ခန္တိယာ ဆိုတာဘာလဲ မိမိလေ့လာကျင့်သုံးပြီးတော့ ထားတဲ့အတိုင်း မိမိယုံကြည် ချက်နှင့် ကိုက်ညီကာမျှဖြင့် မှန်လှပြီဟု မအောက်မေ့နဲ့တဲ့။

ဒါလေးဟာ တကာကြီးဦးဘမောင်မှာ မွေးကတဲက အဖဆရာ သမားနှင့် တကွ ရပ်ရွာဒေသဆိုင်ရာ ယုံကြည်မှုစွဲလမ်းမှုကလေးတွေ ရှိတယ်မဟုတ်လား။

ရှိပါတယ်ဘုရား။

အဲဒီကိုယ်ငယ်ငယ်ကထဲက သင်ကြားမှတ်ယူပြီးတော့ လိုက်နာ ကျင့်သုံးခဲ့တဲ့ ကျင့်ထုံးကလေးတွေနှင့် ကိုက်ညီကာမျှဖြင့်လည်း မှန်တယ်လို့ မယူနဲ့တဲ့၊ ဘုရားကအမှန်ဆိုတာ ကိုယ်သဘောကျမှ ယူနိုင်တယ်ဆိုတဲ့ မြန်မာစကားဟာ ဂေါတမဘုရားနှင့် ကန့်လန့်ပြောတဲ့ စကားဘဲ မဟုတ် လား။

မှန်ပါဘုရား။

ဂေါတမဘုရား ကတော့ ကိုယ့်သဘောနှင့် ကိုက်သည်ဖြစ်စေ မကိုက်သည်ဖြစ်စေမှန်တာဆိုလျှင် ယူရမယ်။ လိုက်နာရမယ် ကျင့်သုံးရမယ် အခုလူများက ဘယ့်နှယ်ဖြစ်သလဲဆိုတော့ ကိုယ်သဘောနဲ့ ကိုက်မှတဲ့ ဟုတ်ကဲ့လားဦးဘမောင်။

မှန်ပါဘုရား။

တရားနာတာတောင်မှ ကိုယ်သဘောကျတဲ့ ဓမ္မကထိကဟောမှ သွားပြီး နားတောင်တယ် နာတာ အမှန်ပြောရင် နာယူမယ် မှန်သောတရား ကျင့်ကြည့်မယ် မှန်သောတရားရအောင်ကျင့်ကြည့်မယ်။ မှန်သောတရား ရအောင် အားထုတ်မယ်။ မှန်သောသစ္စာလေးပါးကို ကိုယ့်ရင်ဝယ်ပိုက်နိုင်မယ်။ မှန်သောနိဗ္ဗာန်ဆိုတဲ့ နိရာခကို မျက်မှောက်ပြုနိုင်မယ် အစရှိတဲ့ သဘောကို စိတ်ထဲက မတွက်ကြဘူး။

ကိုယ်သဘောကျတဲ့ လူနဲ့၊ ကိုယ်သဘောကျတဲ့ ဘုန်းကြီးနဲ့၊ ကိုယ် သဘောကျတဲ့တရားဟောဆရာနဲ့ ဒီလိုခွဲပြီးတော့ တရားနာနေကြတာတွေက

များတယ်။ ဒီတော့ ဘုရားကဘာပြောခဲ့သလဲ မင်းတို့စိတ်ထဲမှာရှိပြီးသား မင်းတို့ယုံကြည်ပြီးသားနဲ့ မကိုက်တာနဲ့ ဒီဘုန်းကြီးဟောတာများတယ်၊ ဒီဆရာပြောတာ မမှန်ဘူး၊ အဲဒီလိုမယူကြနဲ့တဲ့ ဟုတ်လား၊ ဦးဘမောင်။

မှန်ပါ။

အဲဒီတော့ ကိုယ်မှာရှိတဲ့ အခံဓာတ်ကလေးနဲ့ ကိုယ့်နားကကြားတဲ့ တရားနဲ့ ကိုက်ချင်မှကိုက်မယ်၊ ထိုတရားကလည်း မှန်ချင်မှန်နေလိမ့်မယ် ဆိုတဲ့ သံသယကလေးရှိရမယ် ဟုတ်လား။

တင်ပါ။

အဲဒီသံသယကလေးဟာက ဘာပေးတတ်သလဲဆိုတော့ အလင်း ဉာဏ်ကို ပေးတတ်တယ် အမှန်သို့ပို့ဆောင်နိုင်တဲ့ သတ္တိရှိတယ်။ အဲဒီတော့ မူလကတည်းက စပြီးတော့ လူအားလုံးမှာ ယုံကြည်ချက်တွေရှိကြတယ်၊ အခု ဗုဒ္ဓဘာသာတွေ၊ ခရစ်ယာန်တွေ၊ ပသီတွေ၊ ဟိန္ဒူတွေ အချင်းချင်း သာသနာပြုနေကြတာဟာ ဘာလဲ။

သာသနာပြုတယ်ဆိုတာ အင်မတန်ယဉ်ကျေးသိမ်မွေ့တဲ့ စကားကလေး၊ အလုပ်ကဘာလဲဆိုတော့ ဦးဘမောင်ကြီး မူလကတည်းက ယုံကြည်လာတဲ့ ဗုဒ္ဓဘာသာ ဆိုတဲ့ ယုံကြည်ချက်ကို ဖျက်ပြီးတော့ ဒီတရား ဟောဆရာရဲ့ ဘက်လိုက်ဖို့လုပ်တဲ့ အလုပ်ကို ဆိုတာ ဒါဘဲ မဟုတ်လား။

တင်ပါ့။

ဒီထက် ထူးခြားတာမဟုတ်ဘူး သာသနာပြုတယ်ဆိုတာ ဒါဘဲ။

အဲဒီတော့ သာသနာပြုတဲ့အခါကျတော့ ဦးဘမောင်ကြီးက ဒီဗုဒ္ဓဘာသာကနေပြီးတော့ ဟိုဘက်တစ်ဘာသာ တစ်ခုခုကို ခုန်ကူးပြီး ယုံကြည်ရမယ်ဆိုတဲ့ အခါကျတော့ ဒကာကြီး ဦးဘမောင်က အလကားမဲ့ သက်သက် မစစ်ဆေးဘဲနဲ့ လိုက်နိုင်ပါ့မလား။ မစဉ်းစားဘဲနဲ့ လိုက်သွားတဲ့ လူတွေလည်း ရှိတာပေါ့ ဟုတ်လား။

တင်ပါ့ဘုရား။

အဲဒီတော့ စဉ်းစားရမယ် ငါ့ဗုဒ္ဓဘာသာက ဘယ်လိုဆိုတယ်၊ ကဲ ကိုယ်တော်တို့ ဘာသာကဘယ်လိုဆိုသလဲ ပြောပြပါအုံး၊ နှစ်ခုလုံး ယှဉ်ပြီး တော့များ တိုက်ပြီးတော့ မကြည့်ရဘူးလား။

အဲဒီလို စိတ်ထဲမှာ ဖြစ်လာရင် ဒကာကြီး ဦးဘမောင်ရဲ့ ယုံကြည်ချက်နှင့်တကွ လုပ်ဆောင်ချက်ဟာ တခါတည်း အမှန်ဘက်ကို အများကြီး ရောက်လာပြီ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီလို ဘာသာပြောင်းပြောင်းသွားကြတဲ့လူတွေ အများကြီးရှိတယ် မဟုတ်လား။ မြန်မာတွေထဲမှာ ခရစ်ယာန်တွေ အများကြီး ရှိတယ် မဟုတ် လား။

မှန်ပါဘုရား။

ပသီတွေလည်း အများကြီးရှိတယ် အဲလိုသူတို့ဘာသာအယူဝါဒ ပြောင်းသွားပေမယ်လို့ ခင်ဗျားတို့ဗုဒ္ဓဘာသာနှင့် ပတ်သက်လို့ ဘာသိ လည်းဆိုတော့ ဘာမှမသိဘူး။ နို့ ဗုဒ္ဓဘာသာကို သေသေချာချာ နက်နက်နဲနဲ မသိပေမယ်လို့ ခရစ်ယာန်ဘာသာကိုကော ခင်ဗျာတို့ သေသေချာချာ သိကြလားဆိုတော့ အဲဒါလည်းမသိဘူး။

အဲဒီလိုဖြစ်တာဘာလည်းဆိုတော့ အပြောကောင်းလို့ မိတ်ဆွေ သင်္ဂဟ အပေါင်းအသင်းနှင့် ရာထူးဌာနန္တရကိစ္စတွေနဲ့ ပတ်သက်လို့ ပြောင်းသွား တာတွေအများကြီးဘဲ၊ ကိုယ်ယူဆတဲ့ကိစ္စတွေဟာ သံသရာအတွက် ထွက်လမ်း အဖြစ်မထားတော့ဘူး။ ပစ္စုပ္ပန်ခဏအကျိုးလေး ကြည့်ပြီးတော့ ဘာသာယူဝါဒ အမျိုးမျိုးဘက်ပြောင်းသွားတဲ့လူတွေ အများကြီး ဦးပဉ္စင်းတို့ တွေ့ဘူးတယ် ဦးဘမောင်။

တင်ပါဘုရား။

အဲဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘုရားကပြောခဲ့တာက ကိုယ့်မှာ ရှိပြီးသား ဖြစ်တဲ့ဟာကိုလဲ တထစ်ချမှန်တယ်လို့ မယူနဲ့ ကိုယ့်ဟာမှန်တယ်လို့ မယူရရင် သူများဟာကျတော့ ပိုမဆိုးပေဘူးလား။

ဆိုးပါတယ်ဘုရား။

အဲဒီပြင်လဲ ကိုယ့်မှာရှိပြီးသားဖြစ်တဲ့ ကိုယ်သိပြီးသားဟာ မှန်လှပြီဆိုတဲ့ အစွဲနဲ့ သဲသဲမဲမဲမယုံကြည်နဲ့ ဒီလိုဆိုသဖြင့် အခြားသူ အခြားသူတို့ရဲ့ ယုံကြည် ယူဆချက်ကျရင် သာပြီးတော့ဝေဖန်ရမယ်လို့ ဆိုလိုတယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

မိမိရဲ့ယုံကြည်ချက်ကို မိမိကိုယ်တိုင် ဝေဖန်ဖူးရဲ့လား ဦးဘမောင်။

မဝေဖန်ဖူးပါဘုရား။

မဝေဖန်ဖူးကိုယ့်ဟာကို ကျတော့ ချောနေတာဘဲ ဟုတ်ကဲ့လား။

တင်ပါဘုရား။

ဘာပဲဖြစ်ဖြစ် ကိုယ်ဟာကိုကျတော့ ရှောရှောရှူရှူချည်းပဲ ကိုယ့်ဟာကို ကျတော့ မဝေဖန်ချင်ကြဖူး။ အဲဒီလောက်ပြင်းပြင်းထန်ထန် အစွဲဟာ ဘာစွဲခေါ်သလဲ ဆိုတော့ အတ္တစွဲခေါ်တယ်။ သို့သော် အတ္တစွဲတွေဝင်နေလို့ မဖြစ်ဘူး။ ဒီနေ့ညအပြီးပေးရမယ် ဆရာတော်များကလည်း ဒီနေ့ညအပြီး ပေးပြီးတော့ မနက်ဖြန်ကစပြီးတော့ ရပ်လိုက်မယ်ဆိုတော့ မပြီးပြီးအောင် ဆယ်ခုလုံးစုံအောင် ဒီနေ့ညပေးရမယ်။

အဲဒီတော့ ကိုယ်ယုံကြည်တဲ့ ကိစ္စဟာမှန်တယ် သူများယုံတာ မှားတယ် အဲဒီလိုတကာကြီးတို့စိတ်ထဲမှာ မရှိဘူးလား ရှိတယ်လား။

ရှိပါတယ်ဘုရား။

အဲဒါကြောင့်ကမ္ဘာလောကကြီးမှာရှိတဲ့ လူတွေဟာရန်ဖြစ်နေကြတာ အဲဒီတော့ ကိုယ်ယုံကြည်တာ ကိုယ်ကမှန်တယ်သူများယုံကြည်တာ မှားတယ် အဲဒီလိုမဖြစ်စေကြနဲ့တဲ့။

ဘုရားကမင်းတို့ယုံကြည်တာပေးမယ်လို့ ခုနကငါပေးတဲ့ ဗုဒ္ဓမှတ်ကျောက်သစ္စာလေးပါးနှင့် တိုက်ကြည့်ကြတဲ့။

မှန်ပါဘုရား။

သစ္စာလေးပါးတော့မလွတ်နဲ့နော် ဦးဘမောင် ဟုတ်ကဲ့လား။

တင်ပါဘုရား။

သစ္စာလေးပါးမပါရင် ပဲ့တက်မပါသော လှေကြီးလို့ဖြစ်နေလိမ့်မယ်။ ချာလယ်ချာလယ်နဲ့ အဲဒါကြောင့် ဘုရားဟာ ဘယ်နေရာမှာဘဲဖြစ်ဖြစ် အဲဒီသစ္စာလေးပါးကအရေးကြီးတယ်။

မိမိမှာရှိပြီးသား တရားတွေဘယ်လောက်များသလဲဆိုတော့ လွယ်အိတ် ကြီးနှင့် တစ်လုံးပေါ့ဟုတ်ကဲ့လား။

မှန်ပါဘုရား။

လွယ်အိတ်ကြီးနှင့် တစ်လုံး အပြည့်လွယ်ထားတာ ညကျသူခိုးမခိုး အောင် သိမ်းထားတာ အဲဒီထားထဲကြည့်တဲ့အခါကျတော့ ဘာတွေတွေ့ သလဲ

ဆိုတော့ ဦးဘမောင်ရေ ကျုပ်တို့ပုထုစဉ်လူသားတွေ လွယ်အိတ်ထဲကို ကြည့်ရင် ဘယ်လွယ်အိတ်မှ တစ်ခုနဲ့တစ်ခု မထူးပါဘူး။ အိုးချမ်းကွဲတွေရော သံတိုမယ်နတွေရောစုပုံပြီး လမ်းကတွေသမျှတွေ အကုန်လုံးကောက်ထည့်ထား တာဘဲရှိတယ်။

အဲဒီတော့ ဘုရားကဘောပြောသလဲ ဘယ်လိုလုပ်ရမယ်လို့ ဟောခဲ့သလဲဆိုတော့ အဲဒီပစ္စည်းတွေဟာ မင်းမှာ အင်မတန်ဝန်လေး နေ တယ်။ တကာကြီးဦးဘမောင်တို့ရေ မင်းတို့လွယ်အိတ်ထဲက ပစ္စည်းတွေကို သေသေ ချာချာလှန်လှော့ကြည့်ကြစမ်းအုံးတဲ့။

တင်ပါဘုရား။

အိမ်ကျတော့ ကိုယ်ကိုယ်တိုင် တစ်ယောက်ထဲမပြီးသေးရင် အိမ်က တကာမကြီးပါခေါ်ပြီး တကတဲ စကောကြီးထဲ ဖျာကြီးထဲသို့ အကုန်သွန်ချပြီး ကြည့်စမ်းပါတဲ့ ရွေးစမ်းပါတဲ့။ မတော်တာတွေများ တွေ့ရင် လွှင့်ပစ်ရမှာတွေပဲ ဆိုပြီးမယ်ဆိုရင် အဲဒီလိုလွှင့်ပစ်ဖို့ ပစ္စည်းတွေ လွယ်အိတ်ထဲမှာ တော်တော် များများရှိနေလိမ့်မယ်လို့ မထင်ထားဘူးဦးဘမောင်။

တင်ပါဘုရား။

အဲဒီလိုထင်ပေမယ်လို့ မစွန်ရက်ဘူး။ မပစ်ရက်ဘူး ဆွဲထားတုန်းဘဲ ဦးဘမောင်ရေ။

ဘာပြုလို့လဲဆိုတော့ အနှစ်နှစ်အလလက မိဘရိုးရာကစပြီးတော့ မနေ့က ဟောသလို ပရမ္မရက အစွဲဆိုတဲ့ ဝက်အူလှည့်နဲ့ ကျကျနနတင်းကြပ် ထားတဲ့ပစ္စည်တွေဖြစ်ကြောင်း အချို့ဟာတွေဟာ တကတဲ ခွဲခွာဘို့ စွန့်ပစ်ဘို့ နေနေသာသာ ချွက်ဘို့တောင်မရအောင် ကိုက်နေကြတယ်။

အဲဒါကြောင့် အခုပြောတဲ့အစွဲက ကိုယ်ကိုကိုစွဲပြီး ကိုယ်ယူတာ မှန်တယ်၊ဇွတ်ယူနေတော့ ဟောဒီလို ကျောင်းကြီးတွေက ဥပုသ်ဇရပ်တွေမှာ ဦးဘမောင်တို့လိုအရွယ်ကြီးတွေ ဒီနားကတကာကြီးများ အရွယ်ကြီးတွေ ပေါ့လေ သင်္ဂြိုဟ်ဆရာကြီးတွေပေါ့ ဥပုသ်ဇရပ်မှာ တကတဲ လက်သီး လက်ရုံး တန်းပြီးတော့ သူယူတာမှားတယ် ငါယူတာမှန်တယ် ဘယ်စာအုပ်ကလေး တအုပ်ထဲက ဟာလည်းမမှန်ဘူး စာအုပ်ကြီးထဲက မှန်တယ် ဒီအတိုင်းငြင်းနေ ကြတာ တချို့များ ၃-၄ နှစ်စကားတောင်မပြောကြတော့ဘူး ဦးဘမောင်။

တင်ပါဘုရား။

အဲဒါဘာလဲဆိုတော့ ငါယူနေတာက မှန်တယ် မင်းယူနေတာက မမှန်ဘူး ဆိုတာက စပြီးတော့ ဖြစ်ထာဘဲ။

သို့သော်သူတို့က ဘုရားထဲသွားပြီး အမြဲတမ်းငြင်းနေကြတာ ဒိပြင်အိမ် ရောက်ရင် သူတို့တကယ့် သူတော်ကောင်းကြီးတွေဆိုပြီး အိမ်ဦးခန်းက ထိုင်ပြီးတော့ လဘက်ခွက်နှိက်ပြီး အရင်ဆုံးစားတဲ့လူတွေပေါ့လေ။

ဒါပေမယ့်တဲ့တာမဟုတ်ဘူး သူတို့ဂြိုဟ်သွားငြင်းရင် တခါတည်း သွက်သွက်လည်သွားတာဘဲ အဲဒါဘာလည်းဆိုတော့ ငါသိတာနဲ့ ငါမှန်တယ်လို့ ဆိုတာကို ဟိုလူတစ်ယောက်က မှားပါတယ်လို့ပြောရင် ဦးဘမောင်ဘယ့်နှယ် ဖြစ်မတုန်း။

မခံနိုင်ပါဘူးဘုရား။

အဲ ပူထူလာတယ်။ အဲဒီလိုပြောရုံနှင့် ခင်ဗျားတို့အတွက် ပစ္စုပ္ပန် အကျိုးများ ဘာလျော့သွားတလဲ။

မလျော့ပါဘူး။

ကိုယ်အလေးချိန်ကော လျော့ပါး၍ သွားသလော။

မလျော့ပါဘူး။

သောမနဿ သဟဂုတ် ဟုတ်တယ် မဟုတ် ငြင်းရုံနဲ့ ထပြီး နဘန်းလုံး အဘိဓမ္မာ ဆရာတွေရှိတာ မဆန်းဘူးလား။

ဟောဒီမှာ ဘုရားရှင်က မင်းတို့စိတ်ထဲမှန်လှပြီလို့ ယုံနေတဲ့ အယုံတွေ လျော့ပါးသွားအောင် လုပ်ရမယ်။ အဲဒီလိုလျော့အောင် မလုပ်နိုင်ရင် တကာကြီးတွေ နံပါတ်တစ်ဖြစ်တဲ့ သောတာပတ္တိမဂ်ကို ခြေလှမ်းနိုင်ဘို့ မခက်ဘူးလား။

ခက်ပါတယ်ဘုရား။

ဒါကြောင့် ဦးပဥ္စင်းတို့ အခုဟောနေတာ တကာကြီးတွေ တကာမကြီးတွေ သိပြီးသားစွဲပြီးသားဖြစ်တဲ့ အဲဒီအစွဲလေးတွေကို ဘုရားရဲ့ တရားတော်အမှန်နဲ့တွေ့ရင် ဖယ်ပစ်နိုင်အောင်လို့ဟောနေတာ။

အဲဒါတွေမဖယ်နိုင်ရင် အရိယာမဂ်ပေါက်ဝိတ်ဝကျတော့ လက်မခံဘူး ဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အစွဲပါလာရင် ဟိုဂိတ်က လက်မခံဘူး၊ အဲဒါကြောင့် ဂိတ်ပေါက်ရောက်ရင် တခြားဟာ ဒိပြင်ဟာ စစ်ထာမဟုတ်ဘူး။ အဲဒီအစွဲ ဥပါဒါန်ကို စစ်တယ်မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီအစွဲစစ်တဲ့အခါကျတော့ ခင်ဗျားတို့ အစွဲတခွဲသားနဲ့ သွားပြီး လောကုတ္တရာဂိတ်ပေါက် သွားတိုးရင် အလကားဘဲ ခွေးထွက်ရှဲဘဲရှိမယ် ပြီးပြန်လာရမှာဘဲ အထုပ်ကြီးထမ်းလို့ အစွဲထုပ်ကိုလေ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီတော့ ဘုရားရှင်က မင်းတို့အစွဲထုပ်ကြီးကို ဟိုဘက်နားစွန့်ပစ်ခဲ့ကြ အဲဒီတော့မှ ငါဒီဂိတ်ပေါက်ကို လာပြီးအစစ်ခံပါ။ အစစ်ခံတဲ့ အခါကျတော့ မင်းတို့ တဏှာဥပါဒါန်ချုပ် မချုပ်အစွဲလေးတွေ ပြုတ်မပြုတ် လောဘဒေါသ မောဟ ကိလေသာတွေအခါထဲ လှန်လှော ကြည့်မယ် စစ်ဆေးမယ်။

အဲဒီခါကျမှ ရေဝန်ရုံးကလာတဲ့ အရာရှိတွေစစ်သလို စစ်တာမျိုး အဲဒီအစွဲတွေ ဘာမှမရှိတော့မှ ဦးပဥ္စင်းတို့ သောတာပတ္တိမဂ်ပေါက်ထဲ ဝင်နိုင်ကြမယ်။

အဲဒါကြောင့် ကိုယ့်မှာရှိပြီးသားဖြစ်တဲ့ ယုံကြည်စွဲလန်းမှုဟာ အမြစ်ကစပြီး နဲနဲတော့ လှုပ်သွားကရောမဟုတ်လား။

တင်ပါဘုရား။

အမြစ်နဲနဲလှုပ်သွားတဲ့အခါ မဟုတ်တာဆိုရင်ပြုတ်ထွက်သွားမယ်။ ဟုတ်ထာဆိုရင် ပြန်ခိုင်သွားမယ်။ ဟုတ်တယ်မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

အဲဒါကြောင့် ဘုရားက မိမိယုံကြည်စွဲလန်းနေတဲ့ တရားတွေကို လည်းဘဲ ရှာရှာပြီးတော့စစ်ဆေးကြည့်စမ်းပါ။ ကိုယ်ယုံကြည်ရင် ဟုတ်လောက်ကဲ့လားလို့ ဝေဖန်စဥ်းစား ကိုယ်ပိုင်ဉာဏ်နှင့် မပိုင်သေးဘူးဆိုရင် မိတ်ဆွေတစ်ယောက်ဆီသွားပြီး မိတ်ဆွေရေ ကျုပ်တော့ ဟောဒီလို စိတ်ထဲမှာ ယုံကြည်နေတယ်။

အဲဒါခင်ဗျားနဲနဲလေး ဝေဖန်စမ်းပါဆိုရင် ဟိုလူက ဟုတ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဝေဖန်နိုင်တဲ့ အရည်အချင်းရှိတဲ့လူဆိုရင် နဲနဲပါးပါးဝေဖန်ပြလိုက်မှာဘဲ မဟုတ်လား။

တင်ပါဘုရား။

အဲဒီလို ဝေဖန်ပြလိုက်ရင် ဦးဘမောင်ရဲ့ဉာဏ်ထဲမှာ အလင်း ကလေး ဝင်လာတယ်။ ဟုတ်ကဲ့လား။

ဟုတ်ပါတယ်ဘုရား။

အဲဒီအလင်းကလေးဝင်လာတဲ့အခါ ကျတော့ခါ ဟိုလူက အပြည့်အစုံ မဝေဖန်နိုင်သော်လည်း ဦးဘမောင်ဝေဖန်ဉာဏ် အိပ်နေတာကိုတော့ ဟိုလူက နည်းနည်းနှိုးပေးလိုက်သဖြင့် အလင်းဉာဏ်ရလာပြီးတော့ ဒီအမှား တွေကို မြင်လာတယ်။ မြင်လာရင် အဲဒီလိုမြင်တဲ့နေ့မှာ စွဲလန်းမနေဘဲ စွန့်ပစ်လိုက်ရ မယ်ပေါ့။

## အမှန်ထင်ယုံနဲ့လဲ မစွဲယူရ

ဒိဋ္ဌိနိဇ္ဈာ နက္ခန္တိယာဆိုရာ၌ နိဇ္ဈာန ဆိုတာကတွေးတောဒိဋ္ဌိက၊ အယူ။ ခန္တိက၊ ကိုယ်က သဘောကျတာ။

အဲဒီတော့ စေ့စေ့စပ်စပ်ကိုယ်တိုင်ကိုယ်ကျ အကြောင်းအမျိုးမျိုး နည်း အမျိုးမျိုးနဲ့ ဝေဖန်သုံးသပ်ပြီးတော့ ဆင်ခြင်စဥ်းစားလို့ရသောအယူနှင့် မကိုက်ညီခြင်းကြောင့် မမှန်ဘူးလို့ မယူကြနဲ့တဲ့ ဟုတ်လား။

မှန်ပါဘုရား။

အဲဒါလေးဟာတော်တော်ကျယ်ဝန်းတယ်နော် ဦးဘမောင်။

အဲဒီ နိဇ္ဈာ နက္ခန္တိယာဆိုတာ ဦးပဥ္ဇင်းတို့ လယ်တီဆရာတော်ဘုရားကြီး များဖွင့်ခဲ့တဲ့ ပရမတ္ထဒီပနီဋီကာကျတော့ ဘယ့်နှယ်ဖွင့် သလဲဆိုတော့

ဒိဋ္ဌိနိဇ္ဈာ နက္ခန္တိယာတိ ပညာယဝါ အတ္တနော လဒ္ဓိယဝါ ကာရဏာ ကာရဏံ ဝိစိန္တိတွာ ဂဟဏံ တဲ့။

ဒိဋ္ဌိနိဇ္ဈာ နက္ခန္တိယာတိ ဒိဋ္ဌိနိဇ္ဈာ နက္ခန္တိ ဟူသည်ကား ပညာယဝါ၊ မိမိ၏အသိပညာ ဖြင့်၎င်း။ အတ္တနော၊ မိမိ၏လဒ္ဓိယဝါ၊ အယူဝါဒ အားဖြင့်၎င်း၊ နှစ်မျိုးဖွင့်ထားတယ်မဟုတ်လား။

မှန်ပါတယ်။

ကိုယ့်မှာရှိတဲ့ ဉာဏ်ပညာနှင့်ဘဲဖြစ်ဖြစ် (သို့မဟုတ်)ကိုယ်ယူထားတဲ့ ကိုယ်ယုံထားတဲ့ ဝါဒနှင့်ဘဲဖြစ်ဖြစ် အဲဒီဝါဒရယ် ကိုယ့်ပညာနှစ်ခုနဲ့ ကိုယ်ကြား တဲ့တရားကို သေသေချာချာဝေဖန်ပါတဲ့။

အဲလို ဝေဖန်ပြီးမှ ယူခြင်းသည် လိုက်နာခြင်းသည် ကျင့်သုံးခြင်းသည် ဒိဋ္ဌိနိဇ္ဈာ နက္ခန္တိယာအဲဒီလိုဝေဖန်လို့ ပိုင်းခြားလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်လို့ ရပြီးတဲ့အတွက် အဲဒီလို့မှန်ခြင်းကြောင့် ဒါဟာလဲဘဲ တကယ့်ကို မှန်ပါပြီလို့ ဂေါတမဘုရားကမယုံနဲ့တဲ့။

အဲဒီတော့...

ဘယ်လိုမှ ယုံရမလဲဆိုတော့ အဲဒီလိုတွေးတောမှု ဆင်ခြင်မှု စမ်းသပ်မှု တို့ကြောင့် မှန်တယ်ဆိုတဲ့တရားကို ကျင့်သုံးခြင်းအားဖြင့် တကာကြီး ဦးဘမောင် မှာ လောဘဒေါသမောဟ အစရှိသော အကုသလ ပက္ခဖြစ်တဲ့ တရားတွေလျော့ သလား မလျော့ဘူးလားကြည့်။

မလျော့ဘူးတိုးသာလာတယ်ဆိုရင် မမှန်ဘူးဦးဘမောင်။

မှန်ပါဘုရား။

အဲဒီလိုဆိုတဲ့အတိုင်း လောဘဒေါသမောဟ အကုသိုလ် ကဏ္ဍာ ပက္ခ က မည်းနက်တဲ့ တရားတွေတဖြေးဖြေးပြုတ်ပြုတ်ပြီးတော့ ကျကုန်တယ် ဆိုရင် အဲဒီတရားဟာ မှန်ပြီ၊ ဒီတော့ဒီတရားကို မင်းတို့ လိုက်နာကျင့်သုံး ကြလို့ ဘုရားကဟောညွှန်ခဲ့တယ်။ နောက်တစ်ခုကဘာလဲ။

## ဂုဏ်စွဲ ပုဂ္ဂိုလ်စွဲသက်သက်

မာဘဗ္ဗ ရူပနေ-တဲ့။ ဘဗ္ဗ ရူပနေကျတော့ ပုဂ္ဂိုလ်စွဲပါလာပြီ၊ အဲဒါ ဘဗ္ဗရူပ- ဆိုတာက ဘာလဲ။

အင်မတန်ထင်ရှားတယ်။ ကျော်ကြားတယ်၊ ဘွဲ့ထူးဂုဏ်ထူးတွေ အဆင့် ဆင့်ရတယ်။ ပထမကျော်အောင်တယ်။ ဓမ္မစရိယအောင်တယ်။ ဆိုတဲ့ပြောင် မြောက်တဲ့ ပုဂ္ဂိုလ်ကြီးတပါးက ပြောလိုက်တဲ့အတွက် ဒီဟာမှန်တယ်။ ဒီလို ယုံကြတယ်ဆိုတဲ့သဘောပဲ။

မှန်ပါဘုရား။

အဲဒီလိုယုံကြည်၍လာတာဘဲ ဦးဘမောင်၊ ဒါကို ဘာပြုလို့ဟောရ ပြောရသလဲဆိုတော့ လယ်တီဆရာတော်ကြီးဆီက တပည့်တော်ကြားလာခဲ့တာ။ ဘယ်လောက်ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးထံမှ ကြားခဲ့တာ၊ အဲဒါမမှန်ဘဲ နေမလား။ ဟောဒီလိုဖြစ်လာတာ။

အဲဒီတော့ ကလေးပေါက်စတွေကျတော့လည်း အမှန်တွေနဲ့ပဲလေ၊ သူတို့ရဲ့ အမှန်ကျတော့ အမေနှင့် အဖေပြောသံကြားလို့ မှန်လာတာ ဟုတ်တယ် မဟုတ်လား။

တင်ပါဘုရား။

အမေနဲ့ အဖေပြောလို့ မှန်တာက နေပြီးတော့ တဆင့်တက် လိုက်တယ်။ ဘယ်လိုတက်လာစလဲဆိုတော့ ၇-နှစ်သားအရွယ်ရောက်လို့ ကျောင်းပို့လိုက်တဲ့အခါကျတော့ ဆရာမကြီးကပြောလို့ ဆရာကြီးကပြောလို့ မှန်လာပြန်တယ်။ အကုန်လုံးမှန်နေတာဘဲမဟုတ်လား။

မှန်ပါတယ်ဘုရား။

အဲဒီကနေတစ်ဆင့်တက်လာလို့ (၇)တန်းတို့ (၁၀)တန်းတို့ ရောက်လာတော့လည်း ဆရာကြီးကပြောတာနဲ့ ဆရာမကြီးကပြောတာနဲ့ မှန်တုန်းရှိနေသေးတယ်မဟုတ်လား။

တင်ပါဘုရား။

ဟိုက်စကူးကျော်ပြီးတော့ ကောလိပ်တို့ ဘာတို့ရောက်သွားတဲ့အခါကျတော့ ဒီကျောင်းသားဟာ လူပြော၊ သူပြောကို တယ်မမှန်ချင်တော့ဘူး။ ဘယ်သူပြောတာမှ တယ်မမှန်ခြင်တော့ဘူး။

ဘာပြုလို့လဲဆိုတော့ သူ့မှာသူသင်လာရတဲ့ ပညာထဲမှာအမှားအမှန်စစ်ဆေးဝေဖန်နိုင်တဲ့ ဂဲဩမထရီတို့၊ အယ်လဂျီဗရာတို့ဆိုတဲ့ ပညာတွေ စိတ္တဗေဒတွေ၊ လော့ဂျစ်တွေ အသင့်အတင့် ပါလို့ တတ်မြောက်သွားပြီ။

အသင့်အတင့်တတ်သွားတော့ သူစဉ်းစားတယ်၊ စဉ်းစားတော့ ဝေဖန်တယ်၊ ယူနီဘာစီတီရောက်တော့ ပါမောက္ခတွေက ပြောချင်ရာပြော၊ သူစာမေးပွဲအောင်ဖို့သာ မှတ်ထားတာ၊ သူ့ရဲ့ ပညာတိုးတက်ဖို့တာ သူထိုးထိုး ထည့်သာ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီကျောင်းတော်သားကြီးဟာ တထစ်ချအနေနှင့် ဟိုသူငယ်တန်းတုန်းက ဆရာကြီး၊ ဆရာမကြီးပြောစဉ်တုန်းကလိုကို ဧကန်မှန်တယ်လို့ ယုံတုန်းကလောက် သူယုံသေးသလား။

မယုံတော့ပါဘူးဘုရား။

အဲလိုမယုံတဲ့အတွက် သူ့မှာပညာဘာဖြစ်သတုန်း ကြီးထွားလာတယ်။ တိုးပွားလာတယ်၊ ဆရာကြီးကို ပညာနဲ့ပတ်သက်လို့ မေးနိုင်တယ်၊ မြန်းနိုင်တယ်၊ ဆင်ခြေဆင်လက်တက်နိုင်တယ်။

အဲဒီလိုဖြစ်လာတဲ့အခါ ကျတော့ ဦးဘမောင်တို့ လူစုလည်းဘဲ ယခုအခါ ဗုဒ္ဓဘာသာတရားတော်နှင့် ပတ်သက်ရာ၌ တက္ကသိုလ် ပညာအဆင့် လောက်ရောက်နေပြီမဟုတ်လား။

ဒီတော့က ဟိုသူငယ်တန်းတုန်းက ဆရာမကြီးပြောတာ မှန်တယ်လို့ တကယ်မျက်စိမှိတ်ပြီးတော့ လိုက်နာယုံကြည်နေတဲ့ အမြင်မျိုးဖြစ်နိုင်ပါတော့ မလား။

မဖြစ်နိုင်တော့ပါဘုရား။

မဖြစ်ဘူး အဲဒီတော့ ဦးပဥ္စင်းတို့ လောကကြီးမှာရှိတာက "ကမ္မရူပ" ဆိုတာ ပုဂ္ဂိုလ်စွဲ ဒို့ဆရာကြီးတို့က ပြောလိုက်တာကွ မင်းတို့ဘာပြုလို့ ခံငြင်းနေရမှာလည်းဆိုသော စကားဟာ မကြီးကျယ်ဘူးလား။

ကြီးကျယ်ပါတယ်ဘုရာ။

ဒါငါပြောတာမဟုတ်ဘူး၊ ငါ့ဆရာကြီးပြောတဲ့အတိုင်း ငါပြောတာ၊ ဒီမှာ အဲဒီပြောတဲ့ပုဂ္ဂိုလ်ရဲ့ ဂုဏ်ပကာသန ထည့်လိုက်ရသေးတယ်။

တင်ပါဘုရား။

အဲဒီဂုဏ်ပကာသနကြီးတဲ့လူက ပြောတဲ့ တရားမျာလည်း မှန်မလိုလို ဖြစ်နေတယ်။ လူတွေမှာ အစွဲလန်းကလည်းရှိနေတယ်။

တင်ပါဘုရား။

အဲဒီတရားဟောတဲ့ဘုန်းကြီးက ဘယ်လိုဘုန်းကြီးမျှားမှတ်တလဲ။ အံမာ-နဲတဲ့ဘုန်းကြီးမဟုတ်ဘူး။ (ဓမ္မာစရိယ)ဆိုတဲ့အတန်းကို အကုန်းလုံးအောင်ပြီးပြီ ပထမကျော်တဲ့ဗျို့၊ အံမာလေး သူပြုထားတဲ့ ကျမ်းစာတွေကလည်း ၂၀ဝ ကျော် ရှိနေပြီ အင်မတန်တော်တဲ့ ဘုန်းကြီးပါ။

အဲဒီလို စသဖြင့် လာတော့ ဒီဘုန်းကြီးဟောတဲ့ တရားမှ မှန်ရတော့ မယ်လိုလို ဖြစ်နေပြီးလာနေတဲ့လူတွေထဲမှာ ဒီလိုလူမျိုးတွေကိုလည်း တွေ့ဖူး တယ် မဟုတ်လားဦးဘမောင်။

တွေ့ဖူးပါတယ်ဘုရား။

အဲဒီတော့ ဒီလိုမဟုတ်ဘူး ဦးဘမောင်၊ ဘဗ္ဗရူပဆိုတဲ့အတိုင်း အင်မတန်တော်တဲ့ အင်မတန် ထင်ရှားတဲ့ အင်မတန်ကျော်တဲ့၊ ကမ္ဘာမှာ အထင်ရှားဆုံးဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးက ပြောထားတာကမ္ဘာမှာ အထင်ရှားဆုံးဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးက ပြောထားတာနဲ့ ဒီဟာ မှန်တယ်လို့ ဦးဘမောင်တို့ မယုံကြနဲ့တဲ့။

ဒီတော့ ဂေါတမဘုရားနဲ့တွေ့ရင် အကုန်ဒုက္ခများကုန်တာဘဲ။ ဟိုဘုရားလက်ထက်တုန်းက ဒုက္ခများတာဘဲဟုတ်လား ဦးဘမောင်။

တင်ပါ။

အဲ ဘုရားလက်ထက်တုန်းက ဘုရားဆီ ရောက်လာကြတဲ့ သောဏဒဏ္ဍပုဏ္ဏားကြီးတို့၊ ကူဋဒန္တ ပုဏ္ဏားကြီးတို့ ဆိုတာ အသက်ကလည်း (၁၂၀)ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်ထက်အများကြီး ကြီးပြီးနေတဲ့ အဘိုးကြီးတွေ အင်မတန်ကို အသက်ကြီးတယ်။

သူတို့ဟာ သူတို့ အင်မတန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေလို့လည်း ထင်နေတယ်။

အဲဒီလိုအထင်ကြီး တခွဲသားလောက်နဲ့ ဘုရားရှင်ထံတော်သို့ လာကြပေမယ့် ဂေါတမဘုရားက မင်းတို့ရဲ့ဝါဒဟာ မမှန်ဘူးလို့ ပြောပြီး သူတို့ကို တရားအမှန်ပြလိုက်တယ်။

ဘုရားရှင်ကဟောပြောတဲ့ အမှန်ကို ကြားတော့မှ သူတို့ရဲ့ ဝါဒတွေကို စွန့်လိုက်ရတယ်။

အဲဒီလိုစွန့်ပြီးတာတောင်မှ သရဏဂုံဆောက်တည်တဲ့အခါမှာ ခြွင်းချက်ကလေးတွေနဲ့ ဆောက်တည်ကြတဲ့ လူတွေဘဲ။

အဲဒါကြောင့် အတွင်းမှာ ရှိပြီးသား ယုံကြည်ပြီးသား ကိုယ်တတ်ပြီးသား ကိုယ်မြင်ပြီးသားလို့ထင်နေတဲ့ အယူအဆတွေ စာပေပညာတွေဟာ ဘယ်လောက်ပြင်းပြင်းထန်ထန်ခံနေသလဲ ဆိုတော့ အဲဒါတွေကြောင့် အမှန်မရောက်နိုင်ကြဘူးတဲ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ဘဗ္ဗရူပဆိုတာ အဲဒါဘဲ ဦးဘမောင် စိတ်ထဲမှာ ပုဂ္ဂိုလ်စွဲတွေရှိနေသမျှ ကာလပတ်လုံး ဘယ်ပုဂ္ဂိုလ်ပြောတာမှ မှန်တယ် အဲသူကတော့ လက်တွေ့လုပ်နေတာ စာပေလဲ တတ်တယ် ကမ္မဋ္ဌာန်းတရားလည်း အားထုတ်နေတယ် ဘာပေါက်တယ် ညာပေါက်တယ် စသဖြင့် အဲဒီလို နာမည်ကြီးပြီး ပြောင်ပြောင်

သတင်းထွက်နေတဲ့ ပုဂ္ဂိုလ်ထူးကြီး တစ်ယောက်က ဟောလိုက်ပြောလိုက်တဲ့ အတိုင်းဟောပြောခြင်းကြောင့် တကယ့်အမှန်တရားလို့ မင်းတို့ မယုံကြည့်ကြနဲ့ တဲ့။

ဘုရားက ဘယ်လိုဟာယုံရမလဲဆိုတော့ ခုနကအတိုင်းဘဲ ဒါထပ်တုံ တလဲလဲ ကျနေပြီ ဦးဘမောင်ကိုယ်တိုင် ဒို့တကာမကြီးတွေ၊ တကာကြီးတွေ ကိုယ်တိုင် အဲဒီတရားကို လိုက်နာကျင့်သုံးကြည့်ခြင်း အားဖြင့် လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ်တရားတွေ ခေါင်းပါးရင် အဲဒါမှန်ပြီ။

အဲဒါပြောတဲ့သူဟာ ပါမောက္ခပဲဖြစ်ဖြစ်လူအပဲဖြစ်ဖြစ် ရောမပုဂ္ဂိုလ်ကြီး ပဲဖြစ်ဖြစ် အလွန်အောက်တန်းကျတဲ့လူပဲဖြစ်ဖြစ် လူခွဲမနေနဲ့တဲ့ ဘဗ္ဗရူပ အဲဒါဘဲ နန်းတော်ထဲကလူနဲ့ တဲကုတ်ကလူအတူတူဘဲထားရမယ်မဟုတ်လား။

မှန်ပါဘုရား။

အကျိုးရှိရာတရားကို ဟောရင်မျက်နှာကြီးကဟောလို့ မျက်နှာငယ် ကဟောလို့ စသည်ဖြင့် ဖြစ်မနေနဲ့ အမှန်ကိုသာ အလေးတင်းပေးရမယ်တဲ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ဘဗ္ဗရူပ ဆိုတာဘာလည်း အင်မတန်ကျယ်ဝန်းတယ် ပြောမယ် ဟောမယ် ဆိုရင်အများကြီးဘဲ ဒီတော့ ဘဗ္ဗရူပနဲ့ ဒို့တကာကြီးတွေနဲ့ ဒက်ဒိတိုး မနေဘူလား။ အစွဲက ပုဂ္ဂိုလ်စွဲ ကိုယ့်ကျောင်းဘုန်းကြီးမှ ကိုယ်ဟုတ်နေတာ ဒီတော့ ခက်တယ် ဒီတရားဟောရတာသိပ်မလွယ်လှဘူးဦးဘမောင်။

တင်ပါဘုရား။

အဲမလွယ်ဘူး ဟိုကျောင်း ဒီကျောင်းအရှေ့ကျောင်း အနောက်ကျောင်း ရှိလဲ မျက်နှာစောင်းက ထိုးနေကြတာ ဟုတ်ကဲ့လား။

အဲဒီတော့ ကိုယ့်ကျောင်းဘုန်းကြီးကဟောတဲ့ တရားမှ မှန်တယ် ကိုယ့် ကျောင်း ဘုန်းကြီးမဟုတ်ဘဲ ဒိပြင်ဘုန်းကြီးဟောလိုက်ရင် တရားကရွှက်ချော် ချော်ကြီးပါကွာ ဘယ်စာအုပ်ထဲကကြည့်ဟောတာမှန်းမသိပါဘူး ဟောဒီလို ပြောလိုက် တာနဲ့ ဒုက္ခဖြစ်တာဘဲ။

ဒါကြောင့် ဒီလိုလဲမလုပ်ကြနဲ့ နာမည်ကြီးတဲ့ လူကဘဲ ဟောဟော နာမည်သေးတဲ့လူကဘဲဟောဟောအဲဒီလိုဟောတဲ့ တရားကို မင်းတို့နားထောင် ကြစမ်းပါ။ နားထောင်ပြီးတော့ မင်းတို့မှာရှိတဲ့ ငါပေးထားတဲ့ သစ္စာလေးပါး

မှတ်ကျောက်နဲ့တိုက်ကြည့်ပါ။ အဲဒီ သစ္စာဘောင်ဝင်ရင် လူငယ်တာ ကြီးတာ ဂုဏ်ရှိတာ ဂုဏ်မဲ့တာ ဆင်းရဲတာ ချမ်းသာတာ တွေမတွက်နဲ့တဲ့ သစ္စာလေးပါးဘောင်ဝင်မှုသာတွက်ပြီးတော့ ယုံကြည်ကြစမ်းပါလို့ ဘုရားကဆိုတာ ဘဲ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

ဒါလေးတော့ သဘောပေါက်သွားပြီမဟုတ်လား။ အဲ ပေါက်ရင်ပြီးရော နောက်တစ်ခုဘာကျန်လဲ။

## ဒို့ဘုန်းကြီးမှ ဆိုတဲ့ အစွဲ

နံပါတ် (၁၀)ရောက်တဲ့အခါကျတော့ ၎င်းလည်း ပုဂ္ဂိုလ်စွဲပဲ နံပါတ် (၁၀)က

မာ သမဏော နောဂုရု။

အယံသမဏော ဤရဟန်းသည် နော၊ ငါတို့၏ ဂုရု ဆရာတည်း ဆိုတာက ဟောတဲ့ ပြောတဲ့ ပုဂ္ဂိုလ်ရဲ့ဂုဏ်ပဲ။

အဲဒီဂုဏ်ဆိုတာက သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေ ဖြစ်တယ်။ ဒါတွေကို မလိုက်တော့ဘူး ဆရာသမားဆိုတဲ့ ဂုဏ်တစ်ခုနဲ့ဘဲ မှန်နေတာဘဲ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီဆရာသမားဆိုတာက နေပြီးတော့ ဘယ်ထိအောင်သွားနိုင်သလဲ ဆိုတော့ ဘာသာရေးခေါင်းဆောင်ဖြစ်တဲ့ ဘုရားအထိမသွားနိုင်ဘူးလား ဦးဘမောင်။

သွားနိုင်ပါတယ်ဘုရား။

အဲ ဟိုဘက်ကိုလည်း ဒီအတိုင်းဘဲ ဟိန္ဒူတို့ ခရစ်ယာန်တို့ ပသီတို့ စသည်ဖြင့် ဘာသာအသီးသီးရဲ့ ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးတွေက ဟောတဲ့ အတွက် မှန်တယ်လို့ အဲဒီလို ယူဆယုံကြည်နေကြတဲ့ အချက်တွေမရှိဘူးလား။

ရှိပါတယ်ဘုရား။

အဲဒါကို မဝေဖန်ရဲဘူး မလှန်ရဲဘူး အဲဒီနေရာကျတော့ ကမ္ဘာပေါ်မှာ ရှိတဲ့ဘာသာ သာသနာတွေမှာလည်းလဲဘဲ ဒီအတိုင်းဘဲ။

ဒီတော့ ခရစ်ယံဘာသာသွားကြည့်ပြန်လည်း ဒီအတိုင်းဘဲ တွေ့ရတယ် မဟုတ်လား။

မှန်ပါဘုရား။

ပြီးတော့ ပသီဘာသာဆိုင်ရာမှာလည်း ဒီအတိုင်းဘဲ သူတို့ရဲ့ သခင် ယေရှုဘုရား ကဖြစ်စေ၊ မဟာမက်သခင်ကဖြစ်စေ၊ ဟိန္ဒူဘုရားတွေကဖြစ်စေ အဲဒီဘုရား အသီးသီးကဟောပါတယ်လို့ ဆိုတဲ့ စကားကို အဲဒီဘာသာဝင်တွေက မေ့ပြီးတော့ ပြန်ပြီးတော့ မကြည့်ရဘူး၊ ဘယ်နည်းနဲ့မှ ဝေဖန်လို့မရဘူး မဝေဖန် ကောင်းဘူးတဲ့။

အဲဒါကို ဦးပဥ္စင်းတို့ ဂေါတမဘုရားက "မာ သမဏော နော ဂုရုတိ" ဆိုတဲ့ စကားဖြင့် ချေဖျက်ခဲ့တယ်မဟုတ်လား။

မှန်ပါဘုရား။

အဲဒီအစွဲတောင် မင်းတို့ မထားကြနဲ့ ပုဂ္ဂိုလ်စွဲမရှိစေနဲ့တဲ့ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ဦးပဥ္စင်းစိတ်ထဲမှာ တွေးကြည့်တဲ့အခါ ဘယ်လိုပေါ်လာသလဲဆိုတော့ ဦးပဥ္စင်းတို့ ဂေါတမ သခင်၏ အလိုကတရားတစ်ခုဟာ ဦးဘမောင်တို့ လူစုက ငါကိုယ်တိုင်ဟောလို့ မှန်တယ်လို့ မယုံစေချင်ဘူးလို့ ထင်တယ်။

ဘယ်တော့မှ ဘယ်လိုမှ ယုံစေချင်သလဲဆိုတော့ တကယ့်ကို တိကျမှန်ကန်စွာ စုံစမ်းစစ်ဆေးပြီးလို့ သဘောပေါက်တော့မှ အမှန်ဟုသာယုံစေ ချင်တယ်။

ဝက္ကလိမှန်တာများကို ဘုရားကအလိုရှိပါ့မလား။ ဝက္ကလိက ဂေါတမ ဘုရားရဲ့ ရူပကာယတော်ကို ကြည့်ပြီးတော့ ကြည်ညိုနေတာ ချစ်နေတာ သဘောကျနေတာ အဲဒီရုပ်ကြည့်ပြီးတော့ ချစ်နေတဲ့ ဝက္ကလိဟာ သူဘုရားရဲ့ ပါးစပ်က ထွက်လာသမျှ တရားမှန်သမျှ အကုန်အမှန်ချည်းဘဲ။

အဲဒီတော့ ဝက္ကလိက ကောင်းကောင်းပြီး မှန်မှန်နေတာမျိုးကို ဘုရားရှင် မကြိုက်ဘူး။

မှန်ပါ။

အဲဒီလို ဝက္ကလိကယုံကြည်တဲ့ ယုံကြည်နည်းမျိုးကို ဦးပဥ္စင်းတို့ ဘုရား က လိုလားတယ်ဆိုရင် ဝက္ကလိကို အနားကနှင်ပြီး မပစ်ပေဘူးပေါ့။

မှန်ပါဘုရား။

အဲဒီတော့ ဘုရားက သဘောမကျတဲ့အတွက် ဝက္ကလိကို အနားက နှင်ပစ်လိုက်တယ်။

ဝက္ကလိက ဒီမျက်နှာတော်ကြီးကိုမှ အမြဲတမ်းကြည့်လို့ မနေရရင် ငါသေတာကောင်းမယ်ဆိုပြီး ဂိဇ္ဈကုဋ်တောင်ပေါ် တက်ပြီးခုန်ချမယ်လုပ်ခဲ့တာ မဟုတ်လား။

မှန်ပါဘုရား။

အဲဒီလောက်ပြင်းထန်အောင် စွဲလန်းတဲ့ ပုဂ္ဂိုလ်စွဲဘုရားစွဲ အဲဒီအစွဲကို ဘုရားရှင်ကိုယ်တော်မြတ်က ဝက္ကလိကို မြည်တွန်တောက်တီးပြီးတော့ဝက္ကလိ မင်းငါ့အနားမှာ မနေနဲ့ သွားတော့လို့ အဲဒီလို အမိန့်ပေးလိုက်တယ်။

တင်ပါဘုရား။

အဲဒီလို အမိန့်ပေးလိုက်တော့ တကယ်စိတ်ညစ်ပြီးတော့ပေါ့လေ အဲဒီ ကိုယ်ကိုသေကြောင်းကြံစည်တဲ့ အထိဖြစ်လာရတာ အဲဒီကျမှ ဘုရားရှင် ကိုယ်တော်မြတ် ကလည်း သူ ဒီတောက်တီးတောက်တဲ့နဲ့ ဝက္ကလိဆိုတဲ့ ရဟန်းဟာ တကယ် ဂိဇ္ဈကုဋ်တောင်စောင်းကမျှားနေပြီး ခုန်ချလိုက်မှဖြင့် ဒုက္ခများရချည်ရဲ့ဆိုပြီး အဲဒီသူခုန်ချမဲ့ နေရာသွားပြီးတော့ ဘုရားရှင်က နှုတ်ခွန်း ဆက်ရတာ ဟုတ်ကလား။

တင်ပါဘုရား။

နှုတ်ခွန်းဆက်တော့မှ ဝက္ကလိရဲ့ စိတ်ဟာ ဘယ်လို ဖြစ်သွားသလဲ တည်ငြိမ်သွားတယ်။

တင်ပါဘုရား။

အဲဒီလို တည်ငြိမ်သွားတဲ့ အခါကျတော့မှ သူ့ရဲ့ လောဘ ဒေါသ မောဟ တရားတွေ ကိလေသာ တရားတွေ ကုန်ခန်းခြင်းသို့ရောက်သွားတယ်။

အဲဒီလိုဘဲ ဘုရားရှင်က ပုဂ္ဂိုလ်စွဲ ဆိုတဲ့ သဘောကို အလိုမရှိဘူး ဦးပဉ္ဇင်းတို့ ဘုရားရှင်က ဒိပြင်ဘုရားတွေနဲ့ မတူဘူး။

ဒိပြင်ဘုရားတွေကတော့ ငါပြောတာယုံကြ ငါပြောတာလိုက်နာကြ ငါသည် မင်းတို့ကို ကယ်တင်မယ်။ အဲဒီလို ဆရာစွဲမျိုးနဲ့ စွဲအောင်လုပ် ထားတယ်။ ဒီနံပါတ် ၁၀ က အဲဒီကိုယ့်ဆရာပုဂ္ဂိုလ်က ပြောခြင်းကြောင့် မှန်တယ်ဆိုတဲ့ သဘာဝကို ငါ့ချစ်သား ကာလာမများ မယုံကြနဲ့ အဲဒီလို မင်းတို့

ဆရာစွဲနဲ့ ယုံကြည်ရင် အမှန်မရောက်နိုင်ဘူး အဲဒါကြောင့် အစွဲမှန်သမျှ အကုန်ဖြုတ်လိုက်လို့ ဗုဒ္ဓကဆိုလိုတယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

လူတွေမှာ စွဲပြီးနေကြတာက အယူစွဲရှိတယ်၊ ဘာသာစွဲရှိတယ် စာစွဲရှိတယ် ဆရာစွဲရှိတယ် ဒေသစွဲရှိတယ်ဆွေစွဲ မျိုးစွဲ မိဘစွဲ ရိုးရာစွဲကစပြီးတော့ အဲဒီအစွဲတွေဟာ လူသားတိုင်းမှာ ရှိနေကြတော့ ပယ်ဖို့ရန် ဖျက်ရန် အင်မတန်ခက်ခဲတဲ့ အစွဲတွေဘဲ။

အဲဒီအစွဲတွေကို တစ်နေ့ပြီးတစ်နေ့ တစ်ခုပြီးတစ်ခု ဖြုတ်ဖြုတ်ပြီးတော့ ပစ်လိုက်နိုင်မှသာလျှင် ဂေါတမဘုရားရှင်ရဲ့ သဘောကျဖြစ်ပေလိမ့်မယ်။

ဦးပဥ္စင်းတို့ အစွဲအမျိုးမျိုးကို အခုကာလာမမင်းသားတို့ကို ဟောကြားတဲ့ နေရာကျတော့ကာ ဘုရားရှင်ကိုယ်တော်မြတ်က နောက်ဆုံးပိတ် ဘာနဲ့နိဂုံးချုပ်လိုက်သလဲလို့ အဲဒီ အနုဿဝဆိုတဲ့ တဆင့်စကား တဆင့်ကြား ကစပြီးတော့ ဆရာစွဲ သမားစွဲအထိ အစွဲ ၁၀ ချက်ကို ပယ်ဖျက်ပြီးလျှင် သင်ချစ်သားကာလာမတို့သည် အဲဒီကြားကြားသမျှ တရားတွေရဲ့ အဆီအနှစ်ကို ညှစ်ထုတ်ပြီး နားလည်သိနေကြရန်သာမဟုတ်ဘဲနဲ့ အဲဒီကြားတဲ့ တရားတွေအတိုင်း ကျင့်ကြံကျိုးကုတ်လက်တွေ့ လုပ်ကြည့်ရမယ်တဲ့။

အဲဒီလိုလက်တွေ့ လုပ်ကြည့်တဲ့အခါကျတော့ကာ အဲဒီဆရာကပြောတဲ့ အတိုင်း အဲဒီစာထဲမှာ တွေ့သည့်အတိုင်း လောဘ ဒေါသ မောဟ အစရှိသော ကိလေသာတရားအကုသိုလ်တရာတွေ ခေါင်းပါးမှု ဖြစ်မဖြစ်ကိုကြည့်ရမယ်။ ဆင်ခြင်ရမယ်။ အဲဒါဦးဘမောင်တို့ ကိုယ်တိုင်ဆုံးဖြတ်ရမည့် ကိစ္စတွေဘဲ မဟုတ်လားလို့။

ဘုရားကလည်း ဦးဘမောင်ကိုဘဲ တာဝန်ပေးခဲ့တာဘဲမဟုတ်လား။

မှန်ပါဘုရား။

ဒီတော့ တရားဟောဘုန်းကြီးက သူဟောချင်တာဟောပေ့ါ အဲဒီဟောချင်တာတွေ ဟောသွားပြီးတဲ့နောက် ဦးဘမောင်တို့လုပ်ငန်းကဘာကျန်တလဲ ဆိုတော့ သည်ဟောတဲ့အတိုင်းလုပ်ကြည့်ကြဘို့ပဲ။

ဦးဘမောင်တို့ရဲ့တာဝန်အရ ဒီလိုလုပ်ကြည့်တဲ့အခါမှာ သူဟောတဲ့အတိုင်း သူညွှန်တဲ့အတိုင်း မဖြစ်ရင် ဒါမမှန်ဘူးလို့ ဆိုပြီးပယ်ဖျက်ဖို့ တာဝန်ကလည်း ဘယ်သူ့တာဝန်လည်း ဦးဘမောင်တို့တာဝန်ဘဲမဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

အဲ ပယ်ပျက်ဖို့ကလည်း ဦးဘမောင်တို့ရဲ့တာဝန် လိုက်နာကျင့်သုံးဖို့ကလည်း ဦးဘမောင်တို့ရဲ့တာဝန်အဲဒီတာဝန်ကို ဦးပဥ္စင်းတို့က ဝင်ပြီးတော့ မဖြည့်စွမ်းနိုင်ဘူး ဟုတ်ကဲ့လား။

တင်ပါဘုရား။

ဦးပဥ္စင်းတို့တတ်နိုင်တာကဘာလည်း ဒီကျမ်းစာပေထဲမှာ ပါတဲ့အတိုင်း ဦးပဥ္စင်းတို့က ဘုရား၏ဒေသနာတော်ကို တစ်ဆင့် ဖောက်သည်ချတဲ့အနေဖြင့် ဟောပြရုံသာရှိတာ။

အဲဒီဟောပြောပြသတဲ့အတိုင်း လက်တွေ့ကျင့်သုံးဆောက်တည်ပြီး မှားတာနှင့်မှန်တာကို ဆုံးဖြတ်ဖို့တာဝန်က တကာကြီးတွေတကာမကြီးတွေရဲ့ တာဝန်ဘဲ။

ဒါကြောင့် ဘုရားက အရမ်းယုံရယ်၊ အကမ်းရုံရယ် အကမ်းယုံဆိုတာက မျက်စိမမြင်တဲ့လူဟာ သူများပြောတာအကုန်လုံးယုံနေရတယ်မဟုတ်လား။

အဲ သူများဖြူတယ်ဆိုလည်း ဖြူလိုက်ရတာဘဲ မဲတယ်ဆိုလည်းမဲလိုက်ရတာဘဲ သူ့မျက်စိနှင့် မမြင်ဘဲကိုး အဲဒီလိုယုံကြည်နည်း ယုံကြည်ပုံမျိုးကိုတော့ ဗုဒ္ဓဂေါတမဘုရားရှင်ကိုတော်မြတ်က မလိုလားပါဘူး ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အရမ်းယုံ၊ အကမ်းယုံ ဆိုတဲ့ ယုံကြည်နည်းမျိုးနှစ်ခုကို မင်းတို့ ပယ်ဖျက်ကြတဲ့။

အရေးကြီးတဲ့ ကိစ္စကဘာလည်းဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ် နံပါတ် (၁)အနေအားဖြင့် ပထမဦးဆုံးဟောပစ်ခဲ့တဲ့ သစ္စာလေးပါးတရားပဲ။

အဲဒီ သစ္စာလေးပါးတရားဟာ လူတိုင်းလူတိုင်းကျင့်သုံးနိုင်တယ်။ လူတိုင်း လူတိုင်းနဲ့ သက်ဆိုင်တယ်။ လူတိုင်း လူတိုင်း၏ လက်ထဲမှာ မှတ်ကျောက်သဖွယ်ဖြစ်တယ် ဘယ်ကိုဘဲသွားသွား အဲဒီ မှတ်ကျောက်ကလေး ပါတဲ့သူဟာ ရွှေဝယ်တဲ့အခါကျရင် မမှားနိုင်တော့ဘူးမဟုတ်ဘူးလား။

မှန်ပါတယ်ဘုရား။

အဲဒီတော့ ဒီလို မမှားနိုင်တဲ့ ဒုက္ခ၊ သမုဒယ၊ နိရောဒ၊ မဂ္ဂဆိုတဲ့ ဒီသစ္စာလေးပါးကို ကြပ်ကြပ်သတိထားကြ၊ ကြပ်ကြပ်အာရုံပြုကြ။

အဲဒီ သစ္စာလေးပါးနှင့် ကိုက်မကိုက်ကို ဆင်ခြင်သုံးသပ်ရမယ်။ ဘယ်တရားကိုလည်း နာလာလာ၊ အဲဒီသစ္စာလေးပါးနှင့် တိုက်ကြည့်လိုက်လို့မှ မကိုက်ရင်မမှန်သေးဘူး။ မဟန်သေးဘူးဟုတ်ကဲ့လား။

မှန်ပါဘုရား။

သမ္မာဒိဋ္ဌိဆိုတာ သစ္စာလေးပါးထဲမှာပါတယ်မဟုတ်လား။ အဲဒီ သမ္မာဒိဋ္ဌိဟာ ဦးပဥ္ဇင်းတို့ မနေ့ညကစပြီး ဟောခဲ့တဲ့ ကေသ မုတ္တိသုတ် တစ်သုတ်လုံး သဗ္ဗနာမ်ပေါင်းပြီး ပြန်သိပ်ပြီးတော့ စုချလိုက်ရင် သမ္မာဒိဋ္ဌိမဂ္ဂင်ထဲ အကုန်ဝင် မသွားဘူးလား ဦးဘမောင်။

ဝင်သွားပါတယ်ဘုရား။

အဲဒါ သမ္မာဒိဋ္ဌိမဂ္ဂင်ထဲ ဝင်တဲ့ အတွက် မြင်မှန်ရှိတဲ့ပုဂ္ဂိုလ်ဟာ . . .

အခု ကာလာမမင်းသားတို့ကို ဘုရားရှင် ကိုယ်တော်မြတ် ဟောပြတဲ့ (၁၀)ချက်သောအစွဲတို့ကို စွဲပါဦးမလား။

မစွဲတော့ပါဘုရား။

အဲ မစွဲရင်ဘာဖြစ်သလဲ သမ္မာဒိဋ္ဌိဖြစ်မယ်။ ဒီကာလာမသုတ်မှာ လာတဲ့အတိုင်း အစွဲတွေကို တိုက်ပြီးတော့ ချလိုက်ရင် အင်မတန်ရှင်းတဲ့ သမ္မာဒိဋ္ဌိဖြစ်မသွားဘူးလား။

ဖြစ်ပါတယ်ဘုရား။၊

ဟိုတုန်းကတော့ အစွဲတွေကို ကြုံဖန်တောင်ဟောနေရသေးတယ်။ အခုတော့ အစွဲတွေက ၁၀-ခုတောင်တွေ့နေရတော့ကာအဲဒီအစွဲတွေကို ဦးပဥ္ဇင်းတို့က တစ်ခုပြီးတစ်ခု ထုခြေခွဲပစ်နိုင်မှသာလျှင် မိမိတို့ရည်မှန်းကြတဲ့ ကိလေသာကုန်ခန်းပြီး အေးချမ်းတဲ့ သန္တိသုခကို ရမယ်လို့ ကျေနပ်မှန်ယူနိုင်တယ်။

အဲဒီတော့ ဘုရားရှင်၏ ရည်မှန်းချက်ပန်းတိုင်က ဘာလဲ သန္တိသုခ ငြိမ်းချမ်းရေး။

အဲ ဒီငြိမ်းချမ်းရေးဆိုတာက ကာယ နေဟုဆိုအပ်သော ကိုယ်စိတ်နှစ်ရပ်လုံးမှာ အေးငြိမ်းမှု ချမ်းသာမှု သက်သာမှု အခုပြောတဲ့ ၁၀-ခုသော အစွဲတွေ ပြုတ်နေတဲ့ လူသားတစ်ယောက်ဟာ အေးငြိမ်းမှု သန္တိသုခကို လက်ငင်းမရ နိုင်ဘူးလား ဦးဘမောင်။

ရနိုင်ပါတယ်ဘုရား။

ရဘို့က အလွယ်ကလေးရယ် သူ့မှာ ဆုတောင်းနေစရာလိုသေးသလား။

မလိုပါဘူးဘုရား။

အဲဒီတော့ သန္တိသုခဟာ ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင်များအတွက် အရေးကြီးဆုံးသုခပဲ။

တင်ပါဘုရား။

အဲ သန္တိသုခဟာ ဘာလဲဆိုတော့ကာ အကျယ်ချဲ့ပြီးတော့ ပြောမယ်ဆိုရင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ အစရှိသော ဘေးဒုက္ခအားလုံးတို့၏ ကုန်ရာငြိမ်းရာလို့ ဒီလိုဆိုတယ်မဟုတ်လား။

မှန်ပါ။

အေးငြိမ်းမှုဆိုတာ ခန္ဓာကိုယ်ကြီးတည်မြဲနေသမျှ ကာလပတ်လုံး ဒီသန္တိသုခဆိုတာ မရနိုင်ဘူးလား။

ရနိုင်ပါတယ်ဘုရား။

အဲ သန္တိသုခရနိုင်သည်ဖြစ်သောကြောင့် အရှင်လတ်လတ်နဲ့ ရမယ့် သန္တိသုခနှင့် သေပြီးမှ ရမဲ့ သန္တိသုခဆိုနဲ့ ၂-မျိုးကို တကာကြီးဦးဘမောင်ကို တကယ်လို့ အခုနေအခါ တစ်စုံတစ်ယောက်သောသူက လာပေးခဲ့ရင် ဘယ်သန္တိသုခကိုယူမလဲ။

ရှင်တဲ့ သန္တိသုခယူပါမယ်ဘုရား။

အဲအရှင်လပ်လပ်ခံစားရမဲ့ သန္တိသုခကိုသာလျှင် တကာကြီးတွေ တကာမကြီးတွေ လိုချင်ကြတာမဟုတ်လား။

မှန်ပါဘုရား။

ဟိုသင်္ချိုင်းကုန်းဟိုလက်ရောက်မှ ဘာဖြစ်လိမ့်မယ်။ ဘာဖြစ်လိမ့်မယ်လို့ ဦးဘမောင်ယုံနိုင်သေးသလား။

မယုံနိုင်တော့ပါဘူးဘုရား။

အရေးကြီးတာက အဲဒါဘဲ အခု ကာလာမမင်းသားတို့ကို ဟောပစ်ခဲ့တဲ့ အစွဲ ၁၀-ချက်ဆိုတာလဲ ပယ်ဖျက်ဖို့ဘဲ ဒီအစွဲ ၁၀-ချက်မျှမကဘဲနဲ့ ဒို့တကာကြီးတွေ တကာမကြီးတွေမှာ စွဲနေတာတွေ အများကြီးရှိနေသေး တယ်မဟုတ်လား။

မှန်ပါရှိပါတယ်ဘုရား။

အဲအများကြီးရှိတယ်၊ ဗမာလူမျိုးကလည်း ဗမာလူမျိုးအစွဲနဲ့ ကုလားလူမျိုးကလည်း ကုလားလူမျိုးအစွဲနဲ့ အဲဒီအစွဲတွေကို ဘာလုပ်ရမှာလဲလို့ ဆိုတော့ ယုယုယယထွေးပိုက်ပြီးတော့ ထားဘို့ အစွဲတွေမဟုတ်ဘူး။ အကုန်လုံး စွန့်ခွာပြီးတော့ ဖျက်ပစ်လိုက်ဖို့အစွဲတွေ။

အစွဲတွေရှိနေသမျှ ကာလာပတ်လုံး အေးငြိမ်းတဲ့ သန္တိသုခကို ဘယ်တော့မှ မရနိုင်ဘူး ဟုတ်ပလား။

တင်ပါဘုရား။

အဲဒီအစွဲက ဘာကိုဖြစ်စေတတ်သလဲဆိုတော့ အေးငြိမ်းမှုကိုမဖြစ်စေဘဲနဲ့ သတ္တဝါတို့ကို ပူပန်မှုတွေချည်းဘဲ ဖြစ်စေတတ်တယ်ဆိုတာ သဘောပေါက် ထားရမယ်။

မှန်ပါဘုရား။

အဲဒီတော့ စွဲတာနဲ့ မစွဲတာ အင်မတန်ကွာခြားတယ် သားတစ်ယောက် သမီးတစ်ယောက်ကိုယ့်မှာရှိတယ်။ အဲဒီသားနဲ့ သမီးကိုစွဲတယ်။ အဲဒီသားလေး နေမကောင်းရင် ကိုယ့်ကို အပူကူးတယ် ဟုတ်ကလား။

မှန်ပါဘုရား။

အဲဒီသမီးကလေးသေသွားရင် ကိုယ့်ကို ဒုက္ခကူးတယ်။ အဲဒါဘာကြောင့်လဲ အစွဲနာလို့ အစွဲမနာတဲ့ လူသေတာကြတော့ မပူဘူး လောကကြီးမှာ တစ်နေ့နေ့သေနေတဲ့လူတွေဟာ ဘယ်လောက်များမလဲ။

အများကြီးပါဘုရား။

ရန်ကုန်မြို့မှာ သေနေတာတွေ ကြံတောသင်္ချိုင်းတို့ဘာတို့ သွားနေကြတာတွေ နေ့စဉ်မပြတ်ဘူး။

ဒါပေမယ့် တကာကြီးဦးဘမောင်စိတ်ထဲ ဘာများဖြစ်သလဲ ဘာမှမဖြစ်ဘူး။ ဒေးဒရဲမြို့ထဲမှာလဲ သေ သေသွားတဲ့လူတွေ အများကြီးဘဲ မဟုတ်လား။

တင်ပါ့ဘုရား။

အဲဒါဘာမှမဖြစ်ဘူး ဦးဘမောင် သို့ရာတွင် ကိုယ့်အိမ်ပေါ်သို့ ရောက်လာတဲ့အခါကျတော့ ဘယ်နှယ်ဖြစ်လာသလဲ တစ်မျိုးဖြစ်လာတယ်။

တင်ပါ့ဘုရား။

အဲဒါဘာလဲ အစွဲလေးကြောင့်ဘဲ ဒီတော့ ဒို့တတွေမှာရှိတဲ့ အစွဲတွေဟာ ဒို့ကိုသန္တိသုခပေးသလား မပေးဘူးလား တွက်ကြည့် သန္တိသုခပေးရင်စွဲတာပေါ့၊ အဲ အစွဲမှန်သမျှ ဘုရားကဘာပြောသလဲဆိုတော့ အစွဲမှန်သမျှဟာ မင်းတို့ကို သန္တိသုခမပေးဘူးတဲ့၊ အင်မတန်ပူပန်တဲ့သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ တွေကို ဖြစ်စေတတ်တယ်တဲ့ ဟုတ်လား ဦးဘမောင်။

မှန်ပါ။

သည်တော့ ဦးပဥ္စင်းတို့လူသားလူက ဘာလုပ်ရမဲဆိုတော့ အဲဒီ ကိုယ်တိုင်လိုချင်တဲ့ သန္တိသုခစည်းစိမ်ချမ်းသာအေးမြသော သုခမဂ်လာကို တကယ် လိုလားတောင့်တတယ်။

အဲဒီလို လိုလားတောင့်တတဲ့အတိုင်း အခုတကာကြီး ဦးဘမောင်တို့မှာ ကိုယ်ရောစိတ်ရော မအားရအောင် မနေမနား ကြိုးစားအားထုတ်ရတယ်။

အဲဒီလို အားထုတ်သည့်အတွက် ကိုယ်လိုချင်သော သန္တိသုခကို ရ,မရ ဆိုတာကို ဘေးကလူတစ်ယောက်ကလာပြီး ဆုံးဖြတ်ပေးလို့ရနိုင်ပါ့မလား ဦးဘမောင်။

မရပါဘုရား။

မရဘူး အဲဒါကြောင့် ဦးဘမောင်ကိုယ်တိုင် ကိုယ်စွဲနေတဲ့အစွဲတွေဟာ လွဲနေတယ် မှားနေတယ် ဆိုတာကို မြင်အောင်ကြည့်ပြီးတော့ အဲဒီဟာ ဖြုတ်လိုက်ရင် သန္တိသုခဟာ ရုတ်တရက် ဝင်ပြီးတော့ ဦးဘမောင်၏ ခန္ဓာကိုယ်၌ ကိန်းအောင်းနေလိမ့်မယ်ဆိုတာကို ယုံကြည်ရဲ့လား။

ယုံကြည်ပါတယ်ဘုရား။

အဲဒီလို ယုံကြည်မှုရှိရင် ဘုရားကဘာပြောသလဲ ဒီအစွဲတွေဖြုတ်ပြီး တော့ ဘာလုပ်ရမလဲတဲ့၊ မင်းတို့နဲ့ သုခချမ်းသာကို လိုလားတဲ့အတိုင်း မင်းတို့ ကိုယ်တိုင် ရမရကို မင်းတို့ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်ပြီးတော့ကြည့်၍ မင်းတို့ သုခလိုလားတဲ့အတိုင်း ရလာတယ်ဆိုရင် မင်းတို့အဲဒီလမ်းကို လိုက်ကြတော့တဲ့။ အဲဒီတရားကို မင်းတို့ကျင့်သုံးဆောက်တည်ကြတော့တဲ့။

အဲဒီလို ကာလာမမင်းသားတို့ကို ဘုရားရှင်က နောက်ပိတ်ဆုံး ဆုံးမတော်မူလိုက်တာ ဟုတ်လား။

မှန်ပါ့ဘုရား။

အဲဒီ ဆုံးမတော်မူလိုက်တဲ့အတိုင်း အခုဦးဘမောင်တို့ ဒေးဒရဲက တကာကြီးတွေ တကာမကြီးတွေလဲဘဲ ဘုရားရှင်ကိုယ်တော်မြတ်က ကာလမ မင်းသားတို့ကို မှာကြားတဲ့အတိုင်း အခုဟောပြောပြခဲ့ပြီးတဲ့အစွဲ (၁၀) ချက်ကို အကုန်ဖြုတ်ပြီးသကာလ မိမိတို့ကျမ်းစာ ပေထုတ်တွေထဲမှာ တွေ့သမျှတရား ကျင့်ကြံစရာ အားထုတ်စရာတရားများကို ကိုယ်ထိလက်ရောက် ကျကျနန ကျင့်ကြံကြိုးကုတ် အားထုတ်စမ်းသပ်ခြင်းဖြင့် မိမိတို့လိုလားတဲ့သန္တိသုခ အစစ်ကို တကယ်ရနိုင်၊ မရနိုင် ပိုင်ပိုင်နိုင်နိုင်ကြီး ဆုံးဖြတ်မဲ့တရားသူကြီးဟာ ဦးဘမောင်ကိုယ်တိုင်ဖြစ်တာလို့နားလည်သွားပြီ မဟုတ်လား။

နားလည်ပါပြီ ဘုရား။

အဲ နားလည်သွားရင် တကာမကြီးတွေလဲ ဒီအတိုင်းဘဲ ကိုယ်ချမ်းသာဖို့ အတွက် လူများတကာလာပြီးတော့မပေးနိုင်ဘူး။

အဲ အိုက်တဲ့အခါကျရင်ဖြင့် သူများတကာက ယပ်ခပ်ပေးနိုင်တယ်၊ အဲဒါလေးဘဲ ဖြစ်စရာရှိရဲ့ ဟုတ်ကဲ့လား။

မှန်ပါ့ဘုရား။

အဲ ကာယိက သုခ၊ စေတသိက သုခဆိုတဲ့ ကိုယ်နဲ့စိတ် (၂)ခုလုံးတို့၌ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ အထွတ်အထိပ် အလိုလားဆုံးဖြစ်တဲ့ သန္တိသုခဆိုတာကျတော့ မိမိကိုယ်တိုင် မိမိကိုယ်ပိုင် အလုပ် လုပ်ယူမှ ရတယ်ဆိုတာကို သေသေချာချာသဘောပေါက်ကြရင် ဘုရားရှင်ကိုယ်တော်မြတ်တရားတော်ကို နာရကျိုး၊ ဘုရားရှင်ကိုယ်တော်မြတ်၏ သာသနာတော်နှင့် တွေ့ကြုံရကျိုး။

အဲဒီလို မိမိတို့ဆရာသမားအဖြစ်နဲ့ သံဃာတော်အရှင်မြတ်တွေကို ကိုးကွယ်ရကျိုး၊ အဲဒီလိုယခုအချိန်အခါမျိုးတွင် တရားတော်တွေကို ကြားနာမှတ်သားခွင့်ရတဲ့ သဒ္ဓမ္မဿဝန ဒုလ္လဘမျိုးကို ရရှိခြင်းသည် အင်မတန်မြင့်မြတ်တဲ့ လူ့ဘဝတန်ဖိုး အရှိဆုံးသော ကိစ္စတွေဘဲ ဖြစ်ပါတယ်။

အဲဒီကိစ္စတွေကို ငွေကုန်ကြေးကျမခံဘဲနှင့် သက်သက်သာသာ အင်မတန်အရေးကြီးတဲ့ ဒုက္ခကုန်ငြိမ်းရာ သန္တိသုခရရာ ရကြောင်းဖြစ်တဲ့ နည်းကောင်း လမ်းကောင်း တရားကောင်းတွေကို ကြားနာရခြင်းသည်ပင်လျှင် တကာကြီးများ၊ တကာမကြီးများနှင့်တကွ ဦးပဥ္စင်းတို့အားလုံးအတွက် အင်မတန်မြင့်မြတ်တဲ့ ဆုလာဘ်ကြီးတစ်ခုဘဲလို့ ကိုယ်တိုင်ကိုယ်ကျမှတ်ယူ ပြီးတော့ ကိုယ်တိုင် ကိုယ်ကျ ကျင့်ကြပါတဲ့ဘုရားက ဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

သည်တော့ ဦးပဥ္စင်းတို့ တရားပွဲမှာ အရေးကြီးတဲ့ကိစ္စက ဒါဘဲ၊ အစွဲကွာဖို့ ခါတိုင်းခါတိုင်းလဲ ဒီဒေးဒရဲရောက်လာတဲ့အခါ ဒီအစွဲကွာရေး တရားတွေ တော်တော်ဟောပြီးပါပြီ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီတော့ တချို့လူတွေမှာ ဘယ်နှယ်ဖြစ်သလဲဆိုတော့ အစွဲဆိုတာ ဟာ ဘယ်လောက်ပြင်းထန်ပြီးတော့ ဘယ်လောက် အခွာရခက်တယ်ဆိုတာကို ဦးပဥ္စင်းတို့တရားဟောတဲ့ဘုန်းကြီးက ပြောလို့မဖြစ်ဘူး ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ဘာပြုလို့လဲဆိုတော့ ကိုယ့်ကိုယ်တိုင် အစွဲတွေနဲ့နေကြတဲ့ ဦးဘမောင် တို့ ကိုယ်တိုင်သာလျှင် ဘယ်လောက်ပြင်းထန်တယ် ဘယ်လောက်ကပ်၍ ဘယ် လောက်စွဲတယ် မြဲတယ်ဆိုတာကို ဦးဘမောင်ကိုယ်တိုင်သိမယ်မဟုတ်လား။

မှန်ပါသိပါတယ်ဘုရား။

အဲ သိပေါ့ အဲဒီလိုကိုယ်တိုင်သိရမယ်၊ ဦးပဥ္စင်းတို့ကျတော့ ဘာဖြစ် သလဲ သူမှာစွဲစရာမရှိလို့ ထင်ရာတွေရှောက်ပြောနေတာ ဒီလိုအောက်မေ့ချင် အောက်မေ့မယ် ဟုတ်ကဲ့လား။

တင့်ပ့ါဘုရား။

ကိုယ်ကလည်း ဘာမှစွဲစရာမရှိဘဲဟာကိုး၊ ဒါပေမယ့်လို့ ဦးဘမောင်တို့ ကျတော့ အိုးနဲ့အိမ်နဲ့ သားနဲ့သမီးနဲ့ ခြွေရံသင်းပင်းနဲ့ စည်းစိမ်ဥစ္စာရတနာတွေ နဲ့ အဲဒီတော့ အပြစ်ဖို့ အစွဲတွေက အများကြီးရှိသေးတယ်မဟုတ်လား။

မှန်ပါဘုရား။

ဦးပဥ္စင်းတို့ကျတော့ အဲဒါတွေက ဘယ်လိုဖြစ်နေသလဲဆိုတော့ အလို အလျောက် ကွာကျနေတယ် ဘုရားကဒါတွေကို မသုံးရဘူးဆိုကတဲက ဒါတွေကို ပစ်ပယ်လာခဲ့တာ ဒါပေမယ့် အစွဲကျန်တန်သလောက် ကျန်နေသေးတာဘဲ အကုန်လုံး မခွာနိုင်သေးဘူး။

ဦးပဥ္စင်းတို့မှာလဲ အစွဲမရှိဘူးလို့တော့ မအောက်မေ့ကြနဲ့ အနည်းနဲ့ အများ ရှိသေးတာဘဲ၊ တကာကြီးတွေ တကာမကြီးတွေဆီက လက်ပြောင်းပေး လိုက်တဲ့အစွဲဘဲ၊ အဲကျောင်းဝိုင်းထဲကိုလာပြီးတော့ ကျောင်းလေးတစ်ဆောင် ဆောက်ပြီး လှူပစ်ခဲ့တယ်ဆိုပါတော့၊ အဲဒီကိုယ်တော်မှာ အခက်ကြုံလာပြီ၊ အဲဒါ ကလေးကိုတခါသွားပြီးတော့စွဲပြန်တယ်၊ ကိုယ်ကိုယ်တိုင် ကလဲဆောက်တာ

မဟုတ်ဘူး၊ သူများတကာ ရေစက်ချပြီးတော့ လွှဲပစ်ခဲ့တာနဲ့ အဲဒီဘုန်းကြီးက အဲဒီဟာလေးကိုသွားပြီး စွဲရပြန်တယ်။

ဒီတော့ ဦးပဥ္စင်းတို့က အစွဲကမခွဲနိုင်၊ မခွာရက်လောက်အောင်စွဲတဲ့၊ ပြင်းထန်တဲ့အစွဲမဟုတ်ဘူးလို့ ဆိုနိုင်ပါရဲ့၊ သို့ပေမယ့်လို့စွဲတော့စွဲကြတာဘဲလေ၊ မယုံအဲဒီ ဇရပ်ကလေး ခဲနဲ့ပေါက်ကြည့်ပါလား။

အဲဒီလို အစွဲကလေးတွေဟာ တဖြည်းဖြည်းများလာတဲ့အခါ ကျတော့ အင်မတန်ပြင်းထန်တဲ့ အစွဲကြီးတွေ ဖြစ်လာနိုင်တယ်။

အဲဒီလို အစွဲကြီးတွေဖြစ်လာရင်ကိုယ်ကျင့်ကြံ ကျိုးကုတ် အားထုတ်နေတဲ့ အလုပ်က ဥပါဒါန် အစွဲတွေ အကုန်ပြုတ်ပြီးတော့ သန္တိသုခ ရဖို့၊ ကိုယ်လုပ် နေ တာက အစွဲတွေ တိုးပွားဖို့ ဖြစ်မနေတော့ပါကလား။

အဲဒီလို ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်လွဲပြီးတော့နေတဲ့ ကိစ္စတွေ အများကြီးတွေ့ရတဲ့အတွက် တကာကြီးတို့၊ ဦးဘမောင်တို့ လူစုမှာ အဲဒီလို တွဲလွဲပြီးမဖြစ်အောင် ကိုယ်လိုချင်တဲ့ သန္တိသုခကို တကယ်စစ်စစ်ရနိုင်တဲ့နည်းကတော့ အဲမနေ့ကစပြီး ယနေ့ထိ ကြားနာလာခဲ့တဲ့ ကာလာမမင်းသားများအား ဘုရားကဟောခဲ့တဲ့ အဲဒီ(၁၀)ချက်သော အစွဲတရားတွေကို ဘာတစ်ခုချန်မထားဘဲနှင့် အမှန်တရားကို လက်တွေ့ကိုယ်တိုင် ကျင့်သုံးဆောက်တည်မှု သာလျှင် ဒို့လူတွေရဲ့ပဓာနလုပ်ငန်းဘဲလို့ မှတ်ယူကြပါ။

မှန်ပါဘုရား။

ဒီတော့ ဒီအစွဲ(၁၀)ခု ဖြုတ်လိုက်ရင် ဘာလုပ်ဖို့ကျန်တော့လဲ၊ သစ္စာလေးပါးကို လိုက်နာကျင့်သုံးဖို့ဘဲ ကျန်တော့တယ်၊ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

သစ္စာလေးပါး ဆိုတာက စွဲနေဖို့ လိုသလား။

မလိုပါဘူးဘုရား။

အဲစွဲနေဖို့ မလိုဘူး၊ ဒုက္ခဆိုတာ တကာကြီး ဦးဘမောင် စွဲချင်စွဲ မစွဲချင်နေ ဒုက္ခဟာ ဒုက္ခဘဲ ဒီလိုမဟုတ်လား။

တင်ပါဘုရား။

အဲဒုက္ခဘဲ ဒုက္ခဘဲစွဲနေလို့ သုခဖြစ်နေလို့ ဟုတ်ပြီပေါ့။တကာကြီးက မစွဲလဲ ဒုက္ခဟာ ဒုက္ခဘဲ စွဲလဲဒုက္ခဘဲ မစွဲလဲဒုက္ခဘဲ ဒုက္ခအတိုင်းပါဘဲ၊ အဲဒီတော့

တကာကြီးဦးဘမောင်က ဒီဒုက္ခကိုမစွဲဘူး၊ အင်မတန်မုန်းတယ်၊အင်မတန် ရွံရှာတယ်၊အင်မတန် စက်ဆုပ်တယ် အိမ်ပေါ်ကို အတက်မခံချင်ဘူးဆိုတဲ့ ဒီဒုက္ခဟာ တကာကြီးဦးဘမောင်မှာ သမုဒယကလေး ရှိသမျှ ရှိနေမှာဘဲ မဟုတ်လား မနေဘူး၊ အိမ်ပေါ်ရောက်ရောက်လာတယ် ဟုတ်ကလား။

မှန်ပါဘုရား။

အဲဒီတော့ ဒီလောက်မှန်တဲ့တရားကို ကိုယ်ကသိထားရမယ် သိထားတော့ကား ဒီဒုက္ခကိုစွဲခြင်း မစွဲခြင်း ချစ်ခြင်း မုန်းခြင်းတို့ဟာ အပိုဘဲ လုပ်ရမှာကဘာလဲ အဲဒီသမုဒယကို ဖြုတ်ကမယ် သမုဒယကို ဖြုတ်လိုက်ယင် ဦးဘမောင်က အဲဒီဒုက္ခကို ဘယ်လောက်လိုချင်လိုချင် လာပါအုံးမလား မလာတော့ဘူး။

အဲဒီသမုဒယ မဖြုတ်ရင် သမုဒယကိုတင်ထားလေလေ ဒုက္ခတွေ တိုးတက်လာလေလေ ပွားများလေလေ ဒီလိုမဖြစ်ဘူးလား။

အဲဒီတော့ ဘုရားက အဲဒီသစ္စာလေးပါကျတော့ အနာနဲ့ဆေးနဲ့တည့်အောင် ပေးသွားတယ်မဟုတ်လား။

မှန်ပါဘုရား။

အဲဒီလို တည့်အောင်ပေးသွားတဲ့အတွက် တကာကြီး ဦးဘမောင် လက်ထဲမှာ ဆေးနည်းလည်းရှိတယ်ဟုတ်လား။

မှန်ပါဘုရား။

အနာရောဂါပျောက်ဖို့ ဆေးကောင်းလည်းရှိတယ် အဲဒါအပြင် အနာရောဂါတိုးဖို့ အညွှော်တွေလည်း လက်တစ်ဖက်ကကိုင်လို့ရှိတယ် ကဲဒီတော့ အဲဒီနည်းတွေထဲက ကြိုက်တာကို သုံးချင်ရာသုံးပေါ့။

တကာကြီး ဦးဘမောင် ကိုယ့်ကိုယ်ကိုသနားယင် အဲဒီဒုက္ခတွေပျောက်တဲ့ သမုဒယ ကိုသတ်တဲ့ဆေးကို သုံးပါတဲ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲကိုယ်ကိုယ်ကို မသနားဘူးဆိုယင် ဒုက္ခတွေကို တိုးပွားရာ တိုးပွားကြောင်း ကြီးပွားရာ ကြီးပွားကြောင်းဖြစ်တဲ့ဆေးကို သုံးလိုက်ပေတော့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒါကြောင့် ကိုယ့်မှာရှိတဲ့ ဒုက္ခပျောက်ကင်းရာပျောက်ကင်းကြောင်းဖြစ်တဲ့ သမုဒယ သတ်နည်းကား ဆေးကအလွယ်ကလေးပါ၊ ဘာမှများတာမဟုတ်ဘူး၊ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီ သမုဒယ သတ်ဖို့ရန်အတွက် ဤကေသမုတ္တိသုတ်ကို ဟောတဲ့အထဲက (၁၀)ချက် သော အစွဲတို့ကို မဂ္ဂင်ရှစ်ပါးထဲ ပါတဲ့ သမ္မာဒိဋ္ဌိနဲ့တိုက်ချပြီး အမြင်မှန် ပေါက်လိုက်သည်နှင့်တစ်ပြိုင်နက် ဒီအစွဲတွေအကုန်မပျောက်ဘူးလား။

ပျောက်ပါတယ်ဘုရား။

အဲ ပျောက်တယ် အဲဒီသမ္မာဒိဋ္ဌိ အမြင်မှန်ရအောင် ကြိုးစားပြီးတော့ ကိုယ်ဟာကို အားထုတ်ပြကြစမ်းပါ မိမိကျင့်သုံးကြိုးကုတ်အားထုတ်ရမဲ့ကိစ္စက သမ္မာဒိဋ္ဌိအမြင်မှန်ပေါက်အောင်လုပ်ဖို့ပါဘဲ။

သမ္မာဒိဋ္ဌိမဂ္ဂင်ဟာ မည်မျှအရေးကြီးတယ်ဆိုတာကို ဦးပဉ္စင်းတို့က ကြည့်ရမယ် ကြည့်တဲ့အခါကျတော့ ဖွယ်ဖွယ်ရာရာ ဒိပြင်တရားတွေဟောပြီးလာခဲ့တယ် အစွဲ(၁၀)ချက်လည်း အင်မတန် ပစ်ပစ်ခါခါ လွှင့်ပစ်ရမယ်လို့ ဦးပဉ္စင်းတို့ဟောခဲ့တယ်။အဲဒီ အစွဲတွေဟာ ဒို့လူစုမှာ မရှိဘူးလား ရှိသလား၊ကိုယ်တိုင်မေးကြည့်ပါ၊ရှိနေယင် အဲဒီအစွဲကို ဘာနဲ့ဖြုတ်ရမလဲ၊ အဲဒီ သမ္မာဒိဋ္ဌိမဂ္ဂင်နဲ့ဘဲ ဖြုတ်ရမယ်။

သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတာက လည်းပဲ ကိုယ်ပိုင်ဉာဏ်နဲ့ဆင်ခြင်စဉ်းစားပြီးတော့ ဒါဒုက္ခလား ဒါသုခလား ဒါဒုက္ခ၏အကြောင်းလား ဒါသုခ၏အကြောင်းလား အဲဒီအချက်ကို သေသေချာချာ တွက်ကြည့်လိုက်ယင် ဒို့တကာကြီးတွေ ဒို့တကာမကြီးတွေ မမြင်နိုင်ဘူးလား ဦးဘမောင်။

မြင်နိုင်ပါတယ်ဘုရား။

ဆင်းရဲတစ်ခုတွေ့ယင် အဲဒိဆင်းရဲကို ညည်းနေလို့မဖြစ်ဘူး၊အဲဒိ ဆင်းရဲဟာ ဘာကြောင့်ဖြစ်သလဲ ဟောဒါလေးကိုမေးလိုက်ယင် ဒီဆင်းရဲဟာ နည်းနည်းတော့လက်ငင်းသက်သာသွားလိုက်မယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီဆင်းရဲသက်သာသွားယင် ဆင်းရဲတဲ့အကြောင်းကို ဦးဘမောင် တွေ့လိမ့်မယ် ပျော်ပျော်ပါးပါး ရွှင်ရွှင်လန်းလန်းနေလို့ တစ်နေ့လုံး ရယ်ကာပြုံး

ကာနှင့် အင်မတန်ပျော်မြူးစရာကောင်းတဲ့သုခလေးကို တွေ့ယင် ညကျတော့ စဉ်းစားကြည့်ပါ၊ ငါဒီသုခကို ဘာကြောင့်ရသလဲ အဲသလိုပြန်ကြည့်လိုက်ရင် အဲဒီသုခချမ်းသာဆိုတဲ့ ပျော်ရွှင်မှု ပြုံးရွှင်မှုတို့ကို ဖြစ်စေတတ်တဲ့အကြောင်းကို သွား၍ တွေ့လိမ့်မယ်။

အဲဒီအကြောင်းတရားဟာ မှန်သလား မမှန်ဘူးလား တခါပြန်တွက်ကြည့်၊ မမှန်တဲ့အဲဒီအကြောင်းနဲ့ ပျော်ရွှင်မြူးတူးမှုဖြစ်သလား မဖြစ်ဘူးလား ကြည့်ကြရမယ်။ ပမာအားဖြင့် လူတစ်ယောက်ဟာ ခိုးလာလို့ပစ္စည်းတွေအားကြီး ရလာတယ်၊ ပုလိပ်လက်ကလည်းလွတ်လာတယ်ဆိုရင် သူမှာဝမ်းမြောက်မှုရွှင်လန်းမှုမဖြစ်ဘူးလား ဦးဘမောင်။

ဖြစ်ပါတယ်ဘုရား။

အဲဒီ ဝမ်းမြောက်မှုရွှင်လန်းမှုဟာ ကောင်းသလားမကောင်းဘူးလား ဆိုတာ သူမစဉ်းစား အဲဒီတော့ ဒီပစ္စည်းရလာလို့သာ ဝမ်းမြောက်ရွှင်လန်းမှုဖြစ်တယ်ဆိုတော့ အဲဒီဝမ်းမြောက်ရွှင်လန်းမှုဟာ ကုသိုလ်ကြောင့်ဖြစ်သလား အကုသိုလ်ကြောင့်ဖြစ်သလား။

အကုသိုလ်ကြောင့်ဖြစ်ပါတယ်ဘုရား။

အကုသိုလ်ကြောင့်ဖြစ်တယ်ဆိုရင် အဲဒီရွှင်လန်းမှုဟာ ဟန်ပါ့မလား။

မဟန်ပါဘူးဘုရား။

မဟန်ဘူး၊ ပင်လယ်သွားငါးထောင်တဲ့လူတစ်ယောက်ဟာ ငါးတွေအများကြီးရရင် ဝမ်းသာတယ်မဟုတ်လား။

မှန်ပါ ဝမ်းသာပါတယ်ဘုရား။

အဲဒါ ပီတိသုခဖြစ်ပါ့မလား။

မဖြစ်ပါဘုရား။

အဲဒါ လောဘကြောင့်ဖြစ်တဲ့တရားတွေ ဒါကြောင့် သမ္မာဒိဋ္ဌိ ဆိုတာက ကိုယ့်မှာ ဖြစ်လာတဲ့ သုခ၊ ဒုက္ခတွေနဲ့ ပတ်သက်ပြီး အမြင်မှန်ဖို့လိုတယ်၊ အဲဒီ သုခ ဒုက္ခ (၂)မျိုးတို့ရဲ့ အကြောင်းမှန်ကို လိုက်လံစစ်ဆေးပြီး ကြည့်တတ်တဲ့ ဉာဏ်ပညာရဲ့ ဂုဏ်ကို သမ္မာဒိဋ္ဌိခေါ်တယ် ဟုတ်လား၊ ဦးဘမောင်။

မှန်ပါဘုရား။

ဒီတော့ ဦးပဥ္စင်းတို့နဲ့ ဘယ့်နယ်ဖြစ်နေသလဲဆိုတော့ ထီပေါက်တဲ့ လူတစ်ယောက်သွားမေးကြည့်ရင် နောကဘဝတုန်းက ပြုခဲ့တဲ့ ကုသိုလ်ကြောင့် တဲ့ တကထဲ သွက်သွက်လယ်ရောမဟုတ်လား။

တင်ပါဘုရား။

ယခုဘဝ ထီထိုးတာကို သူထည့်မတွက်ဘူးနော်၊ အဲ ထီထိုးတာကို ထည့်မတွက်ဘူး၊ အဲဒီမှ ပြဟ္မဏတို့ရဲ့ ကမ္ဘာသကတလမ်းစဉ်ဒေသနာကြီးက ဘယ်ခေတ်က အံချော်ပြီး ဒီဗုဒ္ဓဘာသာထဲ ရောက်လာသလဲ မသိတော့ဘူး၊ အဲဒီလို ဖြစ်ရတဲ့အတွက် ဘုရားကမဟုတ်ဘူး၊ မင်းတို့ကောင်းတာဘဲ ဖြစ်ဖြစ် ဆိုးတာဘဲဖြစ်ဖြစ် ကမ္ဘာလောကကြီးထဲမှာ ဖြစ်ဖြစ်သမျှ သင်္ခါရဓမ္မတွေဟာ အကြောင်းမရှိဘဲ ဘယ်တော့မှ မဖြစ်ဘူး၊ အဲဒီအကြောင်းကို မင်းတို့လိုက်နိုင်မှ အဲဒီအကြောင်းကိုမြင်မှ သမ္မာဒိဋ္ဌိဖြစ်မယ်လို့ ဦးပဥ္စင်းတို့ ဘုရားရှင်ကိုယ်တော် မြတ်က ဟောကြားခဲ့တယ်။

ရှင်အဿဇိနှင့် ရှင်သာရိပုတ္တရာအလောင်း ဥပတိဿတို့တွေ့တဲ့ အခါမှာ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿက မင်းတို့ဆရာဘုရားက ဘာဟောသလဲကွယ့် လို့မေးတယ်၊ အဲဒီလိုမေးတဲ့အခါကျတော့ ရှင်အဿဇိ မထေရ်က...

ယေဓမ္မာဟေတုပ္ပဘဝါ၊ တေသံဟေတုံ တထာဂတော လို့ပြန်ဖြေလိုက် တယ်။

ဟောဒီအပိုဒ်ကလေးကို ကြားလိုက်တာနဲ့ ဥပတိဿဟာ သောတပတ္တိ မဂ်သို့ တစ်ချက်ထဲ ဆိုက်ရောက်သွားတယ်လို့ ဆိုတယ်မဟုတ်လား၊ ဦးဘမောင်။

တင်ပါဘုရား။

အဲဒီတော့ ကျွတ်တမ်းဝင်တာ ဘယ်လောက်မြန်သလဲ၊ ဒီဂါထာကလေး ထဲမှာ ဘာတွေများပါသလဲလို့ စဉ်းစားစရာမကောင်းဘူးလား၊ တကာကြီးတွေ တကာမကြီးတွေ စိတ်ထဲမှာ အံ့သြသွားစရာမကောင်းဘူးလား၊ အဲဒီအံ့သြသွား စရာကောင်းတာက ဘာပြုလို့လဲဆိုတော့ ကိုယ်ဟာကိုယ်လဲဘဲ ဒီတရားကို သိနေတာဘဲ၊ သိပေမယ်လို့တရားကို ကိုယ့်ဟာကိုယ့်ကို တပ်ဆင်မကြည့် မသိသယောင်ဖြစ်နေတာ။

ယေဓမ္မာဟေတုပ္ပဘဝါ၊ တေသံဟေတုံ တထာဂတော ဦးဘမောင် ဆိုတဲ့လူတစ်ယောက် ကိုယ့်ဟာကို ဦးဘမောင်လို့အသိသား၊ ဒီခန္ဓာကိုယ်ကြီး

ကိုလည်း နေ့စဉ်တွေ့မြင်နေရတယ်၊ စမ်းသပ်ကြည့်လို့လည်း တွေ့နေရတယ်၊ ဒါပေမယ်လို့ အဲဒါဘာကြောင့်ဖြစ်သလဲဆိုတော့ ဦးဘမောင်စဉ်းစားဘူးရဲ့လား။

မစဉ်းစားဘူးပါဘုရား။

အဲ မစဉ်းစားဖူးဘူး၊ အဲဒီလိုမစဉ်းစားတော့ကာ ဦးဘမောင်ဖြစ်ကြောင်း အခြေခံသဘာဝကိုမသိတော့ဘူး၊ ဦးဘမောင်ဟာ ဦးဘမောင်လို့ နာမည်တပ်ထားတဲ့ ဒီဒြပ်ရုပ်ကြီးအပေါ်မှာ စွဲတဲ့ အစွဲဟာ လျော့ပါးပြီးသွားပါ့မလား။

မလျော့ပါဘူးဘုရား။

မလျော့ဘူး၊ ကိုယ့်ရုပ်ကိုမှ မသိဘဲနဲ့ကိုယ်ဟာကိုယ် ဘာမှန်းမသိဘူး၊ စွဲတယ်ဆိုတာ တကာကြီးတွေ အဲဒါဘဲ၊ ကိုယ့်ဟာကိုဘာမှန်းမသိလို့စွဲတာ။

အဲဒီတော့ ဒီဘုရားဟောတာက ယေဓမ္မာဟေတုပ္ပဘဝါ၊ တေသံဟေတုံ တထာဂတော အခု မြင်နေရတဲ့ ဦးဘမောင်တို့ကစပြီး သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ ရှိရှိသမျှ သင်္ခါရတွေဟာ မိုးပေါ်ကျအကြောင်းမဲ့သက်သက် ပေါ်လာကြတာမဟုတ်လို့ စွဲစရာပစ္စည်းတွေမဟုတ်ဘူး၊ သူတို့ဖြစ်ပေါ်ခြင်း၏ အကြောင်းတရားရှိတယ်။

အဲဒီအကြောင်းတရားကိုမြင်မှ မင်းတို့လူစု အမြင်မှန်ပေါက်မယ်တဲ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီတော့ ကိုယ်ဟာကိုယ် စဉ်းစားကြည့်ရမယ်၊ ငါဘာလဲ လူဘဲ၊ လူဖြစ်ရင် ငါဘယ်က လာလဲမသိဘူး။

ဟော အဲဒီလိုဖြစ်တာ၊ အဲဒီကျတော့မှ တခါတည်း ဟိုဘက်ဆက် လျှောက်သွားရင် မသိဘူး၊ မသိဘူး အဖြေပေးရတာတွေဟာ အများကြီး ရှိလာလိမ့်မယ်၊ အဲဒါမောဟဘဲ။

မောဟတွေအားကြီးရင် အဝိဇ္ဇာ၊ ဒီလူဟာ အမှောင်ကြီးထဲ ရောက်သွားတာဘဲ၊ အမှောင်ကြီးထဲ ရောက်သွားရင် တော်တော်ကြာကျတော့ အဲဒီအမှောင်ကြီးက ဖိစီးပါများတဲ့အခါကျတော့ သုခလည်း သုခမှန်းမသိတော့ဘူး၊ ဒုက္ခလည်း ဒုက္ခမှန်းမသိတော့ဘူး၊ အဲဒီ သုခ- ဒုက္ခတွေကို ဇွတ်တိုးတော့တာဘဲ။

အဲဒီသတ္တဝါဟာ သံသရာထဲမှာ ကျင်လည်ဖို့ လမ်းစရှာနေတဲ့ လူတွေ ဖြစ် လာတယ်။

အဲဒီတော့ သံသရာထဲကထွက်ဖို့ လမ်းစတွေတဲ့လူက ကိုယ့်ဟာကို ဘာဆိုတာသိတယ်၊ အဲဒီတော့ ငါဟာ ဘာပဲလို့ ဆိုတဲ့အခါကျတော့ ဒီသမ္မာဒိဋ္ဌိ ဉာဏ်ရှင်က ဘယ်လိုသိသလဲ။

ဤခန္ဓာကိုယ်ဟာဘာလဲ၊ စာတုမဟာဘုတိကသြ၊ မဟာဘုတ်(၄) ပါးဖြင့် ပြီးသော။ သြဒါန ကုမ္မာသု ပစယသြ၊ ထမင်းအဖျော်ယမကာ တို့ဖြင့် ကြီးပွား၍ လာရသော။ ဣမသြ ကာယသြ၊ ဤခန္ဓာကိုယ်တဲ့

ဦးဘမောင်ဆိုတဲ့ခန္ဓာကိုယ်ဟာဘာလဲ၊မဟာဘုတ်လေးခုဘဲမဟုတ်လား ။

မှန်ပါဘုရား။

အဲဒီမဟာဘုတ်(၄)ခုဟာ ထမင်းစားတယ်၊ ရေသောက်တယ်၊ လေရှူ တယ်ဆိုတဲ့ဒီ(၃)ချက်ကြောင့် ဒီလောက်ကြီးကျယ်ထွားကျိုင်းတဲ့ခန္ဓာကိုယ်ကြီး ဖြစ်လာတယ်၊ ဘယ်ဘုရားသခင်ကမှ ဖန်ဆင်းပေးတာမဟုတ်ပါဘူး။

အဲဒီသဘောတွေ ပေါက်လာတဲ့အခါကျတော့ ဦးဘမောင်လို့ ဖြစ်နေရ ခြင်းရဲ့အကြောင်းသို့ တဖြည်းဖြည်းဆိုက်သွားတော့မယ်မဟုတ်လား။

မှန်ပါဘုရား။

အဲဒီနေ့က နေပြီးတော့ နောက်ပြန်လိုက်ရတယ် အဲနောက်ပြန်လိုက်တဲ့ အခါကြတော့ ဘယ်ရောက်သွားသလဲဆိုတော့ အဖေနဲ့အမေဆီရောက်သွား တယ်။

အဲဒီ အဖေနဲ့အမေဆီရောက်တော့မှ သြော် ဦးဘမောင်ကလေးဟာ ဟို သေးသေးကွေးကွေး ပုလုကွေးလေးကစပြီးတော့ အဲဒီဒုက္ခတွေဟာ တဖြည်းဖြည်း ခံစားလာတဲ့ဒုက္ခတွေဟာ သူများသာမသိတယ်၊ ငါ့ခန္ဓာကိုယ်မှာတော့ အပြည့်ဘဲ ဖြစ်နေပါပကောလားဆိုတဲ့ ဒုက္ခေဉာဏ် ဖြစ်လာမယ်မဟုတ်လား။

မှန်ပါဘုရား။

အဲဒီ ဒုက္ခေဉာဏ် ဖြစ်ရအောင်က ဒုက္ခေသမုဒယေ ဉာဏ်က လာရပြန် တယ်။အဲဒီ ပုလုကွေးလေး ကိုဘမောင်ကစပြီးတော့ ထွားကျိုင်းတဲ့ ယခု ဦးဘမောင်ကြီးအထိ ဖြစ်လာတဲ့ အဲဒီဖြစ်စဉ်မှာ ကြည့်လိုက်တဲ့အခါကျတော့ ဒုက္ခကို လက်ငင်းချက်ချင်း လိုက်ပေးနေတဲ့ သမုဒယပြစ်မှုကလေးကို သွား၍ တွေ့ရတယ်။

သွားတွေပြီးတော့ ဦးဘမောင်တာဝန်က ဘာတွေကိုလုပ်ရမှာလဲ တခြား ဟိုဟာဒီဟာတွေ လျှောက်ပြီးလုပ်မနေနဲ့တော့၊ အဲဒီ သမုဒယကလေးကို ခွာဖို့ သတ်ဖို့ဘဲမဟုတ်လား။

မှန်ပါဘုရား။

အဲဒီသမုဒယကလေးတွေကို ငြိမ်းသွားအောင်လုပ်ဖို့ဘဲ။ တတ်နိုင်ရင် မျိုးပြုတ်အောင်းဖြုတ်ပစ်လိုက်ဖို့ပဲ မဟုတ်လား။

အဲဒီသမုဒယပြစ်မှုတွေကို မျိုးပြုတ်အောင်ဖြုတ်နိုင်ရင် ဦးဘမောင်၏ သန္တာန်အစဉ်၌ ဦးဘမောင်လိုလားတဲ့ သန္တိသုခကို ချက်ချင်းလက်ငင်းဖြစ်ပေါ်၍ ရနိုင်ပါသည်။ အဲဒါသဘောပေါက်ကဲ့လား ဦးဘမောင်။

ပေါက်ပါတယ်ဘုရား။

အဲသလိုပေါက်ရင် တကာကြီးတွေရော အားလုံးတကာမကြီးတွေ လုပ်ဖို့ရန် ဘာကျန်တော့လဲ ကိုယ်တိုင်လုပ်ဖို့သစ္စာဘဲကျန်တော့တယ် ဟုတ်ကဲ့ လား။

မှန်ပါဘုရား။

အဲဒီ သမုဒယလေးကို ပယ်လိုက်ရင် ဒို့လိုလားတဲ့ သန္တိသုခတော့ ရဖို့လွယ်ပြီဆိုတာ တထစ်ချသာမှတ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒါမမှားဘူး၊ ခုနကတုန်းက ကာလာမမင်းသားများကို ဘုရားဟောတဲ့ အစွဲ(၁၀)ခုလုံးနဲ့ စစ်ကြည့်တော့ ဖြုတ်ရမှာတွေ တွေ့ပြီး အစွဲဖြစ်တဲ့ ဥပါဒါန်ပြုတ်ရင် သမုဒယပြုတ်မယ်၊သမုဒယ ပြုတ်ရင် တကယ့်ကို ဒုက္ခလည်း ပြုတ်ထွက်ရတော့မယ်ဆိုတာ ဂေါတမဘုရားကစပြီးတော့ ယနေ့ ဦးဘမောင် တို့အထိ လက်တွေ့ကျင့်ရမယ့်တရားပဲမဟုတ်လား။

မှန်ပါဘုရား။

သူများပြောဖို့မလိုတော့ဘူး၊ အဲဒီသူများပြောဖို့မလိုတဲ့ သမုဒယပြုတ် ရင် ဒုက္ခကွယ်ရမယ် ချုပ်ရမယ်ဆိုတဲ့တရားစစ်ပဲလို့ တထစ်ချမှတ်ပြီး သကာလ တစ်နေ့တစ်ခြား မိမိတို့ခန္ဓာကိုယ်နှင့် စိတ်သန္တာန်အစဉ်၌ စွဲညိပြီးနေတဲ့ ဥပါဒါန် တရား တစ်နေ့တစ်ခြား ခေါင်းပါးပြီးတော့ ဒီပစ္စုပ္ပန် ယခုမျက်မှောက်ဘဝမှာပင် တစ်စတစ်စ ပေါ့ပါးချမ်းသာလာမယ်။

တတ်နိုင်ပါက အကုန်လုံးသမုဒယဆိုတဲ့ တဏှာစွဲကို ဖြုတ်ခွဲနိုင်တဲ့ ယောဂီများကောင်း မိန်းမမြတ်ဖြစ်ဖို့ အရေးမကြီးဘူးလား ဦးဘမောင်။

အရေးကြီးပါတယ်ဘုရား။

အဲဒါကြောင့် ဗုဒ္ဓပွါဒ ဒုလ္လဘာ ခေတ်ကြီး၌ ကြုံကြိုက်ပြီးတော့နေရတဲ့ ဦးပဥ္စင်းတို့လူစုမှာ အရေးကြီးတာက ဟိုဘက်ဘဝမှာ ဘာဖြစ်ဖို့ ဒီဘက်ဘဝ ကျမှ ဘာရဘို့ ညာရဘို့ဆိုတာတွေကို မမျှော်ကြမမှန်းကြပါနဲ့လို့ ဦးပဥ္စင်းတို့က တောင်းပန်လိုတယ်။ ယခုလက်ငင်းတွေ့နေရတဲ့ ဗုဒ္ဓဂေါတမဘုရားနဲ့ သာသနာ အတွင်းမှာပင် ဗုဒ္ဓဂေါတမဘုရားကိုယ်တော်တိုင်က ညွှန်ပြတဲ့လမ်းစဥ် အတိုင်း အဲဒီဒုက္ခကိုဖြစ်စေတတ်တဲ့ သမုဒယအငုတ်ကလေးကို ဖြုတ်ပစ် လိုက်ကြစမ်းပါ ဟုတ်လား။

မှန်ပါဘုရား။

ဒီဘဝတာဝန်ဟာ ဒါဘဲ၊ အဲဒီ သမုဒယအငုတ်ကလေးကို လုံးဝမဖြုတ် နိုင်ဘူးဆိုရင် နုံသွားအောင်လုပ်ကြစမ်းပါ၊ လှုပ်သွားရင် တစ်နေ့ပြုတ်ဘို့ လွယ်လာပြီမဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒါကြောင့် ရှေးဘုရားအစရှိသော အရိယာအပေါင်းသူတော်ကောင်း တို့ရဲ့ လုပ်ငန်းဆိုတာ အဲဒါဘဲ၊ ချက်ချင်း လက်ငင်း ပက်ပင်းပါ တွေ့ကြုံနေတဲ့ မိမိတို့ရဲ့ ဒုက္ခတရားတွေကို မြင်ခြင်း၊ သိခြင်းအားဖြင့် အဲဒီဒုက္ခတွေ ဆင်းရဲတွေရဲ့ ရေသောက်မြစ်ကို ပယ်နှုတ်ခုတ်ဖြတ်လိုက်တော်မူကြခြင်းဖြင့် လွတ်ငြိမ်းကြ တယ်။

ဒီဒုက္ခတွေဟာ အကုန်သေပြီးတော့ အကုန်ကြေသွားမယ်ဆိုရင် လူသား အားလုံးထဲမှာ သန္တိသုခဆိုတဲ့ နိဗ္ဗာနဓာတ်ကို မသေဘဲ ရရှိတွေ့မြင်ကြရတာဘဲ။

အဲဒါကြောင့် ရေသောမြစ်သဖွယ် ဖြစ်ခဲ့တဲ့ အစွဲတွေအလမ်းတွေ အမျိုးမျိုး ရှိသည့်အနက်က ယခုနှစ်ညတိုင်တိုင် ဟောလာခဲ့တဲ့ အစွဲ(၁၀)ချက် ကို ဒို့တကာကြီးတွေ ရက်ရက်စက်စက်ပယ်ဖျက်ကြစမ်းပါလို့ နောက်ဆုံးပိတ် အရေးကြီးလို့ ဦးပဥ္စင်းကတောင်းပန်တာပါ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီလိုတောင်းပန်တဲ့အတိုင်း တကာကြီးတွေ တကာမကြီးတွေက ကိုယ့်အစွဲကိုယ်သာသိတယ် ဟုတ်ကဲ့လား။

တင်ပါဘုရား။

ဦးပဥ္စင်းတို့က မသိဘူး၊ တကာကြီးဦးဘမောင် ဘာစွဲတယ်ဆိုတာကို ဘေးလူကမသိဘူးမဟုတ်လား။

တင်ပါဘုရား။

အဲဒီလိုမသိတော့ ကိုယ့်အစွဲတွေကို တစ်ခုစီတစ်ခုစီ သေသေချာချာ ကိုယ့်မျက်စိအောက်မှာ ချချပြီးတကာလ အရေးမကြီးတဲ့ အစွဲတွေက စစပြီး ဖြုတ်ကြည့်ကြပေါ့။

အဲဒါကြောင့် ဘယ်သင်းဟာ အရေးမကြီးတဲ့ အစွဲဆိုတာမှန်းလဲ ခင်ဗျား တို့ကိုယ်တိုင်သိကြပါတယ် ဟုတ်လား။

မှန်ပါဘုရား။

အဲ ဦးပဥ္စင်းတို့ဘုန်းကြီးတွေကိုကြည့်လေ၊ ဘုန်းကြီးတွေက အရေးမကြီး တဲ့ အစွဲတွေကို အကုန်လုံးဖြုတ်ထားတာ သုခတစ်ခု ငုတ်ခနဲ ပေါ်လာတာဘဲ မဟုတ်လား။

မှန်ပါဘုရား။

အဲဒီတော့ အစွဲတွေ အကုန်ပြုတ်တဲ့ တစ်နေ့ကျရင် ဒုက္ခတွေ အကုန် ချုပ်ငြိမ်းမယ်၊ ဒုက္ခတွေ အကုန်ချုပ်ငြိမ်းရင် မိမိတို့လိုလားတဲ့ သန္တိသုခကို အပြည့်အဝရကြမယ်၊ အဲဒီလိုရနိုင်ကြရန်အလို့ငှာ သမ္မာဒိဋ္ဌိမဂ္ဂင်ကို အပြည့် အစုံရအောင်အမြင်မှန်ပေါက်ဖို့ လေ့လာသုံးသပ်ကြပါ။

အဲဒီအစွဲအလမ်းဆိုတဲ့ မျက်စိမှာ ကပ်နေတဲ့ ချေးတွေညှော်တွေ တိမ်သလာတွေနဲ့ တူတဲ့အစွဲတွေကို ခွဲပြီးတော့ ဖြို့ပြီးတော့ ဖျက်ပြီးတော့ ချ လိုက်ရင် သမ္မာဒိဋ္ဌိဉာဏ်နှင့် ကြည်ကြည်လင်လင်ကြီး အမှားနှင့် အမှန်ကို ခွဲခြား ၍ မြင်ပါလိမ့်မည်။

# ဗုဒ္ဓ၏ထူးခြားပုံ

သ-နိရာပေက္ခကင်းခြင်း

ဗုဒ္ဓ၏ဗျတ္တိဂုဏ်တို့တွင် အကြီးမြင့်ဆုံးနှင့် အထူးခြားဆုံးမှတ်ယူရမည့် အချက်တစ်ရပ်မှာ ၎င်း၏ "သ-နိရာပေက္ခ" (ဝါ) မိမိကိုယ်ကို မိမိငဲ့ကွက်မှု ကင်းခြင်းပင်ဖြစ်သည်။

ထို့ကြောင့် "အဟံ" သို့မဟုတ် "ငါ" ဟူသောစကားများ ပုဒ်များပင် ဆိတ်သုဉ်းလျက်ရှိချေသည်။ ယခုကာလ၌ ကျွန်ုပ်တို့သည်"ဂေါတမဗုဒ္ဓ" ဟူသောနာမကိုဝေါဟာရပြု၍ ပြောဆိုနေကြကုန်၏၊ သို့ရာတွင် ၎င်းသည် အထိမ်းအမှတ်သက်သက်မျှသာဖြစ်သည်၊ အမှန်မှာ ဗုဒ္ဓပုဒ်၏ နောက်၌လည်း ကောင်း၊ ရှေ့၌လည်းကောင်း "ဂေါတမ" ဟူသောပုဒ်ပင်ရှိနေရန် မလို သလောက်ဖြစ်ချေသည်၊ သို့မှသာလျှင် "သိ-သူ" ဟူသော "ပုဂ္ဂလ" ပျောက်၍ စစ်စစ်ဖြစ်သော "နိရာကာရ" အသိဉာဏ်သက်သက်ပေါ်ထွက်ထင်မှား၍ လာနိုင်ချေမည်။

သန့်ရှင်းစင်ကြယ်သော အသိဉာဏ်သည်သာလျှင် ဗုဒ္ဓ၏အသွင် သဏ္ဌာန်ကို ဆောင်လျက်ထင်ရှားလာ၏၊ ဤသို့သော သဘာဝကိုသနားသဖွယ် ကောင်းသော ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည်အဘယ်မှာ နားလည်နိုင်အံ့ နည်း။

ထို့ကြောင့်ပင် သူသည် သားတော်ခွက်နက်လက်စွဲပြီး ကပိလဝတ်မြို့ တွင် လမ်းမကြီး လမ်းမငယ်တို့၌ ဆွမ်းခံကြွသည်ကို မကျေမနပ် ရင်ဘတ်စည် တီးဖြစ်ခဲ့ရ၏၊ သို့ပင်ဖြစ်စေကာ အကြင်အခါ၌ ငါ၏သားတော်သည် ယခု ဂေါတမအနွယ်ဝင် ဖြစ်လေပြီဟုသိမြင်လာ၏၊ ထိုအခါ သူ၏မျက်စိပွင့်သွား လေ၏။

ထို့နောက်၎င်း၏ ကြင်ယာတော် ယသော်ဓရာလည်း "ဗုဒ္ဓသရဏဂုဏ်" တည်လေသည်၊ ဤနေရာ၌ "ဗုဒ္ဓသရဏဂုဏ်" တည်မှုမှာ တစုံတစ်ယောက် သော ပုဂ္ဂိုလ်ကိုကိုးကွယ်မှု မျိုးမဟုတ်ချေ။

အဟုတ်အမှန်ကား စင်ကြယ်လှသောဉာဏ်တော်၏ "မဟတ္တဂုဏ်" ကို အသိဉာဏ်ပြုခြင်းသက်သက်မျှသာဖြစ်သည်ဆိုသည်၊ ထို့ကြောင့် အခုအခါ ဗုဒ္ဓသည် ဂေါတမ၏အခြေအရံအားလုံး ကုန်စုံအောင်တို့ကို အသစ်စက်စက်ဖြစ် သော မျက်စိဖြင့် ကြည့်ရှုလေပြီး၊ သို့ဖြစ်ရကား ယသော်ဓရာသည် ယင်းသည့်

အခါ၌ ဂေါတမ၏ချစ်အပ်သည့် ဇနီးသည်ကလေး မဟုတ်တော့ပြီ၊ ၎င်းသည် ဗုဒ္ဓ၏ "အနန္တသီမ မဟာဂရုဏာ" ကိုပြီးစေသူ တစ်ဦးသာဖြစ်တော့သည်။

ထို့ပြင် သားတော်ရာဟုလာသည်လည်း သကျသာကီဝင် မင်းမျိုး၏ အမွေခံ အမွေဆက်မဟုတ်တော့ပြီ၊ သူသည် ဗုဒ္ဓ၏ "အတုလနိယ" အတုမရှိ၊ အတုမရှိသော ဓမ္မရာဇ်၏အမွေခံသည်သာဖြစ်တော့၏၊ ရာဟုလာကို ဓမ္မအမွေ ပေးရာ၌ ဗုဒ္ဓသည် အရှင်သာရိပုတ်အား သာရိပုတ္တရာ ရာဟုလာကို ဆံပင်ရိတ်လှီး၍ ဖန်ရည်ဆိုးအဝတ်ဖြင့် ရဟန်းဘောင်သို့သွင်းလိုက်လော့ဟု မိန့်ခဲ့လေ၏။

ဗုဒ္ဓ၏ ထိုမျှ ငါအတ္တ၊ အတ္တနိယ သဘောမှကင်းခြင်းကို ကြည့်လော့၊ မိမိ၏ တစ်ဦးတည်းသော သကျနိုင်ငံ၏ ထီးမွေနန်းမွေခံဖြစ်သော သားတော်ကြီးသြရသကို အနာဂါရိက အိုးမဲ့အိမ်မဲ့ဘဝသို့ သွတ်သွင်းနိုင်ခဲ့သော မဟာပုရိသကား လက်ရှိကမ္ဘာရာဇဝင်တို့၌ မထင်ရှားသော အချက်တစ်ရပ်ဖြစ်ချေသည်။

ယင်းသို့ဖြစ်ရာ အနုပါဒါန သဘောတရား၏ အထွက်အထိပ်ကျလှသော (ဝါ)အမြင့်မြတ်ဆုံးသော သာဓကကို ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ဖြစ်စဉ်သာ တွေ့ရှိနိုင်လေသည်။

## သဘာဝအမှန်သည် ဗုဒ္ဓအတွက်ဖြစ်ခြင်း

ယနေ့ကမ္ဘာလောကအတွင်းရှိ သဘာဝအမှန်သည် ဗုဒ္ဓအတွက်သာ ဖြစ်ကြလေသည်။ မှန်လှ၏။ ဗုဒ္ဓသည် မိမိဆောင်ရွက်လုပ်ကိုင်သမျှ၊ ဟောပြောသမျှသော လုပ်ငန်းကိစ္စတရားဓမ္မတို့၌ ငါစွဲတည်းဟူသော အတ္တဝါဒ ပါဒါန်ကို ဝင်ရောက်နှောင့်ယှက်ခွင့် မပေးသည့်အပြင် အမြဲသစေ ၎င်းကို ချေမှုန်း ပယ်ဖျက်ခဲ့၏၊ ထို့ကြောင့် သဘာဝမှန်သည် ဗုဒ္ဓအတွက် ဖြစ်ခဲ့၏။

## ဗုဒ္ဓသည် သဘာဝမှန်ကန်ရေးအတွက်မဟုတ်

ယနေ့လက်ရှိ ဗုဒ္ဓဘာသာဝင်တို့၏ ယူဆချက်ကား ဗုဒ္ဓသည် လောကသဘာဝမှန်ကန်ရေးအတွက် ဖြစ်ပေါ်လာသည်ဟု ယူဆပြောဆိုနေကြ၏၊ မှားလေစွ၊ အမှန်မှာ ဗုဒ္ဓသည် သဘာဝမှန်ကန်ရေးအတွက် ဖြစ်ပေါ်လာသည်မဟုတ်၊ သဘာဝအမှန်ကသာလျှင် ဗုဒ္ဓအတွက် ဖြစ်ပေါ်လာရသည်၊ မှန်လှ၏။

ဥပ္ပါဒါဝါ တထာ ဂတာနံ၊

အနုပ္ပါဒါဝါ တထာ ဂတာနံ၊

ဌိတာဝ သာ ဓာတု၊

ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ။

စသော ပါဠိတော်များဖြင့် ထင်ရှားစေခဲ့၏။

အဓိပ္ပါယ်ကား "တထာဂတ" ဘွဲ့ရ ဗုဒ္ဓရှင်ပွင့်သော်လည်းကောင်း၊ မပွင့်ပေါ်သော အခါမှာသော်လည်းကောင်း၊ ဓမ္မနိယာမယူသော လိုသည့် သဘာဝအမှန်ဖြစ်သော သဘောတရားများ တည်ရှိသည်သာလျှင်တည်း၊ ထိုနည်း အတူ ပင် ကာလာမပုဏ္ဏားတို့ကို ဟောပြောသော ဒေသနာ၌လည်း ပုဂ္ဂိုလ်စွဲကို ပယ်ဖျက်၍ ရှာဖွေသော်သာလျှင် အမှန်တရားကိုတွေ့နိုင်သည် ဟူ၍ မိန့်မြွက်ခဲ့လေသည်။

**အနုပါဒါနတရားထင်ရှားခဲ့ပုံ**

ဤသည် အနုပါဒါနသဘောတရားသည် ဗုဒ္ဓပွတ္တိနောက်ပိုင်းတွင် (ဝါ) ဗုဒ္ဓပရိနိဗ္ဗာန်ပြုခါနီးအခါကာလသမယတွင် ပေါ်လွင်ထင်ရှားခဲ့သည်။

မှန်လှ၏ "အရှင်မြတ်ဘုရား ကွင်းကျန်ရစ်သော တထာဂတ၏ ရုပ်ခန္ဓာကိုယ်ကာယကို တပည့်တော်များ မည်သို့ပြုလုပ်ရမည်နည်း"။

ဟူ၍ ဗုဒ္ဓပရိနိဗ္ဗာန်ပြုခါနီး၌ အရှင်အာနန္ဒာက မေးလျှောက်လေပြီ၊ တွယ်တာငဲ့ကွက်ခြင်း ကင်းတော်မူသော "အနုပါဒန ဗုဒ္ဓ" သည် မည်သို့ ပြန်လည်မိန့်ကြား၍ ဖြေဆိုတော်မူသနည်း၊ ကြည့်စမ်းဦးလော့။

**ဗုဒ္ဓက ပြန်လည်ဖြေကြားသည့်စကား**

အာနန္ဒာ- သင်တို့သည် တထာဂတ၏ ကိုယ်ခန္ဓာကို ပူဇော်ခြင်းဖြင့် မိမိကိုယ်ကိုမိမိ အနှောင်အဖွဲ့မဖြစ်ပါစေလင့်၊ သင်တို့သည် မိမိတို့အရေး အတွက် အမှန်ကို စွဲမြဲစွာရှာဖွေကြိုးကုတ် အားထုတ်ကြလော၊ အမှန်ဓမ္မကို ရှာဖွေရာ၌ မိမိတို့၏ လုံ့လဝီရိယကို အသုံးပြုကြလော။ မိမိကိုယ်ကိုကိုယ်မိမိ ၏ ကိုးကွယ်ရာအားထားရာအဖြစ်၌ တည်ပါစေလော့၊ မိမိမှ တပါး အခြားသော သူတစ်ပါးတို့ကို ပိုမို၍ အားထားမပြုမလုပ်ကြလေနှင့် ဟု ဗုဒ္ဓက အရှင်အနန္ဒာ အား ပြန်လည်ဖြေကြားတော်မူခဲ့၏။

**အနုပါဒနမိန့်ခွန်း**

ထို့ပြင် ပရိနိဗ္ဗာန်ပြုခါနီး၌ ဘိက္ခုသံဃာအတွက် ဝိသေသမှာထား ချက်များ ထားခဲ့ပါအုံးဟူ၍ အရှင်အနန္ဒာက လျှောက်ထားပြန်သောအခါ၌လည်းဗုဒ္ဓ က ပြန်ကြားခဲ့သော အနုပါဒနမိန့်ခွန်းမှာ "ဘယ်လိုလည်း အာနန္ဒာ" သင်တို့

၏ဘိက္ခုသံဃာသည် ငါ့ထံမှ ဘာကိုအလိုရှိသနည်း၊ "ဘယ်လိုလည်း အာနန္ဒာ" သင်တို့ ၏ဘိက္ခုသံဃာက ငါသည် ဘိက္ခုသံဃာကို ဦးဆောင်နေသည်၊ ဘိက္ခုသံဃာသည် ငါ၏အလိုအတိုင်းဖြစ်သည်၊ ထို့ကြောင့် ဘိက္ခုသံဃာ အတွက် တစ်စုံတစ်ခုသော အမိန့်စကားထားခဲ့ပါအုံး။

ဒီလိုလား အာနန္ဒာ- အဲဒီလို ငါ့ရဲ့ သဘောမထားပေ၊ အာနန္ဒာ ငါသည် သင်တို့ဘိက္ခုသံဃာ၏ ဦးဆောင်၊ သင်တို့ဘိက္ခုသံဃာသည် ငါ၏နောက်လိုက် တယ်လို့ ငါလုံးဝသဘောမထားခဲ့ချေ။

ဒါကြောင့် "သင်တို့ ဘိက္ခုသံဃာတွေအတွက် ငါဘာပြောခဲ့ရအုံး မှာလည်း" ဟူ၍ အနုပါဒနမိန့်ခွန်းတို့ကို မြွက်ကြားတော်မူခဲ့သည်။

## ယနေ့ဘိက္ခုတို့စဉ်းစားရန်

ထိုသည့်ဗုဒ္ဓ၏ အနုပါဒနမိန့်ခွန်းကို အပြန်ပြန်အထပ်ထပ် လေ့လာသုံး သပ်အပ်သည်ရှိသော် ယခုဘိက္ခုတို့ လိုက်နာကျင့်သုံးနေကြတဲ့ ဝိနည်းကို ဗုဒ္ဓရဲ့ အာဏာဒေသနာလို့ သုံးစွဲထုံးလုပ်ကာ ပြောနေကြတာဟာ ဘယ်လိုပါလဲ၊ အထက်ကဖော်ပြထားခဲ့ပြီးဖြစ်တဲ့ အနုပါဒနမိန့်ခွန်းဟာ ဗုဒ္ဓ၏မိန့်ခွန်းဟုတ်ခဲ့ သော်အာဏာ ဒေသနာတော်လို့ ဆိုတာဟုတ်မဟုတ် မှန်မမှန် ယနေ့ဘိက္ခုတို့ စဉ်းစားရန်ဖြစ်သည်။

## ဗုဒ္ဓစကားမှန်ကဥပါဒါန် လုံးဝမပါ

"သံခိတ္တေနပဉ္စုပ္ပါဒါနက္ခန္ဓာပိဒုက္ခာ" ဆိုတဲ့ဗုဒ္ဓရဲ့စကားကို ထောက်ထား ဘိသော် ဗုဒ္ဓရဲ့စကားမှန်က ဥပါဒါန်လုံးဝမပါဘူးဆိုတာ အလွန်ထင်ရှားပါတယ်။ ၎င်းပြင်...

"ငါ သူတစ်ပါး ယောကျ်ား မိန်းမ၊
မစွဲမှလျှင် အစွဲစင်၍၊
ပြည်ခွင်နိဗ္ဗာန်ရောက်ကြောင်းမှန်သည်၊
ဧကန်ဗုဒ္ဓဟောထုံးတည်း"

ဆိုတဲ့ဗုဒ္ဓဖြစ်စဥ်ကိုထောက်ထားပြန်လျှင်လည်း ဗုဒ္ဓစကားမှန်က အစွဲ အလမ်းဆိုတဲ့ ဥပါဒါန် လုံးလုံးကင်းစင်နေတယ်ဆိုတာ ကောင်းကင်ယံမှာ ဗျိုင်းပျံ သလို ထင်ရှားနေပြန်တယ်။

အဲဒါလိုဖြင့်လည်း ယနေ့ဘာသာရေးခေါင်းဆောင်လုပ်နေကြတဲ့ ဘိက္ခုများနှင့်တကွ ဗုဒ္ဓဘာသာလို့အမည်ခံယူထားကြတဲ့ လူသားတွေလည်းစဉ်းစားရန်ဖြစ်ပြန်တယ်။

**ယနေ့ဝိနည်း**

ယနေ့ဘိက္ခုသံဃာလို့ဆိုတဲ့ဂိုဏ်းပေါင်းစုံ ဘုန်းကြီးတွေလိုက်နာကျင့်သုံး နေကြတဲ့ဝိနည်းကို မငဲ့ညှာဘဲ လေ့လာသုံးသပ်ကြည့်လိုက်လျှင် ဥပါဒါန် တစ်လုံးတစ်ခဲကြီး ဖြစ်ရှိနေတာကိုတွေ့ရပြန်တယ်၊ ယနေ့ဝိနည်းက...

"ငါ သူတစ်ပါး ယောက်ျား မိန်းမ၊

ဝိသေမ၍ စွဲကြစေရန်၊

မိန့်တော်ပြန်သည် လာဟန်ဝိနည်း၊

ဟောထုံးတည်း"

အဲဒီလိုဖြင့် "ဗုဒ္ဓ၏ ထူးခြားပုံ"အရပ်ရပ်က စာရှုပရိသတ်တွေအထူးပင်သိအပ်လှပေသည်။

**ဗုဒ္ဓ၏ထူးခြားချက်**

ဤကမ္ဘာလောကတွင်ပေါ်ပေါက်ခဲ့သမျှသော ခေါင်းဆောင်တို့တွင် မည်သည့်ခေါင်းဆောင်မျှ မိမိတည်ထောင်ဖန်ဆင်ထားတဲ့ ဘိက္ခုသံဃာအဖွဲ့အစည်းအရုံးကို ဒါလောက်စင်ကြယ်သန့်ရှင်းတဲ့ အနုပါဒါနဖြင့်(ဝါ)အစွဲအလမ်းလုံးဝမရှိဘဲ စွန့်ပစ်ထားခဲ့၍ မသွားခဲ့ဘူးသေချေ။

ဒါပေမယ်လို့ ဗုဒ္ဓမှာတော့ ဥပါဒါဆိုလို့(ဝါ)အစွဲအလမ်းဆိုလို့ အနံ့အသက်မှ မထင်ခဲ့ပေ၊ ဤသို့ ဥပါဒါန်လုံးဝလွတ်ကင်းတဲ့အတွက်ကြောင့်သာလျှင် သူ့ရဲ့ရိုက်ရာကို ခံယူ၍ သံဃာတွေကို ဦးဆောင်မှုပေးရန် ခေါင်းဆောင်တစ်ဦးတစ်လေမျှ မရွေးချယ်ခဲ့ခြင်း မရည်ညွှန်းခဲ့ခြင်း ဖြစ်လေသည်။

ဓမ္မဓိဋ္ဌာန်အားဖြင့် သူ၏ ဘိက္ခုသံဃာကို ဓမ္မဝိနယဆိုတဲ့ လမ်းမှန်သာလျှင် ထားခဲ့ခြင်းကို ထောက်ရှုခြင်းအားဖြင့် ဗုဒ္ဓရဲ့ ပုဂ္ဂလဓိဋ္ဌာနကင်းမှုနှင့်ဓမ္မဓိဋ္ဌာန်အားကြီးမှုကို တွေ့မြင်နိုင်လေသည်။

ဤမျှ ဓမ္မဓိဋ္ဌာန်ကင်း၍ ထိုမျှ ပုဂ္ဂဓိဋ္ဌာန်ကင်းတဲ့ အခြားသာဓကတစ်ခုကို ကမ္ဘာ့သမိုင်း၌ တွေ့ရှိနိုင်ရန် မလွယ်ကူလှချေ၊ အခုလို အမြွက်လောက်ဖော်ပြ

ခဲ့တဲ့ အချက်တွေကို ထောက်ရှုဆင်ခြင်ခဲ့လျှင် ဗုဒ္ဓရဲ့ အနုပါဒနှင့် အနိရာပက္ခ သဘောတရားများသည် ထင်ရှားစွာပေါ်လွင်၍ လာချေမည်။

ဤသည်တို့ကို ထောက်ရှု၍ပင် ဗုဒ္ဓကား လောကအပြင်ဘက်သို့ ရောက်နေပြီဖြစ်၍ လောကသားတို့နဲ့ အရာရာတိုင်းတွင် တိုက်ဆိုင်တော့မည် မဟုတ်ချေ၊ လောကနှင့် လောကသားတို့၏ အလုပ်မှန်သမျှ တို့ကို အမြဲတမ်း အပြစ်ရှုနေတဲ့ သူတော် သူမြတ်တစ်ဦးသာဖြစ်သည်ဟူသော မှားယွင်းတဲ့ ယူဆ ချက်လဲ ပေါ်ထွက်လာတတ်ချေသည်။

အမှန်မှာ ဒီလိုလဲမဟုတ်ချေ၊ ဗုဒ္ဓကားအဲဒီစွပ်စွဲချက်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျှက် တည်ရှိသည်။ သူသည် ဤအဖြစ်သို့ ရောက်သည်နဲ့ တပြိုင်နက် ထောက်ထားညှာတာ အလွန်ကြင်နာတတ်တဲ့ ဆရာတစ်ဦးလည်း ဖြစ်လာလေသည်။ လူသားနဲ့ တကွသော လူ့လောကကြီးတစ်ခုလုံးသည် ဗုဒ္ဓရဲ့ အမြဲတမ်းဖတ်ရှုရန် သင်္ချာဇာ စာအုပ်ကြီး တစ်အုပ်ဖြစ်လာလေသည်။

ပြည့်စုံတဲ့ အနုပါဒါနသမားတစ်ဦးအဖြစ်မှ မလှုပ်မယိုင်ကြံ့ခိုင်တည်ရှိ နေသူဖြစ်စေကာမူ ဗုဒ္ဓသည် ဘိက္ခုသံဃာအဖွဲ့အစည်းကြီးတစ်ရပ်ကို စည်းစနစ် ကျစွာ တည်ထောင်ခဲ့လေပြီ၊ အသီးသီးသော သာဝက(ဝါ)တပည့် (ဝါ)တပည့်မ တို့ရဲ့ ဘဝတို့ကို သီးသန့်ပြီး စဥ်းစားဆင်ခြင်ခြင်းကို အမြဲပြုခဲ့လေသည်။

ထို့ကြောင့် ပကတိအားဖြင့် ဗုဒ္ဓရဲ့ သဘာဝဟာ နူးညံ့သိမ်မွေ့လှ၏။ သူ့ရဲ့ အရှိန်ဟာ လောကနဲ့ လောကသားတို့ရဲ့ ဘဝကို ယခုခေတ်သမယတိုင် အောင်ဘဲ ဟပ်လျှက်ရှိချေသည်။သို့ပင်ဖြစ်စေကာ ဗုဒ္ဓဟာ လူသဘာဝကို လျစ်လျူရှုပြီး ဥပေက္ခာပြုထားခဲ့သည် မဟုတ်ချေ။ သူ့ရဲ့အတ္ထုပတ္တိဗုဒ္ဓဝင်ကို ကြည့်ရှုလေ့လာတဲ့အခါ ကြီးကျယ်တဲ့ကိစ္စများ၌သာမက သေးငယ်တဲ့ကိစ္စ၌ပင် သူဟာလူသဘာဝကို ထင်ရှားပေါ်လွင်စေခဲ့သည်။

ဥပမာ။ ။ခရီးဝေးက ဩလာတဲ့ရဟန်းများနဲ့တွေ့ဆုံလို့ရှိယင် သူသည် ရှေးဦးစွာဤသို့မေးမြန်းလေ့ရှိသည်။

က။ဘယ်နှယ်လဲချစ်သား ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဘဲမဟုတ် လား။

ခ။လမ်းခရီးမှာကော ဘေးဥပဒ် တစ်စုံတရာမတွေ့ခဲ့ဘူးမဟုတ်လား။

ဂ။ဆွမ်းစတဲ့ပစ္စည်း(၄)ပါးတို့ကို မငြိုမငြင် ရခဲ့ပါရဲ့လား။

အဲဒီလိုဖြင့် လူ့သဘာဝမကင်းတဲ့ အာလာပသလ္လာပ စကားတွေကို လည်း ပြောကြားပြီးတဲ့နောက် -

ချစ်သား ဝါကော,ဘယ်နှစ်ဝါရရှိခဲ့ပြီလဲလို့ အသက်သိက္ခာ ဝါကို မေးမြန်းလေ့ရှိခဲ့ရာ...

ရဟန်း။ ။အရှင်မြတ်ဘုရား တပည့်တော် (၁)ဝါမျှရပါသေးတယ်။

ဗုဒ္ဓ။ ။ချစ်သားရဟန်း၊ အသင်သည် အဘယ်ကြောင့် ဤမျှလောက် နှောင့်နှေးခဲ့ရပါသလဲ။

ရဟန်း။ ။အရှင်မြတ်ဘုရား တပည့်တော်ဟာ အလွန်ကြီးကြာမှ လူဘဝ လူ့ကာမတို့ရဲ့အပြစ် အာဒီနဝတွေကို တွေ့မြင်ခဲ့ရလို့ပါ။

အဲသလိုစတဲ့ အမေးဖြေတွေကို ထောက်ရှုခဲ့ယင်လဲ ဗုဒ္ဓဟာ သူ့ရဲ့ ဘိက္ခုသံဃာတွေပေါ်၌ မိဖတို့ရဲ့ကြင်နာသနားမှုမျိုး ထားကြောင်းထင်ရှား လေသည်။

အဇာတသတ်ဘုရင်လို အဖကိုသတ်ဖြတ်တဲ့သူ (သို့မဟုတ်) အဘယမာတာ၊ အမ္ဗပါလီ၊ ဝိမလာစတဲ့ ပြည့်တန်ဆာမမိန်းမစားမျိုးတို့အား သနားချစ်ခင်ခြင်းတွေကို ဖော်ပြနိုင်တဲ့ယောက်ျားမြတ်သာ သူ့ရဲ့တပည့်ဘိက္ခု သံဃာတွေအပေါ်၌ ဂရုဏာရှင်ဖခင်ကြီးရဲ့သဘောကို ဘာကြောင့်ဒလဟော မသုံးဘဲရှိတော့မှာလဲ။

ထို့ပြင်လူသားတွေဟာ မကျန်းမာတဲ့ ရဟန်းတို့ရဲ့အနီးအပါးမှာ ရောဂါ ဝေဒနာရဲ့အကြောင်းကို မေးမြန်းလျက် အထူးကြင်နာစွာ စမ်းသပ်ပြီးနေတဲ့ ဗုဒ္ဓကို ကြိမ်ဖန်များစွာ တွေ့မြင်ရလေသည်၊ ၎င်းတို့တွင် အရှင်အာနန္ဒာနှင့် အတူတကွ ရောဂါဘယ ရဟန်းတစ်ပါးအား ပြုစုတဲ့အကြောင်းကား အလွန်ပင်ထင်ရှားလှ ချေသည်။

တခါသော် တစ်စုံတစ်ခုသော မသင့်တင့်မှုကြောင့် အိမ်မှထွက်ပြေးလာ ခဲ့တဲ့ ခရီးသည် ပန္ထကတစ်ဦးဟာ ဗုဒ္ဓသီတင်းသုံးတဲ့ ကျောင်းသခ်မ်းသို့ ဆိုက် ရောက်၍လာတယ်။ ဒီအခါသူဟာကျောင်းတံခါးဝမှာ ထိုင်ပြီးနေပါတယ်၊ အဲဒီသူ ငိုနေတဲ့နေရာသို့ ဗုဒ္ဓကြွလာတယ်၊ သူဟာကျွန်ုပ်ရဲ့ဦးခေါင်းကို ပွတ်သပ်ပေးပြီး နောက် ကျွန်ုပ်ကိုပွေ့ပိုက်ပြီးကျောင်းအတွင်းသို့ ယူဆောင်သွားကာ ခြေထောက် ပွတ်ခါဖို့ ခြေသုတ်ပုဆိုးကိုပေးပါတယ်။

ဘဂဝါ တတ္ထအာဂစ္ဆိ၊

သီသံမယှံ ပရာမသိ၊

ဗာဟာယမံ ဂဟေတွာန၊

သံဃာရာမံ ပဝေသယိ၊

အနုကမ္ပါယ မေသတ္ထာ၊

ပါဒါတိ ပါဒပုဉ္ဆနိံ။(ထေရာဂါထာ)

တတ္ထ၊ ငါငို၍နေတဲ့ထိုနေရာသို့။ ဘဂဝါ၊ ဘုန်းတော်ရှင်သည် အာဂစ္ဆိ၊ ကြွလာလေပြီ။ မယှံ၊ ငါ၏။သီသံ၊ ဦးခေါင်းကို။ ပရာမသိ၊ ကြင်နာစွာပွတ်သပ်၍ပေးလေပြီ။ မံ၊ ငါ့ကို။ ဗဟာယ၊ လက်ရုံးတော်ဖြင့်။ ဂဟေတွာ၊ ပွေ့ပိုက်၍။သံဃာရာမံ၊ ကျောင်းအတွင်းသို့။ ပဝေသယိ၊ ဆောင်သွင်းခဲ့လေပြီ။ သတ္ထာ၊ ဗုဒ္ဓရှင်သည်။ မေ၊ ငါ့အား ။အနုကမ္ပါယ၊ သနားသဖြင့်။ ပါဒပုဉ္ဆနိံ၊ ခြေသုတ်အကိတ်ကို။ ပါဒါတိ၊ကိုယ်တိုင်ယူ၍ ပေးခဲ့လေပြီ။

ထိုနည်းတူပင် မိဖလင်သား ပစ္စည်းဥစ္စာများပါ ဆုံးရှုံးလာသဖြင့် အဝတ်တန်ဆာမကပ် အရူးဇာတ်ခင်းလာသော ပဋာစာရီကိုလည်း "နှမသည် သတိထား သတိထား" လို့သတိပေးဆုံးမပြီးလျှင် ဘိက္ခုနီမအဖြစ်သို့ မြှင့်တင်ပေးခဲ့လေပြီ။

တဖန်ဗုဒ္ဓရှင်သည် ပရိနိဗ္ဗာန်ပြုခါနီးသမယမှာ သုဘဒ္ဒမည်တဲ့ ပုရဗိုဇ်ကြီးတပါး ဗုဒ္ဓရှင်ကိုဖူးမျှော်ရန်ဆိုက်ရောက် လာခဲ့လေပြီ၊ ထိုအခါ စဉ်းစားဉာဏ်နှင့်ပြည့်စုံသော အရှင်အာနန္ဒာက ဤသို့ပြောဆိုပြီး သူကိုဟန့်တားလိုက်လေပြီ။

"မိတ်ဆွေ သုဘဒ္ဒ၊ တထာဂတကို ဒုက္ခမပေးပါနဲ့ ဗုဒ္ဓရှင်ပင်ပန်းနွမ်းနယ်၍နေရှာပါပြီ"

အဲဒီလိုဟန့်တားလိုက်တဲ့ အရှင်အာနန္ဒာရဲ့စကားကို ဗုဒ္ဓရှင်ကြားလိုက်တော့ လျှင်စွာပဲ အရှင်အာနန္ဒာအား ဤသို့အမိန့်ချလိုက်လေသည်။

"အာနန္ဒာ သုဘဒ္ဒကိုဟန့်တားခြင်းမပြုပါနှင့်၊ သူဟာမြင့်မြတ်တဲ့ဆန္ဒဖြင့်မေးမြန်းလျှောက်ထားရန်လာခြင်းဖြစ်တယ်၊ ငါ့ကိုဒုက္ခပေးရန်လာခြင်းမဟုတ်ပါဘူး၊ အာနန္ဒာ ခွင့်ပေးလိုက်ပါ"

ဒီတော့ အရှင်အားနန္ဒာက မိတ်ဆွေ သုဘဒ္ဒလာခဲ့ပါတော့ ဗုဒ္ဓရှင်ဟာသင့်အား အခွင့်ပေးခဲ့ပြီလို့ ပြောဆိုခွင့်ပြုလိုက်ရတယ်။

သုဘဒ္ဒပုရဗိုဇ်ဟာ အရှင်မြတ်ရဲ့ ထိုကဲ့သို့သောအခြေအနေမှာဘဲ သူရဲ့အဆုံးအမနှင့် တရားဥပဒေကို ရလိုက်ပါသေးတယ်။

ဗုဒ္ဓရှင်အဖို့မှာတော့ တရားဟောရန်အချိန်အခါမဟုတ်တဲ့ အခါသမယ မရှိခဲ့ပါဘူး၊ သူ့ရဲ့တရားအတွက် သူတစ်ပါးမှာ အကျိုးတက်ရန် ရှိမယ်ဆိုယင် ဗုဒ္ဓဟာ အချိန်ရှိသမျှ တရားဟောရန်အသင့်ရှိတယ်လို့ ဆိုလိုပါတယ်။

ဗုဒ္ဓသည် ယောက်ျားတပည့်များလိုပဲ တပည့်မများကိုလဲ ထူးခြားတဲ့ ကြင်နာခြင်း သနားကြင်နာခဲ့ပါတယ်၊ သူသည်မိန်းမသားတို့ရဲ့ စွမ်းရည်သတ္တိ ဉာဏ်ပညာတို့ကို ချီးကျူးလေ့ရှိပါတယ်။ ထိုခေတ်အခါ၌ အထက်တန်းစားတွေပါလို့ ခေါ်ဆိုသတ်မှတ်အပ်ကုန်တဲ့ ယောက်ျားကြီးတွေအား တရားဓမ္မဟောပြဆုံးမပြီးနေတဲ့ သူ့ရဲ့တပည့်မများကို ကြိမ်ဖန်များစွာတွေ့ ရှိပါတယ်။

ဓမ္မဒိန္နာထေရီမနဲ့ ဝိသာခါသူဌေးကြီးတို့ရဲ့ ဆွေးနွေးပွဲကတော့ ထုတ်ဖော်လို့ မပြရင် မဖြစ်တဲ့ သာဓကတစ်ရပ်ဖြစ်ခဲ့ပါတယ်၊ ထို့မှတစ်ပါး သုဘာသုမေဓ၊ ရောဟိနီ၊ ကေလာ၊ သောမာ၊ ပဋ္ဌာစာရီ၊ မဟာပဇာပတိ စတဲ့ ဗုဒ္ဓရဲ့ တပည့်မထေရီကြီးတွေဟာ အမြဲတမ်းလူထုတစ်ရပ်လုံးကို တရားပြပြီး လူထုတစ်ရပ်လုံးရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်လျက် နေခဲ့ကြပါတယ်။

ဗုဒ္ဓရဲ့ အကြွင်းမဲ့ဖြစ်ကြတဲ့ တပည့်နဲ့ တပည့်မတွေဟာ သူတို့ရဲ့ဆရာ ဗုဒ္ဓအရှင်ပေါ်မှာ မလှုပ်မယိုင် ကြံ့ခိုင်တဲ့ ယုံကြည်ချက်ကို ထားရှိကြပါတယ်၊ သူမတူတန် အတုလံအောင် သူ့ကို ရှိသေလေးစားခဲ့ကြပါတယ်၊ သာဓက အနေဖြင့် ဗုဒ္ဓရှင် ပရိနိဗ္ဗာန်ပြုတော့မယ်လို့ ကြားလိုက်တာနဲ့ တစ်ပြိုင်နက် အချို့သောတပည့်များဟာ ရင်ဘတ်စည်တီးပြီး သည်းထန်စွာ ငိုကြွေးကြပါတယ်၊ အချို့သော တပည့်တို့သည် ဓားဖြင့် ခုတ်ဖြတ်လိုက်တဲ့ သစ်ပင်ကဲ့သို့ အရပ်ကြိုးပြတ် မြေပြင်မှာ လဲကာလူးကြ လှိမ့်ကြ ငိုပွဲဆင်ကြတယ်၊ အရှင်အာနန္ဒာသည်ပင် ကျောင်းတွင်းသို့ဝင်၍ တံခါးတိုင်ကိုကိုင်ပြီး သည်းထန်စွာငိုကြွေးခဲ့တယ်၊ အချို့သော ရဟန္တာကြီးများပင် သတိသမ္ပဇဉ်ကို ရှေ့သွားပြုလျက် ဒုက္ခကိုသည်းခံ၍ နေကြရတယ်။

## ဗုဒ္ဓ၏မိန့်ကြားချက်

ဗုဒ္ဓသည် သူ၏တပည့်တွေအပေါ်၌ သားချစ်ရာဟုပမာပြု၍ အမြဲတမ်း ကြည့်ရှုလေ့ရှိသဖြင့် တပည့်များသက်သာရစေကြောင်း ကောင်းမြတ်တဲ့ ဤသည့်စကားကို မိန့်ကြားခဲ့ပါသည်။

> "ဘယ်နှယ့်လဲ ချစ်သားတို့ ချစ်ခင်တဲ့ အရာအားလုံးနဲ့ ကွေကွင်းရလိမ့်မယ်၊ ဖြစ်လာတဲ့သဘာဝ ဟူသမျှဟာ ပျက်စီးခြင်းသာ အဆုံးရှိကြတယ်ဆိုတဲ့ စကားကို စောစောကြီးက ကြိုတင်ပြီး ငါကိုယ်တိုင်တသွင်

သွင် ဟောခဲ့သည်မဟုတ်တုံလော၊ ဖြစ်တဲ့အရာမပျက်ပါစေနဲ့လို့ ဆိုခြင်းငှာ ဘယ်မှာရကောင်းမလဲရဟန်း”

ဤသို့လျှင် ပရိနိဗ္ဗာန်ပြုခါနီးကာလအခါ၌ ဗုဒ္ဓသည် ဘိက္ခုသံဃာနဲ့ အနာဂတ်သားများရဲ့ ကောင်းကျိုးကိုလိုလားခဲ့၏။ ထို့ကြောင့် -

“ရဟန်းတို့ ငါသည် အကြင်အကြင်သို့သော တရားတို့ကို ဟောဖော်ပြသခဲ့၏၊ ထိုထိုတရားတွေကို သင်တို့သည် ကောင်းစွာသင်ယူ၍ ကျင့်သုံးကျလော့ ပွားများအားထုတ်ကြလော့ ငါတို့ဆရာဘုရား ကွယ်သွားခဲ့ပြီ၊ ငါတို့မှာဆရာ မရှိတော့ပြီဟူ၍ သင်တို့ဖြစ်ချင်ဖြစ်လိမ့်မည်၊ ချစ်သားတို့ ဤသို့ကား မဖြစ်ကြလေ့လင့်နှင့်”

“ငါသည် အကြင်ဓမ္မနှင့်ဝိနယကိုဟောခဲ့၏။ ၎င်းသည် ငါလွန်ပြီးနောက် သင်တို့ဆရာ ဖြစ်ပေလတ္တံ့ ”

ဤသို့ဖြင့် ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုခါနီးဖြစ်တဲ့ အနည်းငယ်တိုတောင်းလှတဲ့ အချိန်ကာလကလေးမှာပင် သူ့ရဲ့တပည့်များအတွက် ထူးခြားတဲ့ စကားတစ်ရပ်ကို လေးနက်စွာမိန့်ကြား ညွှန်ပြခဲ့လေသည်။

## ဗုဒ္ဓနှင့်လူ့သဘာဝ

ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်ပြုခါနီး၌ ဗုဒ္ဓသည် သူ့ရဲ့တပည့်ကြီးများအပေါ်၌ မည်မျှအလေးပြု ဂရုစိုက်ကြောင်းကို ပေါ်လွင်စေခဲ့လေသည်၊ သို့ပင်ဖြစ်စေကာမူ ၎င်းတို့သေဆုံးခြင်းဖြင့် သောက၊ ပရိဒေဝမဖြစ်ခဲ့ချေ၊ ဤကား ဗုဒ္ဓရဲ့ထူးခြားပြည့်စုံတဲ့ လူသဘာဝပင်ဖြစ်ခဲ့ချေသည်။

## ဗုဒ္ဓကျောင်းအထိမ်းအမှတ်

တခါသော် အဇာတသတ်သည် ဗုဒ္ဓရှင်တော်ကို ဖူးမြော်ရန် ဇီဝကနဲ့အတူ ကျောင်းတော်သို့သွားတဲ့အချိန်ကား ညနေချမ်းသမယပင်ဖြစ်လေသည်၊ အမှောင်ဓာတ်သည် တဖြည်းဖြည်းအားပြည့်လျှက် အမှောင်တုံးအမှောင်ခဲကြီးဖြစ်၍လာသည်မှာ ကန့်လန့်ကာမဲကြီး ကာဆီးထားသကဲ့သို့ ဖြစ်လေသည်၊ ဗုဒ္ဓရဲ့ကျောင်းတော်အနီးသို့ ချဉ်းကပ်တဲ့အခါ အဇာတသတ်မှာ ကြက်သီးမွေးညှင်းထပြီး ထိတ်လန့်သွားလေသည်။

ထိုအခါ အဇာတသတ်က ပြောသည်မှာ -

အချင်းဇီဝက သင်သည် ငါ့ကိုလိမ်ပြီး ခေါ်လာတာ မဟုတ်ဘူး မဟုတ်လား၊ ဘယ်နှယ်ကွယ် ဒီကျောင်းမှာ သံဃာတော် (၁၅၀၀)ကျော်နဲ့ ဗုဒ္ဓရှင် သီတင်းသုံးတယ်ဆိုပြီး ဒါလောက်များတဲ့သံဃာတော်တွေထဲမှာ ချောင်းဆိုးသံ၊ ချီသကလေးမှမကြားရပါကလား၊အဟုတ်မှဟုတ်ကဲ့လား၊ဇီဝကရယ်ဟု ပြောရလောက် အောင်တိတ်ဆိတ်မှုကို နှစ်သက်လေသည်။

ဇီဝကက ပြန်ပြောသည်မှာ အိုအရှင်မင်းမြတ် မကြောက်ပါနဲ့၊ ဖြောင့်ဖြောင့်ကြွတော်မူပါ။ အဲဟု မဏ္ဍပ်အတွင်း မီးကလေး လက်နေတာကို မြင်တော်မူပါစ အဲဒီနားမှာ အရှေ့တည့်တည့်လှည့်ပြီး ထိုင်နေသူဟာ ဗုဒ္ဓရှင်ပါဘဲလို့ပြပြီး လျှောက်ထားတော့မှ သက်သာရာရသွားခဲ့ဘူးလေသည်။

ယင်းသို့ဖြင့် ဆိတ်ငြိမ်မှုနဲ့ သန့်ရှင်းမှုတို့ဟာ ဗုဒ္ဓကျောင်းတော်ရဲ့ အထိမ်း အမှတ်များ ဖြစ်လေသည်။

## ငြင်းခုံမှုကို အလိုမရှိတဲ့ ဗုဒ္ဓ

ဗုဒ္ဓသည် ယခုခေတ်လူသား သာသနာပြုဆရာများကဲ့သို့ သူ့ရဲ့ဝါဒဘက်သို့ လူသားတွေကို ဆွဲရန် ထူးကဲစွာမလုံးပမ်းခဲ့ချေ၊ မှန်လှပေစွ၊ သီဟစစ်သူကြီးနဲ့ ဥပါလိသူဌေးတို့ရဲ့ အတ္ထုပတ္တိကို ထောက်ခြင်းအားဖြင့် သူ့ရဲ့ ကျယ်ပြန့် နှလုံးသားကို တွေ့မြင်လေသည်။ သူသည် ဗုဒ္ဓဝါဒီဝင်ဖြစ်ပြီးကုန်သော (ဝါ)သောတပန်အဖြစ်သို့ပင်ရောက်ပြီးကုန်သော (ဝါ) သူသေရင်လူဖြစ်နိုင်သော အကြောင်းရှိက လူသားဖြစ်တယ်လို့ အမှန်သိမြင်ပြီးဖြစ်ကုန်သော ဥပါလိနှင့် သီဟတို့အား ဗုဒ္ဓဝါဒီဝင်ဖြစ်ပြီးနောက်၌ သူတို့ရဲ့ ဆရာဟောင်းသမားဟောင်းများကို ရှေးကလို လှူတန်းပေးကမ်းခြင်းကို ရိုသေကိုင်းရှိုင်းခြင်းအမှုကို ပြုကြကုန်လောဟူ၍ အမိန့်ရှိသေသည်။

ဗုဒ္ဓရှင်သည် သူ့ရဲ့တပည့်များကိုလည်း ဤသို့ပင်ဆုံးမလေ့ရှိလေသည်၊ သူသည် မည်သည့်အယူဝါဒနှင့် ပုဂ္ဂိုလ်ကိုမျှ ကဲ့ရဲ့ပြစ်တင်လေ့မရှိချေ၊ ငြင်ခုံမှုကို အရိယ-ပရိယေသနလမ်းစဉ်၌ အမှန်ရဲ့လက္ခဏာတစ်ရပ်ဖြစ်တယ်လို့ ဘယ်အခါမျှအသိအမှတ်မပြုခဲ့ချေ၊ စဥ်းစားဆင်ခြင်မှု၊ စမ်းသပ်မှုတို့သာ အမှန်ဘက်သို့ ဆွဲဆောင်တဲ့လမ်းညွှန်များဖြစ်ကြကုန်၏ ဟုဆုံးမလေ့ရှိလေသည်၊ ဤသို့ဖြင့် ဗုဒ္ဓသည် ငြင်းခုံမှုကိုအလိုမရှိဖြစ်သည်။

## ရှင်ခြင်းထက်သေခြင်းကို မြင့်မြတ်သည်ဟုယူဆသောဗုဒ္ဓ

ဗုဒ္ဓသည် အသက်ရှင်လျက်နေမှု၌ မြင့်မြတ်လှပါ၏၊ ဒါပေမယ်လို့ သူသည် သေမှု၌ ထိုထက်ပင်ပိုမို၍ ကြီးမြင့်လှပေသည်၊ အမှန်မှာ သူ၌ သေမှုပင် မဖြစ်ခဲ့သေးချေ၊ အကယ်လို့သာ ဗုဒ္ဓသေသွားခဲ့လျှင် ဗုဒ္ဓဘာသာရဲ့ အနက်အဓိပ္ပာယ်မရှိ ဖြစ်တော့မည်၊ အကြောင်းမူကား ဗုဒ္ဓသည် မွေးခြင်း၊ အိုခြင်း၊ သေခြင်းမှ လွတ်မြောက်မှုကို ပြောပြသူဖြစ်လေသည်၊ သို့ပါလျက် သူကိုယ်တိုင်ကတော့ သေအုံးမယ်ဆိုရင် အဓိပ္ပာယ်မဲ့ချေမည် ဖြစ်သောကြောင့် တည်း၊ ဒါဖြင့်ရင်သူသည် အိုခြင်း၊ သေခြင်းမှ လွတ်မြောက်ခြင်းကို ရရှိပါရဲ့လား။

မချွတ်ဧကန် ရသူမှန်ပါသည်၊ ပြင်ပကိုပြရန် သူရဲ့ကိုယ်ကာယ ရုပ်သဘာဝ၌ အိုခြင်း၊ သေခြင်းတို့ရဲ့ နိမိတ်လက္ခဏာများ ထင်ရှားပေါ်လွင်၍ကား လာကြပါကုန်၏၊ ဒါပေမယ်လို့ သူသည် ၎င်းတို့ကို မခံစားတော့ချေ။

*ပြီးပါပြီ။*